# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၇) ရက် ၊ တနင်္ဂနွေနေ့ ၊ (12-3-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၁၆)


**ဒိုတာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာနီးနှောဖလှယ်ပွဲ(၂၀၂၃) ဖွင့်ပွဲအခမ်းအနားတက်ရောက်ဖွင့်လှစ်

**နေပြည်တော် မတ် ၁၁**

မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာနီးနှောဖလှယ်ပွဲ(၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(MICC-II)၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ကျန်းမာရေးနယ်ပယ်အသီးသီးမှ ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ ဆေးပညာရပ်ဆိုင်ရာပါမောက္ခချုပ်များနှင့်ပါမောက္ခများ၊ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများနှင့်အထူးဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌတို့က မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ(၂၀၂၃)

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**





**အမှာစကားပြောကြား**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံကျန်းမာရေး ပညာရပ်ဆိုင်ရာနီးနှောဖလှယ်ပွဲ(၂၀၂၃) ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။**




ရတနာပုံ
၂၀၁၂ ခုနှစ် မတ် ၁၂ ရက်
အယ်ဒီတာ့အာဘော်

# အသိပညာဗဟုသုတကြွယ်ဝစေရေး စာဖတ်ပေး

"စာအုပ်စာပေ လူ့မိတ်ဆွေ"ဟုဆိုထားရာ လူတိုင်းသည် စာအုပ်စာပေနှင့် ကင်းကွာမနေသင့်ဘဲ ဖတ်ရှုလေ့လာနေကြရမည်ဖြစ်သည်။ မကုန်ဆုံးနိုင်သော ဗဟုသုတအသိပညာရပ်တို့သည် စာအုပ်စာပေများမှရရှိနိုင်သည်။ ဘဝခရီးလမ်းကို လျှောက်လှမ်းကြရာတွင်လည်း မိတ်ကောင်းဆွေကောင်းများက အမြဲကူညီဖေးမခြင်းမပြုနိုင်ဘဲ စာအုပ်စာပေကဲ့သို့သော မိတ်ကောင်းဆွေကောင်းများကသာ အမြဲအတူရှိနေပြီး ဖေးမကူညီနိုင်မည်ဖြစ်သည်။ ထို့ကြောင့် စာအုပ်စာပေများကို အမြဲဖတ်ရှုလေ့လာကြရမည်ဖြစ်ပေသည်။

စာဖတ်သူသည် ဖွင့်ထားသောပြတင်းပေါက်နှင့်တူပြီး အမြဲတိုးတက်နေမည်ဖြစ်သည်။ စာမဖတ်သူတို့သည် ပိတ်ထားသောပြတင်းပေါက်နှင့်တူပြီး တိုးတက်မှုနှေးကွေးနေမည်ဖြစ်သည်။ စာဖတ်သူသည် လိမ္မာယဉ်ကျေး၍ အသိပညာဗဟုသုတကြွယ်ဝသောကြောင့် အရာရာကို စဉ်းစားဆင်ခြင်ပြောဆိုလုပ်ကိုင်နိုင်သည်။ စာမဖတ်သူသည် လိမ္မာယဉ်ကျေးမှုအားနည်းပြီး ဆင်ခြင်တုံတရားမထားဘဲ ထင်ရာမြင်ရာကို ပြောဆိုလုပ်ကိုင်တတ်ပေသည်။

ထို့ကြောင့် ကလေးများ စာဖတ်သည့်အလေ့အကျင့်ရှိရန်၊ လူငယ်များစာဖတ်ကြရန်အတွက် လူကြီးမိဘများကိုယ်တိုင်က စာပေလေ့လာဖတ်ကြရန်လိုပေသည်။ လူကြီးမိဘများကိုယ်တိုင်က စာပေလေ့လာဖတ်ရှုမှု နည်းသောကြောင့် ဗဟုသုတနည်းပါက သားသမီးများကို မည်သည့်လမ်းကောင်းကိုမျှ ညွှန်ပြနိုင်စွမ်းရှိမည်မဟုတ်ဘဲ သားသမီးတို့၏လှည့်စားခြင်းကို ခံရတတ်ပေသည်။

စာပေလေ့လာဖတ်ရှုခြင်းသည် လူတစ်ဦးကို ချက်ချင်းတိုးတက်ပြောင်းလဲသည်ဟု မဆိုသာသော်လည်း စာဖတ်အားကောင်းလာသည်နှင့်အမျှ ထိုသူ၏အတွေးအမြင်ဗဟုသုတ၊ အပြောအဆိုများ သိသိသာသာပြောင်းလဲလာနိုင်မည်ဖြစ်သည်။ တစ်နည်းအားဖြင့် လူမှုအသိုင်းအဝိုင်းအဖွဲ့အစည်းများ၌ ဝင်ရောက်ပြောဆိုရာတွင်လည်း လူအများ၏ယုံကြည်အားထားရသူအဖြစ် အသိအမှတ်ပြုခံရမည်ဖြစ်သည်။ ထို့ကြောင့် အားလပ်သည့်အချိန်များတွင် အချိန်ကို အကျိုးရှိရှိကုန်လွန်စေရန် စာများများဖတ်ကြရန်လိုပေသည်။

စာဖတ်ခြင်းသည် ဘဏ်တွင်ငွေစုထားသကဲ့သို့ အတိုးရရှိမည်ဖြစ်သည်။ ဘဏ်တွင် ငွေများများစုထားနိုင်ပါက အတိုးများများရရှိမည်ဖြစ်သည်။ ထိုနည်းတူ စာများများဖတ်ထားခြင်းသည် ဝမ်းစာစုထားခြင်းဖြစ်သည်။ အတိုးအမြတ်အနေဖြင့် မိမိဘဝကို ဆင်ခြင်နိုင်သကဲ့သို့ အမှားအမှန်ကိုခွဲခြားနိုင်မည်ဖြစ်သည်။ အမှားနည်းသူတစ်ယောက်အတွက် ဘဝတက်လမ်းမြင့်မားလာမည်ဖြစ်ပေသည်။

လူတချို့က ဘဝသင်ခန်းစာကို မိမိကိုယ်တိုင်ကြုံတွေ့ခံစားရမှ ယူတတ်ကြသည်။ အချို့သော ဘဝသင်ခန်းစာများသည် ခါးသီးလွန်းသဖြင့် နောင်တများဖြင့် အဖတ်ဆယ်ရန်ခက်ခဲလှသည်။ သို့သော် စာများများဖတ်သူ၊ စာဖတ်နာသူများအနေဖြင့် စာပေထဲမှ ဘဝသင်ခန်းစာများကိုရယူကာ အသိပညာများမြင့်မားပြီး ဘဝကို တိုးတက်ကောင်းမွန်လာအောင် ကြိုးပမ်းနိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အနာဂတ်အတွက် အရွယ်သုံးပါးအားလုံး အထူးသဖြင့် ယနေ့လူငယ်များ စာများများဖတ်ကြရန်လိုပေသည်။ သို့မှသာ စာပေလေ့လာဖတ်ရှုခြင်းမှရရှိသော ဗဟုသုတ၊ အသိပညာများမြင့်မားပြီး မိမိအကျိုး၊ အများအကျိုး၊ နိုင်ငံတော်အကျိုးအတွက် သယ်ပိုးရာတွင် အထောက်အကူပြုမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး မတ် ၁၁**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၄၂၇၅၃ ဦးလာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဒီနေ့ဟာ ရုံးပိတ်ရက်ဖြစ်တာကြောင့် ဝေရောစန ကျောက်စိမ်းစေတီတော်ကို ဘုရားဖူးတွေ နယ်စုံဒေသက လာရောက်ဖူးမြော်ကြပါတယ်။ နားနေဆောင်မှာလဲ ဝင်ရောက်နားခိုကြတာကို တွေ့ရပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးတွေမှာလဲ ဘုရားဖူးတွေ ဝင်ရောက်လိမ်းခြယ်ကြတာကို တွေ့ရပါတယ်။ ဆိုင်ခန်းတွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဘုရားဖူးတွေကလဲ အိမ်ပြန်အမှတ်တရလက်ဆောင်အဖြစ် ဝယ်ယူကြပါတယ်။ ဘုရားဖူးတွေက လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြပါတယ်" ဟု ဝေရောစနကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၈၈၅ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၄၂၁၀၄၁ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၁၀၂၇ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်တွင် ပဲလွမ်းပြာအသစ်များ ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းနေ

**မန္တလေး မတ် ၁၁**

မန္တလေးဈေးကွက်တွင် ပဲလွမ်းပြာအသစ်များ ဝင်ရောက်လာပြီး အရောင်းအဝယ် ကောင်းနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ပဲလွမ်းပြာကို ပြည်ပက ဝယ်ယူမှုများ ရှိလာကြောင်း၊ ယခင်က မန္တလေးဈေးကွက်အတွင်း ပဲလွမ်းပြာ အရောင်းအဝယ်မှာ ပုံမှန်အနေအထားတွင်သာရှိကြောင်း၊ ယခုအခါ ပဲလွမ်းပြာအသစ်များ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိမှာ ပဲလွမ်းပြာအသစ်တွေကို ပြည်တွင်းက ကုန်သည်တွေဝယ်ယူမှု တော်တော်လေးများလာပြီး ဈေးကွက်ထဲ အရင်ကထက် အရောင်းအဝယ်ပိုပြီးကောင်းလာတာကြောင့် ဈေးကောင်းပြန်ရလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် မတ်လပထမပတ်အတွင်းက ပဲလွမ်းပြာ ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ ပဲလွမ်းပြာ ဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၂၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"အခုလောလောဆယ်တော့ ပဲလွမ်းပြာအသစ်တွေ အရောင်းအဝယ်ပြန်ပြီး ကောင်းလာတယ်။ ပြည်ပဘက်ကလဲ အခုတစ်လော အဝယ်ပြန်များလာတယ်။ အရင်က ပြည်ပဘက်ကလဲ အဝယ်မရှိတာကြောင့် အရောင်းအဝယ်အေးနေခဲ့တယ်။ အခုတော့ ပဲလွမ်းပြာအသစ်တွေ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းနေပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေးဈေးကွက်အတွင်း သကြား အရောင်းအဝယ်ကောင်းလာပြီး တစ်ပိဿာလျှင် ငွေကျပ် ၂၉၃၀ ဖြင့် ဈေးကောင်းရရှိ

**မန္တလေး မတ် ၁၁**

မန္တလေး ဈေးကွက်အတွင်း သကြား အရောင်းအဝယ်ကောင်းလာပြီး တစ်ပိဿာလျှင် ငွေကျပ် ၂၉၃၀ ဖြင့် ဈေးကောင်းရရှိလာကြောင်း သကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း (မန္တလေး)ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြ၍ သိရသည်။

ပြည်တွင်းမှ ထွက်ရှိသည့် သကြားကို ပြည်ပနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံဘက်ကလည်းဝယ်ယူမှုများရှိကြောင်း၊ ယခုလတ်တလော ပြည်ပမှကုန်သည်များက သကြားဝယ်ယူမှု ပြန်လည်များပြားလာသည့်အပြင် ပြည်တွင်းဈေးကွက်အတွင်း၌ပါ သကြားဝယ်ယူမှု များပြားလာခြင်းကြောင့် သကြား ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ပြည်တွင်းမှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးကနေထွက်ရှိတဲ့ အရည်အသွေးကောင်းမွန်တဲ့သကြားတွေကို အခုလတ်တလော တရုတ်နိုင်ငံဘက်ကနေ ဈေးကောင်းပေးပြီး ဝယ်ယူမှုတွေရှိပါတယ်။ မန္တလေး ဈေးကွက်ထဲမှာတော့ သကြားက အရောင်းအဝယ် အကောင်းဆုံး အနေအထားမှာ ရှိနေပါတယ်"ဟု ဦးဝင်းဌေးက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း သကြားဈေးနှုန်းမှာ မတ်လ ပထမပတ်က တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ ပေါက်ဈေးအရ သကြားတစ်ပိဿာလျှင် ငွေကျပ် ၂၉၃၀ ဈေးရှိပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။

"သကြားကတော့ အရောင်းအဝယ်ကောင်းနေပေမဲ့ ကုန်ကြမ်းလက်ကျန်နည်းပါးသွားတာမျိုးတွေတော့ မရှိပါဘူး။ နောက်ပိုင်း ဒီထက်ပိုပြီး သကြားဝယ်ယူမှု ကောင်းလာရင်တော့ သကြားလက်ကျန်က မန္တလေးဈေးကွက်ထဲမှာ နည်းသွားနိုင်ပါတယ်"ဟု သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း(မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျိုက်လတ်မြို့နယ် ဒရယ်ချိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေး

**ကျိုက်လတ် မတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဒရယ်ချိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ရွာလယ်မွှာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၁၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ကျိုက်လတ်မြို့နယ် ဒရယ်ချိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၈၃၅၀၀၀၀၊ မွေးမြူရေးလုပ်ကိုင်သူ ၁၂၉ ဦးကို ငွေကျပ် ၂၀၀၅၀၀၀၀၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၃၂၅၀၀၀၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၇၄၀၀၀၀၀ နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၁၉၅၀၀၀၀ စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၄၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၄၁၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုလှိုင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် အမရပူရမြို့နယ် ကမ္ဘာကျေးရွာနေ ဟိုးဟိုးကျော် မိသားစုက ဦးသာညွန့်-ဒေါ်စင်ရီ၊ ကိုအောင်ဝင်းမြင့်၊ ကိုကိုညွန့် တို့အားရည်စူး၍ ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၂၀၀၀၀၀၀ စုစုပေါင်းငွေကျပ် ၂၃၀၀၀၀၀ လှူဒါန်းရာ စိမ်ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိုက်ဦးမြဝင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ကသာခရိုင်တွင် ယခုနှစ် ဖရဲသီးလှိုင်လှိုင်ပေါ်ချိန်၌ ဈေးကောင်းရရှိနေ



**ကသာ မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် ဖရဲသီးလှိုင်လှိုင်ပေါ်ချိန်၌ ဖရဲဈေးကောင်းရရှိသဖြင့် တောင်သူများ အဆင်ပြေနေကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးအေးဝင်းက ပြောပြ၍ သိရသည်။

ကသာခရိုင်တွင် ဖရဲသီးနှံကို နှစ်စဉ် ဧရာဝတီမြစ်ရေကျချိန် မြေနုကျွန်းပေါ်တွင် နိုဝင်ဘာလမှ စတင်၍ စိုက်ပျိုးကြပြီး မတ်လ၌ အသီးလှိုင်လှိုင်ပေါ်ကြောင်း၊ ယခုလက်ရှိတွင် ဖရဲသီးတစ်လုံးလျှင် ငွေကျပ် ၂၅၀၀ မှ ငွေကျပ် ၅၀၀၀ ထိ ဈေးကောင်းရရှိနေပြီး ဖရဲ တစ်ဧကလျှင် ငွေကျပ် သိန်း ၂၀ ခန့် အမြတ်ရရှိသဖြင့် တောင်သူများ အဆင်ပြေနေကြောင်း သိရသည်။

"ဖရဲသီးနှံကို ဧရာဝတီမြစ်ရေကျချိန် မြေနုကျွန်းပေါ်မှာ စိုက်ပျိုးကြတယ်။ အများဆုံးစိုက်ပျိုးတဲ့မျိုးကတော့ ၈၅၅ မျိုးဖြစ်ပါတယ်။ ဖရဲစိုက်ပျိုးတဲ့အခါ တစ်ဧကကို ပျမ်းမျှဈေးကွက်ဝင်တဲ့ဖရဲသီးအလုံး ၁၀၀၀ လောက်ရရှိပါတယ်။ စိုက်ခင်းတွေအရောက်ဝယ်ယူတဲ့ဈေးက ဖရဲသီးအကြီးတစ်လုံးကို ငွေကျပ် ၃၀၀၀၊ အသေးတစ်လုံးကို ငွေကျပ် ၂၅၀၀ နှုန်းနဲ့ဝယ်ယူကြပြီး မြို့ပေါ်ဈေးမှာ ဖရဲသီးအကြီးတစ်လုံးကို ငွေကျပ် ၅၀၀၀၊ အသေးတစ်လုံးကို ငွေကျပ် ၃၀၀၀ ထိ ဈေးကောင်းရရှိပါတယ်။ စိုက်ပျိုးစရိတ်အနေနဲ့က တစ်ဧကကို ငွေကျပ် ရှစ်သိန်းလောက်ကုန်ကျတဲ့အတွက် လက်ရှိဈေးနှုန်းအခြေအနေအရ တောင်သူတွေတွက်ခြေကိုက်တဲ့ သီးနှံဖြစ်ပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးအေးဝင်းက ပြောပြသည်။

ကသာခရိုင်တွင် ဖရဲသီးနှံ စတင်စိုက်ပျိုးချိန်မှ အသီးထွက်ရှိချိန်ထိ တစ်ဧကလျှင် ကုန်ကျစရိတ်မှာ ငွေကျပ် ရှစ်သိန်းခန့်ရှိကြောင်း၊ အဓိကစိုက်ပျိုးသည့်ဖရဲမျိုးမှာ ၈၅၅ မျိုးဖြစ်ပြီး တစ်ဧကလျှင် ဈေးကွက်ဝင်ဖရဲသီး အလုံး ၁၀၀၀ ခန့်ထိရရှိသောကြောင့် ယခုလက်ရှိဈေးကွက်အခြေအနေအရ တောင်သူများအနေဖြင့် တစ်ဧကလျှင် ငွေကျပ် သိန်း ၂၀ ခန့် အမြတ်ရရှိနေကြောင်း၊ ကသာခရိုင်တွင် ဖရဲစိုက်ပျိုးမှုအနေဖြင့် ကသာမြို့နယ်တွင် ၄၆၇ ဧက၊ ထီးချိုင့်မြို့နယ်တွင် ဧက ၂၁၀၊ အင်းတော်မြို့နယ်တွင် ဧက ၂၀၊ ဗန်းမောက်မြို့နယ်တွင် ဧက ၂၀ စုစုပေါင်းဖရဲ ၇၁၇ ဧက စိုက်ပျိုးထားပြီး ထွက်ရှိသည့်ဖရဲသီးများကို မန္တလေးဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မိုင်းလားမြို့နယ် ကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းလား မတ် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားခရိုင် မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို မတ် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းလားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးသက်ညီညီ၊ မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇာဇာရဲမောင်နှင့် ဝန်ထမ်းများက ကော်မတီဝင်များနှင့်အတူ ဝမ်ကန်ကျေးရွာ၊ ကော်နဝါးကျေးရွာနှင့် ပန်ယောင်းကျေးရွာတို့ရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်နေမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူးက လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အသင်းသား၊ အသင်းသူ ၂၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၇၇ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မိုင်းလားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးသက်ညီညီထံမှ သိရသည်။

**ချိုသန်းညွန့်**

# မိုးကောင်းမြို့နယ် ပင်းခါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိုးကောင်း မတ် ၁၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ပင်းခါးကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံများနှင့်အတူ ပင်းခါးကျေးရွာ၌ ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ကာတုံးနှင့်သဲကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရန်နှင့် ဆောင်ရွက်ပြီးစီးပါကလည်း ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရန် ဆွေးနွေးမှာကြားသည်။

ပင်းခါးကျေးရွာ၌ ကွန်ကရစ်ကာတုံးနှင့်လမ်းအရှည် ပေ ၂၇၀၀၊ အကျယ် ၁၆ ပေ၊ အမြင့် လေးလက်မရှိ သဲကျောက်ခင်းခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၅ သန်း၊ ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၄ ဒသမ ၇၁၄ သန်း စုစုပေါင်း ငွေကျပ် ၁၉ ဒသမ ၇၁၄ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ယခုနှစ် ဖေဖော်ဝါရီလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ပင်းခါးကျေးရွာရှိ အိမ်ခြေ ၁၀၆ အိမ်၊ လူ ၇၂၈ ဦးတို့အတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းက ပြောပြ၍ သိရသည်။

**သက်မာ**



# မျှော်လင့်ချက်မြင့်မားလာသည့် အရည်အသွေးမြင့်ဆီထွက်သီးနှံများထုတ်လုပ်ရေး

မျိုးသူ(ကုန်သွယ်မြှင့်)

နေ့စဉ် စားသောက်နေသောအစားအစာများတွင် ကျန်းမာရေးကိုထိခိုက်နိုင်သည့် ဓာတ်များ၊ ရောဂါပိုးမွှားများ၊ မှိုများသည် မည်မျှပါနေသည်ကို သေချာမသိရပါ။ တစ်ခုခုစားသောက်မည်ဆိုပါက ကျန်းမာရေးနဲ့ညီပါ့မလားဟုစဉ်းစားမိလျှင် စားသောက်ရန်တွန့်ဆုတ်မိသည်။ ထို့ကြောင့် မိမိစားသုံးမည့်အစားအစာကို ရွေးချယ်တတ်ရန်လိုသည်။ ဘယ်လိုရွေးရမည်ကိုလည်း သိရန်လိုသည်။ ရွေးဝယ်နိုင်သည့်ငွေရှိရန်လည်းလိုသည်။ မြန်မာနိုင်ငံတွင် ဆန်ပြီးလျှင် ဆီသည်အရေးအကြီးဆုံးစားသောက်ကုန်ဟုဆိုလျှင် မှားမည်မထင်ပါ။ အိမ်တိုင်း၏ မီးဖိုချောင်များတွင် ဆီမရှိသောမီးဖိုချောင်နည်းပါးမည်ထင်သည်။ အိမ်ရှင်မများဦးစားပေးဝယ်ယူတတ်သော စားသောက်ကုန်မှာ ဆန်နှင့်ဆီဖြစ်သည်ကို တွေ့နိုင်သည်။ ဆန်နှင့်ဆီတွင်ပါဝင်သော ဓာတုဆေးဝါးဓာတ်ကြွင်းများကို သတ်မှတ်ထားသည်ထက် ပိုမိုမပါဝင်ရန် ကြိုတင်ကာကွယ်ခြင်းကသာ အကောင်းဆုံးဖြစ်မည်ဟု ယူဆရသည်။

**အစားအသောက်**

Food ဟုခေါ်သည့် အစားအသောက်ဆိုသည်မှာ လူ၊ တိရစ္ဆာန်နှင့် အပင်တို့အတွက် လိုအပ်သည့် အာဟာရဓာတ်များကိုစားသုံးခြင်း သို့မဟုတ် အပင်အတွက် စုပ်ယူခြင်းဖြင့် စွမ်းအင်အတွက် ဖြည့်ဆည်းသည့်ပစ္စည်းများကိုခေါ်သည်ဟုဆိုသည်။ အစားအသောက်ကို စားသောက်ကြခြင်းမှာ အာဟာရလိုအပ်ချက်အတွက်ဟုဆိုသော်လည်း ယခုခေတ်တွင် အစားအစာကို မျက်စိအမြင်လှပခြင်း၊ သေသပ်စွာထုပ်ပိုးခြင်း၊ ပိုးမွှားအန္တရာယ်ကင်းစေရန်ထုပ်ပိုးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်ခြင်း စသည့်အချက်များကိုပါ ထည့်သွင်းပြီး ထုတ်လုပ်လာကြသည်ကိုတွေ့ရသည်။ အစားအစာထုတ်လုပ်သောလုပ်ငန်းရှင်များသည်လည်း အထက်ပါအချက်များကို လိုက်နာဆောင်ရွက်လာရသည်ကို တွေ့ရသည်။ အထူးသဖြင့် ကျန်းမာရေးနှင့်ညီညွတ်မှုကို များစွာအလေးထားဆောင်ရွက်လာကြသည်ကို တွေ့ရသည်။ အစားအသောက်အုပ်စုအမျိုးအစားများကို ဖော်ပြရလျှင် သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်အုပ်စု၊ ကစီဓာတ်ကြွယ်ဝသော အစားအသောက်အုပ်စု၊ နို့နှင့်နို့ထွက်ပစ္စည်းအုပ်စု၊ ပရိုတင်းအသားဓာတ်ကြွယ်ဝသောအစားအသောက်အုပ်စုနှင့် အဆီအုပ်စုဟူ၍ ငါးမျိုးရှိသည်။ အာဟာရဓာတ်ပါဝင်သော အစားအသောက်အုပ်စုများကို ခွဲခြားကြည့်မည်ဆိုလျှင် ကာဘိုဟိုက်ဒရိတ်အုပ်စု၊ အဆီအုပ်စု၊ ဗီတာမင်အုပ်စု၊ သတ္တုဓာတ်အုပ်စု၊ အမျှင်ဓာတ်များသောအုပ်စုနှင့် ရေဟူ၍ ခွဲခြားထားသည်လည်းရှိသည်။ အမျိုးအစားအားဖြင့် ၄၀ ခန့်ထိ ခွဲခြားကြသည်လည်းရှိကြောင်း သိရသည်။

**ကောင်းမွန်သောအစားအသောက်**

အစားအသောက်ကို စားသောက်ရသည်မှာ ကျန်းမာရေးနှင့် ညီညွတ်သည်ဟူသောအချက်ကို အဓိကထား၍ သိရန်လိုသည်ဟု နားလည်ကြသည်။ သို့ရာတွင် အစားအသောက်တစ်ခုကို ဈေးကွက်ထဲတွင်ဝယ်ယူသည့်အခါ စားသုံးရန်သင့်၊ မသင့်ဆိုသည်ကို မည်သည့်အချက်များကြည့်၍ လေ့လာရမည်ကိုသိရန်လိုသည်။ ဈေးကွက်ထဲတွင် ရောင်းဝယ်နေသည့် ကုန်ပစ္စည်းတိုင်းသည် ကျန်းမာရေးနှင့်ညီညွတ်ရန်၊ စားသောက်၍သင့်လျော်ရန်၊ အန္တရာယ်မဖြစ်ရန် ကုန်ထုတ်လုပ်သူတိုင်းက တာဝန်ယူရမည်ဖြစ်သည်။ ထို့ကြောင့် စားသောက်ကုန်ဆိုသည့် ကုန်ပစ္စည်းကို ကုန်ကြမ်းဘဝတွင်သာမက ကုန်ချောဖြစ်သည်ထိ အဆင့်တိုင်းအဆင့်တိုင်းတွင် ကောင်းမွန်သန့်ရှင်းစွာ ထုတ်လုပ်မှသာ ကျန်းမာရေးနှင့်ညီညွတ်ပြီး စားသုံးရန်သင့်လျော်သည့် အစားအသောက်များဖြစ်လာနိုင်သည်။ စားသောက်ကုန်များကို စားသုံးရန်မသင့်ခြင်း၊ ဆိုးဆေးများပါဝင်ခြင်း စသောအချက်များကြောင့် ဈေးကွက်အတွင်းတွင် လိုက်လံသိမ်းဆည်းနေရသည်မှာ များစွာလက်ဝင်၍ လုပ်ကိုင်ရခက်ခဲတတ်သည်။ အသေချာဆုံးမှာ ထုတ်လုပ်လိုက်သည့် စားသောက်ကုန်သည် ကျန်းမာရေးနှင့်ညီညွတ်မှုရှိ၊ မရှိကို စက်ရုံမှထုတ်လုပ်သည်နှင့်တစ်ပြိုင်နက် စစ်ဆေးပြီးဖြစ်လျှင် အကောင်းဆုံးဖြစ်မည်ဟု သုံးသပ်မိသည်။

**ကုန်ကြမ်းများ ကောင်းမွန်သန့်ရှင်းရေး**

အစားအသောက်များကိုကြည့်လျှင် များသောအားဖြင့် လယ်ယာထွက်ကုန်များသည် အစားအသောက်ကုန်ကြမ်းများဖြစ်လာသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် လယ်ယာထွက်ကုန်သီးနှံများကို စတင်စိုက်ပျိုးသည်မှ ထွက်ရှိသည့်အချိန်ထိ ကောင်းမွန်သန့်ရှင်းရေး၊ အရည်အသွေးကောင်းမွန်ရေးတို့ကို သေချာကြပ်မတ်နိုင်ရန်၊ စိုက်ပျိုးထုတ်လုပ်သူများကိုယ်တိုင်လုပ်ဆောင်နိုင်ရန် လိုအပ်သည်။ ထို့ကြောင့် Good Agricultural Practice (GAP) ဟူသော အလေ့အကျင့်ကောင်းကို တောင်သူများဆောင်ရွက်နိုင်ရန် ထုတ်ပြန်နေကြခြင်းဖြစ်သည်။ ထိုအလေ့အကျင့်ကောင်းများကို စိုက်ပျိုးသူများလိုက်နာနိုင်လျှင် ကုန်ကြမ်းကောင်းများရရှိလာမည်ဟု ယုံကြည်မိသည်။ စိုက်ပျိုးသူများထံမှ အရည်အသွေးကောင်းသီးနှံကို ရရှိလာပါက အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းစေသည့်အချက်များနှင့်ညီညွတ်အောင် ကြိတ်ခွဲထုတ်လုပ်နိုင်လျှင် ဘေးကင်းသည့်အစားအသောက်ကို ရရှိမည်ဖြစ်သည်။

> ❖ စားသုံးသူများ၏ အစားအစာအပေါ် မြင့်မားလာသောမျှော်လင့်ချက်များပြည့်ဝရန်အတွက် စိုက်ပျိုးထုတ်လုပ်သူတောင်သူများနှင့် ပါဝင်သူများ၊ ဝယ်ယူရေး၊ သယ်ယူရေး၊ သိုလှောင်ရေး၊ ကြိတ်ခွဲရေးနှင့် ဖြန့်ဖြူးရေး စသည့် လယ်ယာလုပ်ငန်းခွင်မှ စားသုံးသူပါးစပ်အတွင်းသို့ ထည့်သွင်းချိန်ထိ အဆင့်ဆင့်သောလုပ်ငန်းများအားလုံးတွင် အရေးတကြီးလိုအပ်သည်မှာ သန့်ရှင်းရေး၊ ပိုးမွှားကင်းစင်ရေး၊ ရောဂါကင်းစင်ရေးကိစ္စများပင်ဖြစ်သည်ကို သတိပြုပြီး ပြည်တွင်းဆီထုတ်လုပ်သူများအနေဖြင့် ကိုယ်တိုင် ဈေးကွက်မှဝယ်ယူပြီး ကြိတ်ခွဲ၍ ဆီရောင်းချနိုင်ရန်အတွက်သာမက တန်ဖိုးကွင်းဆက်တစ်လျှောက် ပါဝင်သောအဆင့်တိုင်းတွင် အရည်အသွေးကို ထိန်းသိမ်းရန်လိုအပ်သည်။ ❖

**အပင်ပိုးမွှားရောဂါဆိုင်ရာတားမြစ်ချက်များ လိုက်နာရေးကိစ္စ**

သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရာတွင် အပင်ရောဂါ၊ အပင်ပိုးမွှားများမဖြစ်စေရန်နှင့် သီးနှံတွင်ပါဝင်လာခြင်းမရှိစေရန် စိုက်ပျိုးချိန်မှစ၍ တားမြစ်ချက်များကို လိုက်နာရသည်ဟုသိရှိရသည်။ လက်ရှိအခြေအနေများတွင် တောင်သူများသည် စိုက်ပျိုးထုတ်လုပ်ရန်အတွက် အခက်အခဲများကြုံတွေ့နေပြီး စိန်ခေါ်မှုအမျိုးမျိုးကိုရင်ဆိုင်နေရသည့်အခါ အဆိုပါအခက်အခဲများ၊ စိန်ခေါ်မှုများကို ကျော်လွှားမည့်အစား သက်သာသလိုနေထိုင်လိုက်ခြင်းက သီးနှံအတွက် ဆုတ်ယုတ်မည်ဖြစ်သော်လည်း ငွေကြေးရင်းနှီးရမှု၊ ကြိုးစားအားထုတ်ရမှုများတွင် သက်သာသဖြင့် ထိုကဲ့သို့ပင် နေထိုင်လာကြသည်ကို တွေ့ရသည်။ ထိုသို့ ကြိုးပမ်းအားထုတ်ရန် ခက်ခဲသည်ကို တတ်နိုင်သမျှကြိုးစားကျော်လွှားရန် လိုအပ်မည်ဖြစ်သည်။ ခက်ခက်ခဲခဲဆောင်ရွက်ရခြင်းမျိုးမဟုတ်သည့် စာရင်းမှတ်သည့်ကိစ္စမျိုးကို အလေ့အကျင့်လုပ်ယူခြင်းဖြင့် တိုးတက်မှုရရှိလာနိုင်သည်။ ထို့ပြင် မိမိတို့အိမ်တွင် အစားအစာစားသုံးသည့်အခါ ကျင့်သုံးသကဲ့သို့ သန့်ရှင်းသောလက်သည်လည်း သီးနှံများကိုင်တွယ်ရာတွင် အရေးပါသည်ကိုတွေ့နိုင်သည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့်အခါတွင်လည်း တစ်ကိုယ်ရေသန့်ရှင်းရေး၊ လက်သန့်စင်ရေးများသည် အလွန်အရေးပါသည်ကို တွေ့လာရသည်။ ထို့ကြောင့် အပင်ပိုးမွှားရောဂါကင်းရှင်းမှသာ စားသုံးသည့်လူများထံ ရောဂါများမရောက်လာမည်ကိုသတိပြုပြီး သီးနှံစိုက်ပျိုးထုတ်လုပ်ကိုင်တွယ်သူများသည် သန့်ရှင်းရေးကို အထူးသတိပြုရန်လိုအပ်သည်။ အစားအစာများတွင် လူတို့ကို အန္တရာယ်ဖြစ်စေသောအရာများသည် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် သီးနှံများတွင် ပါဝင်လာတတ်သည်။ အန္တရာယ်ဖြစ်စေသောအရာသုံးမျိုးမှာ ဓာတုပစ္စည်းများ၊ သက်ရှိအဏုဇီဝပိုးမွှားများနှင့် သက်မဲ့ရုပ်ဝတ္ထုပစ္စည်းများဖြစ်ကြသည်။

**ဆီထွက်သီးနှံ**

နေကြာ၊ မြေပဲနှင့် နှမ်းသုံးမျိုးသည် မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်သည့် ဆီထွက်သီးနှံများတွင် အဓိကသုံးမျိုးဖြစ်သည်။ စိုက်ပျိုးထားသောသီးနှံများ၏ မြေကြီးနှင့်နီးခြင်း၊ ဝေးခြင်းသည်လည်း အန္တရာယ်ဖြစ်နိုင်ခြေနှင့်ဆက်စပ်နေသည်။ ဆိုလိုသည်မှာ မြေကြီးထဲတွင်ကြီးသည့် မြေပဲသည် မြေကြီးနှင့် အနည်းငယ်ဝေးသည့် နှမ်းနှင့်နေကြာထက် အန္တရာယ်ဖြစ်နိုင်ခြေပိုများသည်။ နှမ်းသည် နေကြာထက် မြေကြီးနှင့်နီးသဖြင့် အန္တရာယ်ဖြစ်နိုင်ခြေပိုများသည်။ နေကြာသည် နှမ်းနှင့် မြေပဲထက် အန္တရာယ်ဖြစ်နိုင်ခြေနည်းသည်ဟုဆိုနိုင်သည်။ ထို့ပြင် သီးနှံ၏မျက်နှာပြင်ချောမွေ့ခြင်းသည်လည်း အန္တရာယ်ဖြစ်နိုင်ခြေနှင့် သက်ဆိုင်သည်။ သီးနှံကို စားသုံးသည့်ဓလေ့တွင်လည်း သီးနှံအဖြစ် အစိမ်းစားသုံးသည်ထက် ဆီအဖြစ်ချက်ပြုတ်စားသောက်သည်က အန္တရာယ်ဖြစ်နိုင်ခြေနည်းသည်ဟု သိရသည်။ မြေပဲနှင့်နှမ်းသည် နေကြာထက် အန္တရာယ်ပိုမိုဖြစ်စေနိုင်သည်။ မြေသြဇာအလွန်အကျွံသုံးစွဲမှုများ၊ စိုက်ပျိုးရေးသုံးဓာတုဆေးများနှင့် အခြားဆေးများသုံးစွဲရာတွင်လည်း သတ်မှတ်ချက်များအတိုင်းသာ ဆောင်ရွက်သင့်သည်။ နားလည်တတ်ကျွမ်းသူများနှင့်တိုင်ပင်ပြီးမှသာ သုံးစွဲသင့်သည်။ စည်းမျဉ်းစည်းကမ်းများကို တိတိကျကျလိုက်နာသင့်သည်။ ဥပမာ- နေကြာပန်းပွင့်ချိန်တွင် ပိုးသတ်ဆေးများကို အသုံးမပြုရဟုသိရသည်။ အဘယ်ကြောင့်ဆိုသော် ပိုးသတ်ဆေးသုံးထားခြင်းသည် ပျားနှင့်အခြားဝတ်မှုန်ကူးခြင်းကိစ္စကို လျော့ကျစေပြီး အစေ့တင်မှုကိုပါလျော့နည်းစေသည်ဟု သိရသည်။ နေကြာသီးနှံသည် စိုက်ပျိုးချိန်မှစ၍ သေချာစီမံခန့်ခွဲရန်လိုသည်ဟုဆိုသည်။ ပန်းမပွင့်မီနှင့် ပန်းများများပွင့်ချိန်များတွင် အစိုဓာတ်လုံလောက်စွာရရှိစေရန် စနစ်တကျရေသွင်းပေးရမည်ဟုဆိုသည်။ ပန်းပွင့်ချိန်များတွင် စိုက်ခင်းအတွင်း အကူအညီဖြစ်အောင် ပျားပုံးများထားပေးရန်လိုအပ်သည်။ ငှက်များနှင့် ကြွက်များသည်လည်း နေကြာသီးနှံကို ဖျက်ဆီးနိုင်သည့်အတွက် ကောင်းမွန်သောသီးနှံတစ်ခုရရှိရန်လည်း သတိပြုရသည်။ နေကြာဖြစ်စေ၊ မြေပဲဖြစ်စေ၊ နှမ်းသီးနှံဖြစ်စေ သုံးစွဲမည့် စိုက်ပျိုးရေးသုံးကိရိယာများနှင့် အခြားဆက်စပ်ပစ္စည်းကိရိယာများကို ကိုင်တွယ်သုံးစွဲရာတွင်လည်း ဂရုစိုက်ရသည်။

မြေပဲသီးနှံအတွက် Mycotoxin မှိုအပါအဝင် ရောဂါပိုးမွှားမရှိနိုင်သောမြေ၊ ရောဂါပိုးမဝင်နိုင်သောမြေကို ရွေးချယ်စိုက်ပျိုးနိုင်ရန် လိုအပ်သည်။ Mycotoxin မှိုမဖြစ်စေရန်အတွက် အခြားသီးနှံများနှင့် အလှည့်ကျစိုက်ပျိုးသည့်စနစ်ကိုသုံးစွဲခြင်းဖြင့် မြေကြီးအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေသည်။ မှိုသည် သိုလှောင်စဉ် အစိုဓာတ်နှင့်လည်း သက်ဆိုင်သဖြင့် အထူးသတိပြုရသည်။ မြေပဲတွင် မှိုကျရောက်နေပါက မှိုပါသောမြေပဲကိုကြိတ်ခြင်းဖြင့် မြေပဲဆီထဲတွင် အဆိုပါမှိုဆိပ်သည် ပါဝင်သွားမည်ဖြစ်သည်။ ထိုသို့ပါဝင်သွားလျှင် မြေပဲဆီ၏အရည်အသွေးကို ထိခိုက်မည်ဖြစ်ပြီး စားသုံးသူအတွက် အစားအစာအာဟာရမဖြစ်စေဘဲ ရောဂါကိုသာပေးသည့် အစားအစာဖြစ်သွားမည်။ ထို့ကြောင့် မြေပဲဆီသည် စားသုံးရန်ကောင်းမွန်သည်ဆိုသည်မှာ မှိုဆိပ်ကင်းစင်သောအရည်အသွေးကောင်းသည့် မြေပဲဆီမျိုးဖြစ်ရန်လိုအပ်သည်။ သီးနှံအလှည့်ကျစိုက်ပျိုးခြင်းကို မြန်မာနိုင်ငံအတွက် မဖြစ်မနေသုံးစွဲရမည့်နည်းလမ်းတစ်ခုအဖြစ် ဆောင်ရွက်ကြရန်လိုအပ်သည်။ ထို့ပြင် မြေပဲသီးနှံအတွက် ရေသွင်းစိုက်ပျိုးသည့်အခါများတွင် ရေ၏အရည်အသွေးသည်လည်း အရေးကြီးသည်ဟု သိရသည်။ အထူးသဖြင့် ရေလှောင်ကန်များနှင့် မြေအောက်ရေသုံးစွဲရလျှင် အရည်အသွေးစစ်ရန် ပိုမိုလိုအပ်သည်။ သွင်းအားစုများဖြစ်သည့် မျိုးစေ့၊ မြေသြဇာနှင့် မြေဆီလွှာဖြည့်စွက်ပစ္စည်းများကိုလည်း သတိပြုသုံးစွဲရမည်ဖြစ်သည်။

**မြင့်မားလာသည့်မျှော်လင့်ချက်များပြည့်ဝရေး**

မူရင်းကောင်းမှ မိတ္တူကောင်းသည်ဟူသောစကားကိုပြောတတ်ကြသည်။ ထိုစကားအတိုင်းပင် အစားအသောက်များကောင်းရန်မှာ မူလသီးနှံတွင်ပြည့်စုံသောအာဟာရဓာတ်နှင့် အရည်အသွေးမျိုးရှိရန်၊ အပင်ပိုးမွှားရောဂါကင်းရှင်းရန် အထူးလိုအပ်သည်။ ထို့ကြောင့် စားသုံးသူများ၏ အစားအစာအပေါ် မြင့်မားလာသော မျှော်လင့်ချက်များပြည့်ဝရန်အတွက် စိုက်ပျိုးထုတ်လုပ်သူတောင်သူများနှင့် ပါဝင်သူများ၊ ဝယ်ယူရေး၊ သယ်ယူရေး၊ သိုလှောင်ရေး၊ ကြိတ်ခွဲရေးနှင့် ဖြန့်ဖြူးရေး စသည့် လယ်ယာလုပ်ငန်းခွင်မှ စားသုံးသူပါးစပ်အတွင်းသို့ ထည့်သွင်းချိန်ထိ အဆင့်ဆင့်သောလုပ်ငန်းများအားလုံးတွင် အရေးတကြီးလိုအပ်သည်မှာ သန့်ရှင်းရေး၊ ပိုးမွှားကင်းစင်ရေး၊ ရောဂါကင်းစင်ရေးကိစ္စများပင်ဖြစ်သည်ကို သတိပြုပြီး ပြည်တွင်းဆီထုတ်လုပ်သူများအနေဖြင့် ကိုယ်တိုင်ဈေးကွက်မှဝယ်ယူပြီး ကြိတ်ခွဲ၍ ဆီရောင်းချနိုင်ရန်အတွက်သာမက တန်ဖိုးကွင်းဆက်တစ်လျှောက် ပါဝင်သောအဆင့်တိုင်းတွင် အရည်အသွေးကို ထိန်းသိမ်းရန်လိုအပ်သည်။ သို့မှသာ စားသုံးသူများ မျှော်လင့်သည့် ကျန်းမာရေးနှင့်ညီညွတ်ပြီး အနာရောဂါဘေးမှကင်းဝေးသည့် စားသုံးဆီများကို ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ဆီဖြစ်ပြီးရောဟု ကြိတ်ခွဲထုတ်လုပ်ခြင်းသည် ဆီ၏တန်ဖိုးကို များစွာကျဆင်းစေသည်ကို သတိပြုနိုင်ရန်နှင့် တန်ဖိုးကွင်းဆက်တစ်လျှောက်လုံးသတိပြုနိုင်ရန် တင်ပြလိုက်ရပါသည်။

# ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

(ခ) ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ပိုးကိုက်ပန်းသီး

\- ဤနေရာ၌
လိမ္မာတတ်ပွန် ဤသူချွန်၏
လွန်၍အခြား မှတစ်ပါးဝယ်
အားသာမှုကင်း ဤသူဖျင်း။

\- ထိုနေရာ၌
လိမ္မာတတ်ပွန် ထိုသူချွန်၏
လွန်၍အခြား မှတစ်ပါးဝယ်
အားနည်းချွတ်ချော် သူမတော်။

\- ဤဇမ္ဗူဝယ်
လူသားတစ်ခု ဖြစ်တည်မှုကား
သူ့မှာကိုယ်၌ စွေ့ငုလိုက်သော်
ပိုးကိုက်ပန်းသီး ပမာတည်း။

\- ပန်းသီးပိုးကိုက် မပစ်လိုက်နှင့်
ကြံခိုက်ခွင့်လမ်း မြည်းကြည့်စမ်းပါ
တစ်ခြမ်းချို၏ ရသာရှိ။ ။

**ချစ်စုအောင်**

## ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**ပဲခူး မတ် ၁၁**

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို မတ် ၃၀ ရက်မှ ဧပြီ ၈ ရက်ထိ ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ရွှေမော်ဓောစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ မတ် ၁၀ ရက် သတင်းများအရ သိရသည်။

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို (၂၆၀၅) ကြိမ်မြောက်အဖြစ် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ပွဲတော်ကျင်းပသည့်ကာလမှာ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလနှင့် နီးကပ်လျက်ရှိကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ ဒေသအသီးသီးမှဘုရားဖူးများမှာ သင်္ကြန်ပိတ်ရက်များတွင် လာရောက်ဖူးမြော်ကြသည်။

ပဲခူးမြို့နယ်၏ ပတ်ဝန်းကျင်ဒေသများနှင့် ပတ်ဝန်းကျင်မြို့နယ်ဒေသများမှလည်း ရိုးရာအစဉ်အလာများအတိုင်း နွားလှည်း၊ ကျွဲလှည်းများဖြင့် ညည်အိပ်ညည်နေ၊ ပွဲတော်သို့ လာရောက်လည်ပတ်ဖူးမြော်ကြည်ညိုကြသည်။

ရှေးမြန်မာ့ဘုရားပွဲတော်များတွင် တွေ့မြင်ရလေ့ရှိသည့် ရိုးရာလှည်းဝိုင်းများ စနစ်တကျနားနေထားရှိပုံများကိုလည်း အဆိုပါဘုရားပွဲတော်တွင် တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဘုရားပွဲတော်တွင် ဇာတ်ပွဲများ၊ အငြိမ့်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကိုလည်း ထည့်သွင်းကျင်းပလေ့ရှိပြီး ပွဲတော်ကာလမှာလည်း ၁၀ ရက်ထိရက်ရှည်ကျင်းပပြုလုပ်လေ့ရှိသည်။

အဆိုပါပွဲတော်သည် မြန်မာနိုင်ငံရှိ ဘုရားပွဲတော်များအနက် အစည်ကားဆုံးပွဲတော်များတွင် ပါဝင်နေကြောင်း သိရသည်။ **ချမ်းချမ်း**



## ကွတ်ခိုင်မြို့နယ် လွယ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကွတ်ခိုင် မတ် ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်ခရိုင် ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွယ်ကန်ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို မတ် ၁၀ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွတ်ခိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးယိုင်ဆိုင်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေမည့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များအနေဖြင့် မိမိတို့ကျေးရွာရှိ ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဖော်ဆောင်ရာ၌ ရန်ပုံငွေ လေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီများထံ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကွတ်ခိုင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက လွယ်ကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၆၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

## ချောက်မြို့နယ် ကျွဲတပ်ရွာမကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းနေမှု စစ်ဆေး

**ချောက် မတ် ၁၁**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွဲတပ်ရွာမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းနေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျွဲတပ်ရွာမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းနေမှု အခြေအနေကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များကို လုပ်ငန်းများအားလုံး သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်မှာကြားသည်။

ချောက်မြို့နယ် ကျွဲတပ်ရွာမကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ အဆိုပါစီမံကိန်းအတိုးရငွေမှ ငွေကျပ် ၁၆ ဒသမ ၈ သန်းဖြင့်အရှည် ၆၂၂၅ ပေရှိ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းကို ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၉၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း သွယ်တန်းပြီးစီးပါက ကျွဲတပ်ရွာမကျေးရွာရှိ အိမ်ခြေ ၂၂၅ အိမ်၊ လူ ၉၈၅ ဦးအတွက် လျှပ်စစ်ဓာတ်အားရရှိပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်ကြောင်း ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အထွေး**



# နိုင်ငံတကာ သတင်းများ

## တရုတ်နိုင်ငံ၏ညှိနှိုင်းပေးမှုကြောင့် သံတမန်ဆက်ဆံရေး ပြန်လည်ထားရှိရန် အီရန်နိုင်ငံနှင့်ဆော်ဒီအာရေဗျနိုင်ငံတို့ သဘောတူ



**ပေကျင်း မတ် ၁၁**

နှစ်နိုင်ငံကြား ပုံမှန်သံတမန်ဆက်ဆံရေး ပြန်လည်ထားရှိရန် အီရန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့က မတ် ၁၀ ရက်တွင် သဘောတူညီခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အီရန်နှင့်ဆော်ဒီအာရေဗျနိုင်ငံတို့သည် နှစ်နိုင်ငံပုံမှန်သံတမန်ဆက်ဆံရေး ပြန်လည်ထားရှိရေးဆိုင်ရာ သဘောတူညီချက်ကို တရုတ်နိုင်ငံ၏ ကြားဝင်ညှိနှိုင်းပေးမှုဖြင့် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသ ပြိုင်ဘက်နှစ်နိုင်ငံဖြစ်သည့် အီရန်နှင့် ဆော်ဒီအာရေဗျတို့သည် အဆိုပါသဘောတူညီချက် ရရှိရေးအတွက် တရုတ်နိုင်ငံ ပေကျင်းမြို့၌ လေးရက်ကြာ ဆွေးနွေးခဲ့ကြရကြောင်း သိရသည်။

ယင်းသဘောတူညီချက်အရ အီရန်နှင့်ဆော်ဒီအာရေဗျတို့သည် သံတမန်ဆက်ဆံရေး ပြန်လည်စတင်ရန်နှင့် နှစ်လအတွင်း သံရုံးများ ပြန်လည်ဖွင့်လှစ်ရန် သဘောတူထားကြောင်း တရုတ်-အီရန်-ဆော်ဒီအာရေဗျ သုံးနိုင်ငံပူးတွဲကြေညာချက်၌ ဖော်ပြထားသည်။

ရှီးယိုက်စ် တရားဟောဆရာတစ်ဦးကို ဆော်ဒီအစိုးရက ကွပ်မျက်ခဲ့မှုနှင့်ပတ်သက်၍ နှစ်နိုင်ငံကြား အငြင်းပွားခဲ့ရပြီး တီဟီရန်မြို့ရှိ ဆော်ဒီသံရုံးတိုက်ခိုက်ခံခဲ့ရပြီးနောက် ဆော်ဒီအာရေဗျနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် အီရန်နိုင်ငံနှင့် သံတမန်ဆက်ဆံရေး ဖြတ်တောက်ခဲ့သည်။

နောက်ပိုင်းကာလများအတွင်း အီရန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ကြား ရန်လိုအားပြိုင်မှုများသည် ပင်လယ်ကွေ့ဒေသ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ခြိမ်းခြောက်ခဲ့ကြောင်း သိရသည်။ KKO

## တရုတ်နိုင်ငံဝန်ကြီးချုပ် ရာထူးကို လီချန်းရရှိ

**ပေကျင်း မတ် ၁၁**

ယနေ့တွင် ကျင်းပခဲ့သည့် တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်ညီလာခံတွင် ကွန်မြူနစ်ပါတီပေါ်လစ်ဗျူရိုအမြဲတမ်းကော်မတီဝင် လီချန်းသည် တရုတ်ဝန်ကြီးချုပ်ရာထူးကို ရရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရှန်ဟိုင်းကွန်မြူနစ်ပါတီအကြီးအကဲဟောင်း လီချန်းကို တရုတ်ဝန်ကြီးချုပ်သစ်အဖြစ် သမ္မတရှီကျင့်ဖျင်က အမည်စာရင်းတင်သွင်းခဲ့ပြီး အမျိုးသားပြည်သူ့ကွန်ဂရက် ကိုယ်စားလှယ်များက အတည်ပြုပေးခဲ့ကြသည်။

လီချန်းအား တရုတ်ဝန်ကြီးချုပ်သစ်အဖြစ် အမည်စာရင်းတင်သွင်းမှုကို အမျိုးသားပြည်သူ့ကွန်ဂရက်ကိုယ်စားလှယ်ပေါင်း ၂၉၃၆ ဦးတို့က ထောက်ခံမဲပေးခဲ့ကြပြီး ကန့်ကွက်မဲပေးသူ သုံးဦးနှင့် ပါဝင်မဲပေးခြင်းမရှိသူ ရှစ်ဦးတို့ ရှိကြောင်း သိရသည်။

လီချန်းသည် ကိုဗစ်-၁၉ရောဂါကူးစက်မှု လုံးဝကင်းစင်ရေးမူဝါဒအရ ပြီးခဲ့သည့်နှစ်အတွင်း ရှန်ဟိုင်းမြို့အား နှစ်လပိတ်ထားရာတွင် အဓိက ဦးဆောင်ကြီးကြပ်ခဲ့သူဖြစ်သည်။

တရုတ်ဝန်ကြီးချုပ်သစ် အနေဖြင့် လီချန်းသည် တရုတ်နိုင်ငံ၏ စီးပွားရေးကို ဦးဆောင်ပေးရတော့မည်ဖြစ်သည်။

ယူကရိန်းပြဿနာ၊ တရုတ်(တိုင်ပေ)ပြဿနာများကို အကြောင်းပြု၍ အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာနေချိန်တွင် တရုတ်ဝန်ကြီးချုပ်ရာထူးကို သမ္မတ ရှီကျင့်ဖျင်၏ လူယုံတစ်ဦးဖြစ်သော အသက် ၆၃ နှစ်အရွယ် လီချန်းက ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO



## ယီမင်ကမ်းလွန်ရေနံတင်သင်္ဘောပျက်မှ ရေနံစိမ်းများကို သိုလှောင်ရန် ရေနံတင်သင်္ဘောတစ်စီး ကုလသမဂ္ဂဝယ်ယူ

**နယူးယောက် မတ် ၁၁**

ယီမင်ကမ်းရိုးတန်းကမ်းလွန်၌ ဆွေးမြည့် ပျက်စီးနေပြီဖြစ်သော ရေနံတင်သင်္ဘောတစ်စီးမှ ထုတ်ယူရရှိမည့်ရေနံစိမ်းများကို သိုလှောင်ရန် ကုလသမဂ္ဂက အရွယ်အစားကြီးမားသော ရေနံတင်သင်္ဘောတစ်စီး ဝယ်ယူထားရကြောင်း ရိုက်တာသတင်းဌာနက မတ် ၁၀ ရက်တွင် ဖော်ပြခဲ့သည်။

ဆွေဖာအမည်ရှိ ပျက်စီးနေပြီဖြစ်သော အဆိုပါရေနံတင်သင်္ဘောမှ လောင်စာဆီနှင့် ရေနံစိမ်းများယိုဖိတ်ခဲ့ပါက ပင်လယ်နီဒေသနှင့် ယီမင်ကမ်းရိုးတန်းတစ်လျှောက် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ ပေါ်ပေါက်လာနိုင်ကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက ရှေးယခင်ကပင် သတိပေးထားသည်။

လက်ရှိအချိန်တွင် ဆွေဖာရေနံတင်သင်္ဘောပေါ်မှ ရေနံစိမ်းစည်ပေါင်း ၁ ဒသမ ၁ သန်းကို သိုလှောင်ထားနိုင်ရန် ရေနံတင်သင်္ဘောတစ်စီးဝယ်ယူထားသည်ဟု ယီမင်အခြေစိုက်ကုလသမဂ္ဂတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

ဆွေဖာရေနံတင်သင်္ဘောပေါ်မှ ရေနံစိမ်းများ ယိုဖိတ်ခဲ့ပါက ရေနံစိမ်း ရှင်းလင်းရေးလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ထိ ကုန်ကျနိုင်ကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားသည်။

ယီမင်ကမ်းလွန်တွင် ကျောက်ချထားသည့် ဆွေဖာရေနံတင်သင်္ဘောကို ယခင်က ရေပေါ်ရေနံစိမ်းသိုလှောင်ရေးစခန်းအဖြစ် အသုံးပြုခဲ့သော်လည်း ယင်းရေနံတင်သင်္ဘော ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ယီမင်ပြည်တွင်းစစ်ကြောင့် ၂၀၁၅ ခုနှစ်မှစ၍ ရပ်ဆိုင်းထားခဲ့ရကြောင်း သိရသည်။ KKO

## ဂျာမနီ၌ဆေးဆိုင်တစ်ဆိုင်အတွင်း ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသူများကို အထူးတပ်ဖွဲ့ ကယ်ထုတ်

**ဘာလင် မတ် ၁၁**

ဂျာမနီနိုင်ငံ အနောက်တောင်ပိုင်း ကားလ်စရူးဟီးမြို့အမည်ရှိ ဆေးဆိုင်တစ်ဆိုင်၌ အမျိုးသားတစ်ဦးက လူအချို့ကို နာရီအတန်ကြာမျှဓားစာခံအဖြစ် ဖမ်းဆီးထားရာ အထူးတပ်ဖွဲ့တစ်ဖွဲ့က ဝင်ရောက်စီးနင်း၍ ဓားစာခံများကို ကယ်ထုတ်ခဲ့ရကြောင်း ရိုက်တာသတင်းဌာနက မတ် ၁၀ ရက်တွင် ဖော်ပြခဲ့သည်။

မတ် ၁၀ ရက်တွင် ဖြစ်ပွားခဲ့သည့် အဆိုပါဖြစ်စဉ်အတွင်း ဓားစာခံ ဖမ်းဆီးထားသူအဖြစ် ယူဆရသော အမျိုးသားကို ဂျာမနီရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဓားစာခံများ ရှိနေသည့် ဆေးဆိုင်အတွင်း အထူးတပ်ဖွဲ့ဝင်များ ဝင်ရောက်စဉ် ပေါက်ကွဲသံများထွက်ပေါ်ခဲ့ကြောင်း သိရသည်။

ဓားစာခံကယ်ထုတ်မှုလုပ်ငန်းစဉ်အတွင်း ထိခိုက်ဒဏ်ရာရသူမရှိခဲ့ကြောင်း ဂျာမနီရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ဓားစာခံကယ်ထုတ်မှုဖြစ်စဉ်သည် မတ် ၉ ရက်က ဟမ်းဘတ်မြို့၌ သေနတ်ပစ်ခတ်မှုတစ်ခုကြောင့် လူခုနစ်ဦးသေဆုံးခဲ့ပြီးနောက် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

လက်နက်ကိုင်ဆောင်ခွင့်ဥပဒေများကို တင်းကျပ်စွာကျင့်သုံးသည့် ဂျာမနီနိုင်ငံ၌ သေနတ်ဖြင့် အကြမ်းဖက်မှုများမှာ ရှားပါးလှသည့်ဖြစ်စဉ်များ ဖြစ်ကြကြောင်း သိရသည်။

KKO

## အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အီသီယိုးပီးယားနှင့် နိုင်ဂျာနိုင်ငံတို့သို့ သွားရောက်မည်

**ဝါရှင်တန် မတ် ၁၁**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်သည် လာမည့်ရက်သတ္တပတ်အတွင်း အီသီယိုးပီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်ဟု ရိုက်တာသတင်းဌာနက မတ် ၁၀ ရက်တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

တီဂရေးဒေသ၌ နှစ်နှစ်ကြာ စစ်ရေးပဋိပက္ခများ ပေါ်ပေါက်ပြီးနောက် ငြိမ်းချမ်းရေးသဘောတူညီချက် အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်ကို နိုင်ငံတကာက စောင့်ကြည့်နေစဉ် အီသီယိုးပီးယားသို့ သွားရောက်ရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက စီစဉ်ထားခြင်းဖြစ်သည်။






အန်တိုနီဘလင်ကန်၏ခရီးစဉ်သည် တီဂရေးဒေသ၌ ပြည်ပတပ်များရှိနေချိန်၊ ဖျူရိုကရေစီစနစ်ကြောင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်မှုလုပ်ငန်းစဉ်များ အဟန့်အတားကြုံနေရချိန်နှင့် တိုက်ဆိုင်လျက်ရှိသည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၃ ရက်တွင် စတင်ဖြစ်ပွားခဲ့ပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ပြီးဆုံးခဲ့သော တီဂရေးဒေသ စစ်ရေးပဋိပက္ခများကြောင့် လူထောင်ပေါင်းများစွာ သေဆုံးခဲ့ရသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်သည် အီသီယိုးပီးယားခရီးစဉ်ပြီးဆုံးချိန်တွင် နိုင်ဂျာနိုင်ငံသို့ ဆက်လက်သွားရောက်မည်ဖြစ်သည်။

အဆိုပါ ခရီးစဉ်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတစ်ဦး၏ ပထမဆုံးနိုင်ဂျာခရီးစဉ်ဖြစ်သည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## နိုင်ငံတကာအာကာသစခန်းထောက်ပို့မစ်ရှင် တစ်ခုကို လာမည့်သီတင်းပတ်အတွင်းလွှတ်တင်ရန် Space-X ကုမ္ပဏီ စီစဉ်ထား



**ဝါရှင်တန် မတ် ၁၁**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် နိုင်ငံတကာ အာကာသစခန်းထောက်ပို့ မစ်ရှင်တစ်ခုကို လာမည့်သီတင်းပတ်အတွင်း လွှတ်တင်ရန်စီစဉ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၁၀ ရက်က ရေးသားတင်ပြထားသည်။

Space-X ကုမ္ပဏီသည် CRS-27အမည်ရှိ မစ်ရှင်ဖြင့် ဒရာဂွန် အာကာသ ကုန်တင်ယာဉ်တစ်စင်းကို မတ် ၁၄ ရက်တွင် နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ အာကာသကုန်တင်ယာဉ်ကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှ တစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

မတ် ၁၆ ရက်တွင် ဒရာဂွန် အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်မည်ဖြစ်ကြောင်း Space-X ကုမ္ပဏီ တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

CRS-27 မစ်ရှင်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် ရယူထားသည့် သဘောတူညီချက်အရ Space-X ကုမ္ပဏီက လွှတ်တင်ပေးရမည့် ၂၇ ကြိမ်မြောက် နိုင်ငံတကာအာကာသစခန်း ထောက်ပို့မစ်ရှင်ဖြစ်ကြောင်း သိရသည်။

CRS-27 မစ်ရှင်အတွင်း ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းရှိ အာကာသ ယာဉ်မှူးများအတွက် လိုအပ်သည့်ပစ္စည်းမျိုးစုံနှင့် သိပ္ပံပညာစမ်းသပ်ပစ္စည်းများ သယ်ဆောင်သွားမည်ဖြစ်သည်။

KKO


## သက်ရှိဇီဝရုပ်များကထုတ်ပေးနိုင်သော အောက်ဆီဂျင်မော်လီကျူးပုံစံများကို ကမ္ဘာဂြိုဟ်ဝန်းကျင် အာကာသဟင်းလင်းပြင်အတွင်း တွေ့ရှိ

**ဘာလင် မတ် ၁၁**

သက်ရှိဇီဝရုပ်များက ထုတ်ပေးနိုင်သော အောက်ဆီဂျင်မော်လီကျူးပုံစံများကို ကမ္ဘာဂြိုဟ်ဝန်းကျင် အာကာသ ဟင်းလင်းပြင်အတွင်း တွေ့ရှိရကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၁၀ ရက်က ရေးသားတင်ပြထားသည်။

ကမ္ဘာ့လေထုလွှာ၏ အပေါ်ဆုံးအဆင့်အလွှာများဖြစ်ကြသော မီဆိုစဖီးယားအလွှာနှင့် သာမိုစဖီးယားအလွှာအောက်ပိုင်းတို့၌ အက်တမ်အလေးချိန်မြင့်မားသော အောက်ဆီဂျင်မော်လီကျူးများ တွေ့ရှိထားကြောင်း ဂျာမနီနိုင်ငံ မက်စ်ပလန့်အင်စတီကျုမှ သိပ္ပံပညာရှင်များက ပြောကြားသည်။

Heavy Oxygen ခေါ် အဆိုပါ အောက်ဆီဂျင်သည် ဝတ်ဆံအတွင်း နျူထရွန်အက်တမ် ၁၀ ခု ရှိသော အောက်ဆီဂျင်မော်လီကျူးများဖြစ်ကြပြီး ကမ္ဘာဂြိုဟ်ဝန်းကျင်၌ အတွေ့ရအများဆုံး အောက်ဆီဂျင်မော်လီကျူးများတွင်မူ ဝတ်ဆံ၌ နျူထရွန်အက်တမ် ရှစ်ခုထိသာ ရှိတတ်ကြောင်း သိရသည်။



ကမ္ဘာမြေမျက်နှာပြင်အနီးတွင်သာ အများအပြားစုစည်းနေတတ်သော Heavy Oxygen မော်လီကျူးများကို အလင်းဖြင့်စွမ်းအင် ချက်လုပ်သည့် သက်ရှိများက ထုတ်ပေးနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ကမ္ဘာဂြိုဟ်အနီး အာကာသ ဟင်းလင်းပြင်အတွင်း Heavy Oxygen မော်လီကျူးများကို လေ့လာခြင်းဖြင့် ကမ္ဘာကြီးတည်ဆောက်လည်ပတ်ပုံစနစ်ကို နားလည်ပေးနိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ဂျာမနီ သိပ္ပံပညာရှင်များသည် အဆိုပါ Heavy Oxygen မော်လီကျူးများကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဆိုဖီယာရေဒီယိုတယ်လီစကုပ်ကိုသုံး၍ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

## အားတီးမစ်-၂ မစ်ရှင်တွင်လိုက်ပါမည့် အာကာသယာဉ်မှူးများအမည်စာရင်းကို ဧပြီ ၃ ရက်တွင် ကြေညာရန် နာဆာစီစဉ်ထား

**ဝါရှင်တန် မတ် ၁၁**

အားတီးမစ်-၂ မစ်ရှင်တွင် လိုက်ပါမည့် အာကာသယာဉ်မှူးများအမည်စာရင်းကို ဧပြီ ၃ ရက်တွင် ကြေညာရန် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က စီစဉ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၁၀ ရက်က ရေးသားတင်ပြထားသည်။

အားတီးမစ်-၂ မစ်ရှင်သည် အပိုလိုခေတ်နောက်ပိုင်း အာကာသယာဉ်မှူးများလိုက်ပါမည့် ပထမဆုံး လလေ့လာရေးမစ်ရှင်ဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၁ မစ်ရှင်ကို အောင်မြင်စွာလွှတ်တင်ခဲ့ပြီးနောက် အားတီးမစ်-၂ မစ်ရှင်ကို ထပ်မံလွှတ်တင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

နာဆာအဖွဲ့သည် အားတီးမစ်-၁ မစ်ရှင်ဖြင့် အာကာသယာဉ်မှူးများ လိုက်ပါခြင်းမရှိသည့် အိုရီယွန်အာကာသယာဉ်ကို SLS ဒုံးပျံဖြင့် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၁၆ ရက်က လွှတ်တင်ခဲ့ရာ အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။

အားတီးမစ်-၂ မစ်ရှင် အောင်မြင်ခဲ့ပါက နာဆာအဖွဲ့သည် အားတီးမစ်-၃ မစ်ရှင်ဖြင့် လကမ္ဘာပေါ်သို့ လူသားများထပ်မံစေလွှတ်ရန်ကြိုးစားမည်ဖြစ်ကြောင်း၊ နာဆာအဖွဲ့သည် အားတီးမစ်-၃ မစ်ရှင်ကို ၂၀၂၅ ခုနှစ်တွင် လွှတ်တင်နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

KKO

# HEALTH

## ဆီးအတွင်းရှိမျိုးဗီဇအပြောင်းအလဲ စစ်ဆေးခြင်းဖြင့် ဆီးအိတ်ကင်ဆာရောဂါကို ကြိုတင်ဖော်ထုတ်နိုင်ဖွယ်ရှိ

**ပဲရစ် မတ် ၁၁**

ဆီးအတွင်းရှိ မျိုးဗီဇအပြောင်းအလဲများကို စစ်ဆေးခြင်းဖြင့် ဆီးအိတ်ကင်ဆာရောဂါကို ရောဂါလက္ခဏာမပေါ်မီ ထောက်လှမ်းဖော်ထုတ်ရေးအတွက် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း ယူပီအိုင် သတင်းဌာနက မတ် ၁၀ ရက်က ရေးသားတင်ပြထားသည်။

ဆီးအိတ်ကင်ဆာ ရောဂါကို ရှာဖွေရာတွင် စရိတ်စကကြီးမားပြီး ခွဲစိတ်ရန်လိုအပ်သည့် Cystoscopy ကဲ့သို့ စစ်ဆေးနည်းများကို အသုံးပြုကြရသည်။

သို့ရာတွင် Uro Amp အမည်ရှိ ဆီးစစ်ဆေးနည်းသည် ဆီးအိတ်ကင်ဆာရောဂါကို ရောဂါလက္ခဏာမပေါ်မီ ဖော်ထုတ်ရေးအတွက် ကူညီနိုင်ကြောင်း ပြင်သစ်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သုတေသန ပညာရှင်များက Uro Amp ဆီးစစ်နည်းကို လူပေါင်း ၂၉ ဦးဖြင့် စမ်းသပ်ခဲ့ရာ ဆီးအိတ်ကင်ဆာရောဂါကို ၁၂ နှစ်ထိကြို၍ ခန့်မှန်းနိုင်ခဲ့ပြီး ရောဂါဖြစ်စဉ် ၆၆ ရာခိုင်နှုန်းထိကို ဖော်ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆီးစစ်နည်းသည် ဆီးအတွင်းရှိ ဖောက်လွဲဖောက်ပြန်ဖြစ်နေသည့် မျိုးဗီဇ ၁၀ မျိုးကို ရှာဖွေပေးခြင်းဖြင့် ဆီးအိတ်ကင်ဆာရောဂါကို ကြိုတင်ဖော်ထုတ်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ဆီးအိတ်ကင်ဆာ ရောဂါကို စောစီးစွာထောက်လှမ်းတွေ့ရှိပါက လိုအပ်သည့်ကုထုံးများပေးခြင်းဖြင့် လူနာ၏ အသက်ရှင်ခွင့် အလားအလာကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သုတေသနပညာရှင်များက မျှော်လင့်ထားသည်။ KKO

## မက်ဖော်မင်ဆေးက ကိုဗစ်ရောဂါလက္ခဏာ ရေရှည်ခံစားရသူများအတွက် အထောက်အကူပြုနိုင်

**နယူးယောက် မတ် ၁၁**

ဈေးနှုန်းချိုသာသော ဆီးချိုရောဂါဆေးတစ်မျိုးဖြစ်သည့် မက်ဖော်မင်ဆေးသည် ကိုဗစ်လက္ခဏာများ ရေရှည်ခံစားကြရသူလူနာများ၏ ကျန်းမာရေးအတွက်အထောက်အကူပြုနိုင်ကြောင်း The Daily Mail သတင်းစာက မတ် ၁၀ ရက်က ရေးသားတင်ပြထားသည်။

ကိုဗစ်ကူးစက်ခံထားရချိန်တွင် မက်ဖော်မင်ဆေးကို သုံးစွဲခဲ့ပါက ကိုဗစ်ရောဂါ ရေရှည်ခံစားရနိုင်ခြေကို ၄၂ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ မင်နီဆိုတာတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မက်ဖော်မင်ဆေးသည် ကိုဗစ်ကူးစက်ထားသည့် ဆဲလ်များပွားမှုကို တားဆီးပေးနိုင်ပြီး အောက်ဆီဂျင် ဟန်ချက်မညီမျှမှုနှင့်ရောင်ရမ်းမှုတို့ကို လျှော့ချပေးနိုင်သည်ဟု သုတေသန ပညာရှင်များက ယူဆထားကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် မက်ဖော်မင်ဆေးကို ကိုဗစ်လူနာများ၌ လက်တွေ့စမ်းသပ်ကုသခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ရောဂါ စတင်ကူးစက်ခဲ့ပြီးနောက် အနည်းဆုံးသုံးလထိ ကိုဗစ်နှင့်ဆက်စပ်နေသော ရောဂါလက္ခဏာများ ဆက်ခံစားရမှုကို ရေရှည် ကိုဗစ်ရောဂါအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားကြောင်း သိရသည်။

မက်ဖော်မင်ဆေးသည် ကမ္ဘာတစ်ဝန်းရှိ ပုံစံ-၂ ဆီးချိုရောဂါလူနာများ အဓိကသုံးစွဲနေရသည့် ဆေးဖြစ်ကြောင်း သိရသည်။KKO



# နိုင်ငံတကာ အားကစားသတင်းများ

## နည်းပြကွန်တီကို အင်တာမီလန်အသင်းက ပြန်လည်ခေါ်ယူရန် ကြိုးပမ်း

**မီလန် မတ် ၁၁**

အင်တာမီလန် အသင်းသည် အသင်းအား စီးရီးအေချန်ပီယံဆု ရယူပေးနိုင်ခဲ့သည့် စပါးအသင်း နည်းပြကွန်တီကို လာမည့်နွေရာသီတွင် ပြန်လည်ခေါ်ယူရန် ကြိုးပမ်းနေကြောင်းFootballinsider247.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် အင်တာမီလန်အသင်းသည် နည်းပြအင်ဇာဂီ၏ ဦးဆောင်မှုကို မနှစ်သက်သောကြောင့် အသင်းအား ၁၁ နှစ်ကြာ ဝေးကွာခဲ့သည့် စီးရီးအေချန်ပီယံဆုဖလားရယူပေးနိုင်ခဲ့သည့် စပါးအသင်း နည်းပြကွန်တီကိုသာ ပြန်လည်ခန့်အပ်ရန် ဆုံးဖြတ်ထားပြီး လာမည့်နွေရာသီတွင် ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်က နည်းပြကွန်တီသည် အင်တာမီလန်အသင်းအား ဘောလုံးရာသီ နှစ်ရာသီကိုင်တွယ်ခဲ့ရာတွင် စီးရီးအေချန်ပီယံဆုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် ၂၀၂၁ ခုနှစ် ကစားသမားအပြောင်းအရွှေ့တွင် အသင်းဘုတ်အဖွဲ့နှင့် သဘောထားမတိုက်ဆိုင်မှုကြောင့် အသင်းမှ ထွက်ခွာခဲ့ရသော်လည်း ယခုအခါ အင်တာမီလန်အသင်းက စပါးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် နည်းပြကွန်တီကို ဒုတိယအကြိမ်ပြန်လည်ခေါ်ယူကာ အောင်မြင်မှုများ ရယူနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

နည်းပြကွန်တီသည် လက်ရှိတွင် စပါးအသင်းကို အမှတ်ပေးပြိုင်ပွဲတွင် ရမှတ် ၄၅ မှတ်ထိ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ အဆင့်(၄) နေရာသို့ ပို့ဆောင်နိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ချန်ပီယံလိဂ် (၁၆) သင်း ရှုံးထွက်ပွဲစဉ်တွင် အေစီမီလန်အသင်းကို နှစ်ကျော့ပေါင်းရလဒ်ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသောကြောင့် အသင်းနှင့် နည်းပြကွန်တီတို့၏ အနာဂတ်မှာမရေမရာမှုများဖြစ်ခဲ့ပြီး စပါးအသင်းအနေဖြင့် ကွန်တီကိုစာချုပ်သက်တမ်းတိုးရန် မစီစဉ်တော့ဘဲ ယခင်နည်းပြဟောင်း ပိုချက်တီနိုကို ၎င်း၏နေရာတွင် အစားထိုးရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ML




### ပရီးမီးယားလိဂ် ပွဲစဉ် (၂၇) ရလဒ်

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | ၁ | - | ၀ | လီဗာပူး |
| အဲဗာတန် | ၁ | - | ၀ | ဘရန့်ဖို့ဒ် |
| လိဒ် | ၂ | - | ၂ | ဘရိုက်တန် |
| လက်စတာ | ၁ | - | ၃ | ချဲလ်ဆီး |
| စပါး | ၃ | - | ၁ | နော်တင်ဟမ် |

(၀၄၀)

### အားကစားသတင်း အတိုအထွာများ

- ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆော်ဒီအာရေဗျအသင်းအား တိုးတက်မှုများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နည်းပြ ဟာဗီရီနာ့ကို ပြင်သစ်ဘောလုံးအဖွဲ့ချုပ်က အမျိုးသမီးလက်ရွေးစင်အသင်းနည်းပြအဖြစ်ခန့်အပ်ရန် ကြိုးပမ်းနေကြောင်း သိရသည်။
- မန်ယူအသင်းက ဘင်ဖီကာအသင်း၌ ၃၄ ပွဲတွင် ၃၂ ဂိုးသွင်းယူ၍ ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူး ဂွန်ကာလိုရာမို့စ်ကို ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။ ML

## လာမည့်ဧပြီလအစပိုင်းတွင် အဲရစ်ဆင် အသင်းနှင့်ပူးပေါင်းနိုင်မည်ဟု နည်းပြတန်ဟတ် ပြောကြား



**မန်ချက်စတာ မတ် ၁၁**

ဇန်နဝါရီလက ကစားခဲ့သည့် ရီးဒင်းအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သည့် ကွင်းလယ်ကစားသမား အဲရစ်ဆင်အနေဖြင့် ဒဏ်ရာပြန်လည် သက်သာလာသော်လည်း လာမည့်ဧပြီလအစပိုင်းမှသာ အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်မည်ဖြစ်ကြောင်း နည်းပြတန်ဟတ်က ထုတ်ဖော်ပြောကြားခဲ့သည်ဟု ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဲရစ်ဆင်သည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၃၁ ပွဲတွင် သွင်းဂိုးတစ်ဂိုး သွင်းယူကာ ဂိုးဖန်တီးမှု ကိုးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် နည်းပြတန်ဟတ်၏ ယုံကြည်မှုကို ရရှိနေသူဖြစ်ကာ အသင်း၏ ကွင်းလယ်ပိုင်းအတွက် အဓိက ကစားနေသူဖြစ်နေသကဲ့သို့ ၎င်းမပါဝင်နိုင်သည့် ပြိုင်ပွဲစုံတွင် မန်ယူအသင်းအနေဖြင့် ရှုံးကန်ခဲ့ရသည်။

မန်ယူအသင်းနည်းပြတန်ဟတ်က "အဲရစ်ဆင်ရဲ့ ဒဏ်ရာအခြေအနေဟာ တိုးတက်လာတာကြောင့် လက်ရှိမှာ အပေါ့စားလေ့ကျင့်ခန်းတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။ သူ့ရဲ့ ဒဏ်ရာပြန်ကောင်းဖို့ အတိအကျ ထုတ်ဖော်မပြောနိုင်ပေမဲ့ နိုင်ငံတကာပြိုင်ပွဲကာလမတိုင်မီ လာမဲ့ဧပြီလ အစပိုင်းလောက်မှာတော့ အသင်းနဲ့ ပြန်လည်ပူးပေါင်းနိုင်မှာပါ။ သူ့အနေနဲ့အခုရာသီမကုန်မီ အသင်းမှာ ပါဝင်ကစားနိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါ့ပြင် ဒဏ်ရာကြောင့် ကာလရှည်အနားယူနေရတဲ့ မာရှယ်လ်ပုံမှန်လေ့ကျင့်ခန်းတွေ ပြန်လည်ပြုလုပ်နေတာကြောင့် အသင်းနဲ့ပူးပေါင်းနိုင်တော့မှာပါ"ဟု ပြောကြားခဲ့သည်။

မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပြည်တွင်းဖလားတစ်လုံးရယူနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် အမှတ်ပေးပြိုင်ပွဲတွင် လီဗာပူးအသင်းကို ခုနစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့ရသဖြင့် ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရပြီးနောက် မတ် ၁၀ ရက်က ကစားခဲ့သည့် ယူရိုပါလိဂ်ပွဲစဉ်တွင် ဘက်တစ်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် နောက်တစ်ဆင့် တက်ရောက်ရန် သေချာနေပြီး အသင်းအနေဖြင့် ဆောက်သမ်တန်နှင့် ကစားရမည့် အမှတ်ပေးပွဲစဉ်ကို အနိုင်ရရှိရန် ယုံကြည်နေကြောင်း နည်းပြတန်ဟတ်က ပြောကြားခဲ့သည်။ ML

## လာမည့်အပြောင်းအရွှေ့တွင် ကစားသမားခေါ်ယူမည့် အစီအစဉ်ကို ပီအက်စ်ဂျီအသင်းထုတ်ပြန်

**ပဲရစ် မတ် ၁၁**

ပီအက်စ်ဂျီ အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဘိုင်ယန်မြူးနစ်အသင်းကို ရှုံးနိမ့်၍ ထွက်ခွာခဲ့ရပြီးနောက် အသင်းအနေဖြင့် ပြန်လည်တည်ဆောက်မှုများ စတင်ကာ လာမည့်အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ခေါ်ယူမည့် အစီအစဉ်နှင့်ပတ်သက်၍ အသင်းဥက္ကဋ္ဌ အယ်ကာလိုင်ဖီက ထုတ်ဖော်ပြောကြားခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလက ဝင်ငွေ၊ ထွက်ငွေမမျှတမှုကြောင့် ယူအီးအက်ဖ်အေက ယူရို ၁၀ သန်း ဒဏ်ငွေပြစ်ဒဏ် ချမှတ်ခဲ့ပြီးနောက် ဝင်ငွေ၊ ထွက်ငွေမျှတမှု ရှိ၊ မရှိကို ယူအီးအက်ဖ်အေ၏ စောင့်ကြည့်ခံနေရပြီး ယခုအခါ ချန်ပီယံလိဂ်ပြိုင်ပွဲမှ စောစီးစွာထွက်ခွာခဲ့ရသဖြင့် ဝင်ငွေရရှိမှု လျော့နည်းခဲ့သော်လည်း အသင်းဥက္ကဋ္ဌ အယ်ကာလိုင်ဖီက ပီအက်စ်ဂျီအသင်းအနေဖြင့် လာမည့် အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ခေါ်ယူရန် ယူရို သန်း ၈၀ ခန့်သုံးစွဲနိုင်ကြောင်း ပြောကြားခဲ့သည်။

လက်ရှိတွင် ပီအက်စ်ဂျီအသင်းသည် တိုက်စစ်မှူး အမ်ဘက်ပီ၊ နေမာနှင့်မက်ဆီတို့ သုံးဦးထဲမှ တစ်ဦးကို လက်လွှတ်သွားရန် စီစဉ်နေပြီး အမ်ဘက်ပီသည် အသင်း၏ စာချုပ်သစ်ကို လက်မခံဘဲ ရီးရဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေကာ နေမာသည်လည်းအသင်း၏ စီမံခန့်ခွဲမှုကို အယုံအကြည်မရှိသောကြောင့် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသည့်အပြင် အီကီတိုက်၊ ဘားနက်နှင့် ကားလို့ဆိုလာတို့သည်လည်း အသင်းမှထွက်ခွာနိုင်ကြောင်း သိရသည်။

ထို့ပြင် အငှားစာချုပ်ဖြင့် ကစားနေသည့် ဘင်ဖီကာမှ ဒရက်ဇ်လာ၊ ရိုးမားမှ ဝင်နယ်ဒန်၊ ဂျူဗင်တပ်မှ ပါရီဒက်စ်တို့ကိုလည်း အပြီးသတ်ရောင်းချမည် သို့မဟုတ် အငှားစာချုပ်ဖြင့် ဆက်လက်ခွင့်ပြုသွားမည်ဖြစ်သော်လည်း ခံစစ်ပိုင်းတွင် အင်တာမီလန်အသင်းမှ စကရင်နေယား၊ ဗီလာရီးရဲလ်မှ ပါအူးတောရက်စ်၊ ကွင်းလယ်ပိုင်းအတွက် ဂလာဘတ်မှ ကိုနေး၊ ပီအက်စ်ဗွီမှ ဆန်ဂါရီနှင့် တိုက်စစ်ပိုင်းအတွက် ချာကီ၊ မန်စီးတီးမှ ဘာနာဒိုဆေးဗားနှင့် နာပိုလီအသင်းမှ အိုစီမန်တို့ကို ခေါ်ယူမည်ဖြစ်သည်ဟု အားကစားဒါရိုက်တာ လူးဝစ်ကမ်ပို့စ်က ပြောကြားခဲ့ကြောင်း သိရသည်။ ML

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၄)တွင် ရန်ကုန်ယူနိုက်တက်အသင်းက ဒဂုံစတားအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ

**ရန်ကုန် မတ် ၁၁**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၄)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ပွဲစကတည်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဒဂုံစတားအသင်းကို ဖိအားပေးကစားနိုင်ခဲ့သော်လည်း ဒဂုံစတားအသင်း၏ အကောင်းဆုံးတုံ့ပြန်ကစားခဲ့မှုများကြောင့် အခက်တွေ့ခဲ့ရပြီး ပထမပိုင်းပြီးဆုံးချိန်တွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဂိုးမရှိသရေ ရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ရန်ကုန်ယူနိုက်တက်အသင်းက ပထမပိုင်းကထက် ပိုမိုဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့ကာ ဒဂုံစတားအသင်းကလည်း အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သော်လည်း ပွဲချိန် ၆၁ မိနစ်တွင် ရန်ကျော်စိုးက ရန်ကုန်ယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက်ပိုင်းတွင်လည်း ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ကာ ဂိုးသွင်းခွင့်အချို့ရရှိခဲ့သကဲ့သို့ ဒဂုံစတားအသင်းကလည်း ချေပဂိုးများအတွက် ပြန်လည် ဖိအားပေးကစားနိုင်ခဲ့ကာ ဂိုးသွင်းခွင့်ရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ပွဲပြီးဆုံးချိန်ထိ နှစ်သင်းစလုံး ဂိုးသွင်းနိုင်ခြင်းမရှိခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ရန်ကျော်စိုး၏တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။



STA

## ပေါ်တူဂီနှင့်စပိန်တို့က ၂၀၃၀ ကမ္ဘာ့ဖလားပူးတွဲအိမ်ရှင်အဖြစ်လျှောက်ထားမှုမှ ယူကရိန်းနိုင်ငံကို ထုတ်ပယ်



**မက်ဒရစ် မတ် ၁၁**

စပိန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ပေါ်တူဂီနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့က ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပူးတွဲအိမ်ရှင်အဖြစ် လျှောက်ထားမှုမှ ယူကရိန်းနိုင်ငံကို ထုတ်ပယ်ခဲ့ပြီး နိုင်ငံသစ်တစ်နိုင်ငံဖြင့် အစားထိုးမည်ဖြစ်ကြောင်း ဒေးလီးမေးလ် သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အစောပိုင်းက စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့်ပေါ်တူဂီနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့က လာမည့် ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို သုံးနိုင်ငံပူးတွဲအိမ်ရှင်အဖြစ် ယူကရိန်းနိုင်ငံကိုလည်း ထည့်သွင်းထားသော်လည်း ယခုအခါ ယူကရိန်းနိုင်ငံကို ပြန်လည်ထုတ်ပယ်ပြီး အာဖရိကနိုင်ငံမှ တစ်နိုင်ငံနှင့်အစားထိုးသွားမည်ဖြစ်သည်။

လက်ရှိတွင် ယူကရိန်းနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ပဋိပက္ခဖြစ်ပွားနေသည့်အတွက် စပိန်နိုင်ငံနှင့် ပေါ်တူဂီနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့က ယူကရိန်းနိုင်ငံကို ပြန်လည်ထုတ်ပယ်ခဲ့ပြီးနောက် မော်ရိုကိုနိုင်ငံနှင့်အစားထိုးဖွယ်ရှိနေသည်။

မော်ရိုကိုနိုင်ငံသည် ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ်က ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပရန် လျှောက်ထားခဲ့ဖူးသကဲ့သို့ ပြီးခဲ့သည့်၂၀၂၆ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း လျှောက်ထားဖူးသည့်အတွက် စပိန်နှင့် ပေါ်တူဂီ ဘောလုံးအဖွဲ့ချုပ်တို့က မော်ရိုကိုနိုင်ငံကို ဦးစားပေးရွေးချယ်ဖွယ်ရှိနေသည်။

ဥရောပ ဘောလုံးအဖွဲ့ချုပ်ကလည်း စပိန်နိုင်ငံနှင့် ပေါ်တူဂီနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ကို မော်ရိုကိုနိုင်ငံနှင့် ပူးတွဲအိမ်ရှင်အဖြစ်ကျင်းပမည်ဆိုပါက အပြည့်အဝထောက်ခံမှု ပေးသွားမည်ဟု ကြေညာထားကြောင်း သိရသည်။ STA

## Indian Wells Masters ပြိုင်ပွဲတတိယအဆင့်သို့ ဂျော်ဒန်တွမ်ဆင်တက်ရောက်

**ကယ်လီဖိုးနီးယား မတ် ၁၁**

အမေရိကန်နိုင်ငံကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပနေသည့် Indian Wells Masters တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဂရိတင်းနစ်ကစားသမား စတီဖာနို့စ်နှင့်သြစတြေးလျတင်းနစ်ကစားသမား ဂျော်ဒန်တွမ်ဆင်တို့ ယှဉ်ပြိုင်ကစားသွားခဲ့ရာ ဂျော်ဒန်တွမ်ဆင်က (၇-၆၊ ၄-၆၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ATP Tour က ယနေ့တွင် ဖော်ပြခဲ့သည်။

စတီဖာနို့စ်သည် ပြိုင်ပွဲတွင် နိုင်ခြေအဆင့်(၂)အဖြစ် သတ်မှတ်ခံထားရသည့် ကစားသမားတစ်ဦးဖြစ်သလို ကမ္ဘာ့အဆင့် (၁) နေရာအတွက်လည်း Indian Wells Masters တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေသည့် ကစားသမားဖြစ်သည်။

သို့သော်လည်း စတီဖာနို့စ် အနေဖြင့် unforced errors များခဲ့သည့်အတွက် တတိယအဆင့်သို့ တက်ရောက်နိုင်မည့် အခွင့်အရေးဖြင့် လွဲချော်ခဲ့ရသည်။

ဂျော်ဒန်တွမ်ဆင်က "ဒီပြိုင်ပွဲဟာ ကျွန်တော်အနှစ်သက်ဆုံးပြိုင်ပွဲတွေထဲက တစ်ခုပါပဲ။ အရှိန်အဝါရှိတဲ့ Masters ပြိုင်ပွဲဖြစ်တဲ့အတွက်ကြောင့် ကစားသမားတိုင်းက ဒီပြိုင်ပွဲမှာ အောင်မြင်မှုလိုချင်ကြလိမ့်မယ်။ ကျွန်တော့်အနေနဲ့ စတီဖာနို့စ်လို ကမ္ဘာ့အဆင့်ကစားသမားတစ်ယောက်ကို အနိုင်ရပြီး နောက်တစ်ဆင့်ကို တက်ရောက်နိုင်ခဲ့တာဟာ ကစားသမားဘဝအတွက် မှတ်တိုင်တစ်ခုပါပဲ။ နောက်အဆင့်တွေမှာ ဘယ်လိုဖြစ်လာမလဲဆိုတာတော့ ကျွန်တော်လဲ မပြောနိုင်ဘူး။ ဒါပေမဲ့ဒီပွဲစဉ်မှာလိုမျိုးပဲ ရလဒ်ကောင်းရယူနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

## ပရီးမီးယားလိဂ်တစ်လတာအကောင်းဆုံးဆု သုံးဆုကို တစ်ပြိုင်တည်းရရှိသည့် ပထမဆုံးအသင်းအဖြစ် မန်ယူအသင်း မှတ်တမ်းဝင်




**မန်ချက်စတာ မတ် ၁၁**

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က လစဉ်ပေးအပ်သည့် တစ်လတာအကောင်းဆုံးဆု သုံးဆုကို တစ်ပြိုင်တည်းရရှိသည့် ပထမဆုံးအသင်းအဖြစ် မန်ယူအသင်းက မှတ်တမ်းဝင်ခဲ့သည်ဟု မန်ချက်စတာညနေခင်း သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က ရွေးချယ်ပေးအပ်သည့် ဖေဖော်ဝါရီလအတွက် တစ်လတာအကောင်းဆုံးဆု သုံးဆုဖြစ်သည့် တစ်လတာအကောင်းဆုံး နည်းပြဆုကို တန်ဟတ်ကလည်းကောင်း၊ တစ်လတာ အကောင်းဆုံးကစားသမားဆုကို ရက်ရှ်ဖို့ဒ်ကလည်းကောင်း၊ တစ်လတာအကောင်းဆုံးဂိုးသမားဆုကို ဂိုးသမား ဒီဂီယာကလည်းကောင်း အသီးသီးဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ယခင်က ပရီးမီးယားလိဂ်တစ်လတာအကောင်းဆုံးဆုများမှ နည်းပြဆုနှင့် ကစားသမားဆုကိုကို အသင်း တစ်သင်းတည်းမှတစ်ပြိုင်တည်းရရှိသည့် အသင်းများရှိခဲ့သော်လည်း ဆုသုံးဆုကိုတစ်ပြိုင်တည်း ရရှိခဲ့သည့်အသင်းမရှိဘဲ မန်ယူအသင်းက ပထမဆုံးရရှိခဲ့ခြင်းဖြစ်သည်။

တစ်လတာအကောင်းဆုံးကစားသမားဆုရရှိခဲ့သည့် ရက်ရှ်ဖို့ဒ်သည် သုံးကြိမ်မြောက်ရရှိခဲ့သည့်အတွက် တစ်ရာသီအတွင်း တစ်လတာအကောင်းဆုံး ကစားသမားဆုကို အကြိမ်ရေအများဆုံး ရရှိထားသည့် ဆာလာဟ်၏စံချိန်ကိုလိုက်မီခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဂိုးသမားဒီဂီယာသည်လည်း လက်စတာအသင်းနှင့်ပွဲစဉ်တွင် အကောင်းဆုံးကာကွယ်မှုပြုလုပ်နိုင်ခဲ့သည့်အတွက် တစ်လတာအကောင်းဆုံး ဂိုးသမားဆုကို ပထမဆုံးအကြိမ် ရရှိခဲ့ကြောင်း သိရသည်။ STA

## စပိန်အာဏာပိုင်များက ဘာစီလိုနာအသင်းကို လာဘ်ထိုးမှုနှင့်စွဲချက်တင်ပြီး စစ်ဆေးမှုများ စတင်ပြုလုပ်

**မက်ဒရစ် မတ် ၁၁**

စပိန်အာဏာပိုင်များက ဘာစီလိုနာအသင်းကို စပိန်လာလီဂါအဖွဲ့ချုပ် ဒိုင်ဥက္ကဋ္ဌဟောင်းကို လာဘ်ပေးမှုနှင့်ပတ်သက်ပြီး စွဲချက်တင်ကာ စစ်ဆေးမှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း RMC Sport သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာစီလိုနာ အသင်းသည် စပိန်လာလီဂါအဖွဲ့ချုပ် ဒိုင်ဥက္ကဋ္ဌဟောင်းတစ်ဦးဖြစ်သည့် နီဂရီရာထံသို့ ၂၀၀၁ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ယူရို ၇ ဒသမ ၃ သန်းကို တရားမဝင်နည်းလမ်းဖြင့် နီဂရီရာပိုင်ဆိုင်သည့်ကုမ္ပဏီထံသို့ ပေးပို့ခဲ့သည်ဟု စွဲချက်တင်ခံထားရခြင်းဖြစ်သည်။

အစောပိုင်းက ဘာစီလိုနာအသင်းက ယူရို ၇ ဒသမ ၃ သန်းကို စပိန်လာလီဂါမှ ဒိုင်လူကြီးများအရည်အသွေးတိုးတက်ရေးလုပ်ငန်းများအတွက် အသုံးပြုရန် လွှဲပြောင်းခဲ့ခြင်းဖြစ်သည်ဟု ပြောကြားထားသော်လည်း စပိန်လာလီဂါ ဒိုင်ကော်မတီအဖွဲ့ချုပ်က ဘာစီလိုနာအသင်း ပေးချေခဲ့သည့်ငွေများ ရရှိခဲ့ခြင်းမရှိဟု ကြေညာခဲ့ပြီးနောက် စပိန်အာဏာပိုင်များက လာဘ်ပေးမှုဖြင့် စွဲချက်တင်ပြီး စစ်ဆေးမှုများ ပြုလုပ်နေခြင်းဖြစ်သည်။

လက်ရှိတွင် စပိန်အာဏာပိုင်များက ဘာစီလိုနာအသင်းနှင့် ဒိုင်ဥက္ကဋ္ဌဟောင်း နီဂရီရာတို့ကြားမှ ဆက်ဆံရေးနှင့် ပတ်သက်ဆက်နွှယ်မှုများကို စုံစမ်းစစ်ဆေးမှုများပြုလုပ်နေပြီး ပြစ်မှုထင်ရှားပါက အသင်းဥက္ကဋ္ဌဟောင်း ဘာတိုမြူအပါအဝင် ဘုတ်အဖွဲ့ဝင်ဟောင်းများ ထောင်ဒဏ်ပြစ်ဒဏ် ချမှတ်ခံရဖွယ်ရှိနေသည်။

သို့သော် စပိန်လာလီဂါအဖွဲ့ချုပ်ဥက္ကဋ္ဌ တီဘက်က ဘာစီလိုနာအသင်း၏ဖြစ်ရပ်သည် ပြီးခဲ့သည့် ငါးနှစ်ကျော်ကာလအတွင်းက ဖြစ်ပွားခဲ့သည့်အတွက် စပိန်လာလီဂါက ဘာစီလိုနာအသင်းကို အရေးယူမှုပြုလုပ်မည်မဟုတ်ဟု ကြေညာထားကြောင်း သိရသည်။ STA

## THE PLAYERS Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှ ကမ္ဘာ့အဆင့် (၁) ဂေါက်သီးရိုက်ကစားသမား ရှမ်ရမ်း နုတ်ထွက်

**ဖလော်ရီဒါ မတ် ၁၁**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပနေသည့် THE PLAYERS Championship ဂေါက်သီးရိုက်ပြိုင်ပွဲဒုတိယနေ့တွင် ကမ္ဘာ့အဆင့်(၁)ဂေါက်သီးရိုက်ကစားသမား ရှမ်ရမ်းသည် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်သွားခဲ့သည်ဟု GA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရှမ်ရမ်းသည် ဒုတိယနေ့ပွဲစဉ်များတွင် ယှဉ်ပြိုင်ကစားရန် ပြင်ဆင်နေစဉ် အစာအိမ်အောင့်လာသည့်အတွက်ကြောင့် ပြိုင်ပွဲမှရုတ်တရက် နုတ်ထွက်သွားခဲ့ခြင်းဖြစ်သည်။

ရှမ်ရမ်းသည် ပြိုင်ပွဲစတင်ရန် နာရီဝက်အလိုတွင် ရုတ်တရက် အစာအိမ်အောင့်လာသည့်အတွက် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်တော့မည်မဟုတ်ကြောင်းကို ရှမ်ရမ်း၏ မန်နေဂျာဖြစ်သူက ပြိုင်ပွဲကျင်းပရေးကော်မတီထံသို့ အသိပေးလာခြင်းဖြစ်သည်။

ရှမ်ရမ်းသည် ကမ္ဘာ့အဆင့်(၁) နေရာကိုဆက်လက်ထိန်းသိမ်းသွားနိုင်ရေးအတွက်THE PLAYERS Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေသော်လည်း ထင်မှတ်မထားသော အကြောင်းအရာများကြောင့် ပြိုင်ပွဲမှနုတ်ထွက်သွားခဲ့ခြင်းဖြစ်သည်။

THE PLAYERS Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမား ဘီဇူဒင်ဟောက်နှင့် ကနေဒါဂေါက်သီးရိုက်ကစားသမား စတင်ဆင်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်လျက်ရှိနေပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဂရစ်ဖင်၊ မိုရီကာဝါ၊ ဩစတြေးလျဂေါက်သီးရိုက်ကစားသမား မင်ဂူလီတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်လျက်ရှိပြီး ကမ္ဘာ့အဆင့်(၂) ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာမှာ စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။ AZL

**ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၄) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုင်ယန်မြူးနစ် | ၅ | - | ၃ | အော့စ်ဘတ် |
| ဖရန့်ဖတ် | ၁ | - | ၁ | စတုဂတ် |
| ဟာသာဘာလင် | ၁ | - | ၁ | မိန့်ဇ် |
| လိုက်ပ်ဇစ် | ၃ | - | ၀ | ဂလာဘတ် |

**စပိန်လာလီဂါပွဲစဉ် (၂၅) ရလဒ်**

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | ၃ | - | ၁ | အက်စ်ပန်ညို |
| အယ်ချီ | ၁ | - | ၁ | ဗယ်လာဒိုးလစ် |

(၀၄၀)

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# မက္ကဆီကိုနိုင်ငံ၏ ဆေးလိပ်ထိန်းချုပ်ရေး ဆောင်ရွက်ချက်များ

ဆေးလိပ်၊ ဆေးရွက်ကြီးကြောင့် ဖြစ်ရသည့် ရောဂါမျိုးစုံကိုထိန်းချုပ်နိုင်ရေးအတွက် အထိရောက်ဆုံး နည်းလမ်းက ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကို လျှော့ချပစ်ရန်သာဖြစ်သည်။ ကမ္ဘာ့နိုင်ငံများအနေဖြင့် ဆေးလိပ်၏ဆိုးကျိုးများကို သိကြသည်။ ဆေးလိပ်၊ ဆေးရွက်ကြီး ထုတ်လုပ်ရောင်းချပြီး အကျိုးများနေသည့်နိုင်ငံများကိုယ်တိုင်က ဆေးလိပ်သောက်သုံးမှုသည် နိုင်ငံသားများ၏ကျန်းမာရေးကိုထိခိုက်စေပြီး တိုင်းပြည်၏စီးပွားရေးကို ကျဆင်းစေနိုင်မှန်းလည်း နားလည်ကြပြီးသားဖြစ်သည်။

သို့သော် ဆေးလိပ်၊ ဆေးရွက်ကြီး မှီဝဲသူတစ်ဦးချင်းအတွက်ကမူ ဆေးလိပ်၏ဆိုးကျိုးများက ချက်ချင်းပေါ်လာသည်မဟုတ်။ ဥပမာ- အဆုတ်ကင်ဆာဖြစ်ရန် နှစ် ၂၀ ခန့် ဆေးလိပ်သောက်ရမည်။ ဆေးလိပ်ကုမ္ပဏီကြီးများရရှိသည့် အကျိုးအမြတ်ကမူ "ခုရေတွင်းတူး၊ ခုရေကြည်သောက်" အနေအထားမျိုးဖြစ်နေသည်။ ထို့ကြောင့် ဆေးလိပ်၊ ဆေးရွက်ကြီး ထိန်းချုပ်ရေး ဆောင်ရွက်ချက်များသည် မှန်းချက်နှင့်နှမ်းထွက် မကိုက် ဖြစ်နေရသည်။

အခက်အခဲစိန်ခေါ်မှုများနှင့်ကြန့်ကြာမှုများရှိနေသော်လည်း နိုင်ငံအများစုအနေဖြင့် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဆေးလိပ်၊ ဆေးရွက်ကြီးထိန်းချုပ်ရေး လုပ်ငန်းများကို တစ်နိုင်တစ်ပိုင် ဆောင်ရွက်နေကြသည်။ ထိုအထဲတွင်မှ မက္ကဆီကိုနိုင်ငံ၏လုပ်ဆောင်ချက်တစ်ခုကို ပြည်သူ့ကျန်းမာရေးပညာရှင်များက ကြိုဆိုခဲ့ကြသည်။ ၎င်းလုပ်ဆောင်ချက်က မက္ကဆီကိုနိုင်ငံတွင် ဟိုတယ်၊ ပန်းခြံနှင့် ပင်လယ်ကမ်းခြေကဲ့သို့ အများနှင့်သက်ဆိုင်သောနေရာများတွင် ဆေးလိပ်သောက်သုံးမှုကို ပိတ်ပင်လိုက်ခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှစတင်လျက် မက္ကဆီကိုနိုင်ငံ၏ "လူမြင်ကွင်းမှာ ဆေးလိပ်မသောက်ရ" ဥပဒေသစ် စတင်အသက်ဝင်ခဲ့ပြီဖြစ်သည်။

အဆိုပါဥပဒေက ရုတ်ခြည်းပေါ်ပေါက်လာခြင်းမျိုးမဟုတ်ပေ။ ယခင်ကတည်းက မက္ကဆီကိုနိုင်ငံတွင် "ဆေးလိပ်နှင့်ဆေးရွက်ကြီးထိန်းချုပ်ရေးဆိုင်ရာ အထွေထွေဥပဒေ"ဟူ၍ရှိခဲ့ပြီးဖြစ်သည်။ ၎င်းဥပဒေအရ ၂၀၀၈ ခုနှစ်မှစတင်လျက် စားသောက်ဆိုင်နှင့် ရုံးခန်းကဲ့သို့ အဆောက်အအုံအတွင်းပိုင်းနေရာများတွင် ဆေးလိပ်သောက်ခြင်းကို ပိတ်ပင်ထားခဲ့သည်။ ဆေးလိပ် အရောင်းမြှင့်တင်ရေးကြော်ငြာများနှင့် ဆေးလိပ်ကုမ္ပဏီများမှ စပွန်ဆာယူပွဲလုပ်ခြင်းမျိုးများကိုလည်း တားမြစ်ထားခဲ့ပြီးဖြစ်သည်။ လက်ရှိ ၂၀၂၃ ခုနှစ်တွင် စတင်ကျင့်သုံးသည့်ဥပဒေအရ လူမြင်ကွင်းတွင် ဆေးလိပ်မသောက်ရ ဆိုသဖြင့် နောက်ထပ်တစ်ရစ် ထပ်တင်းကျပ်လိုက်သည့်အခြေအနေဖြစ်သွားသည်။ ထို့အတွက်ကြောင့် မက္ကဆီကိုနိုင်ငံသည် ကမ္ဘာ့နိုင်ငံများအလယ်တွင် ဆေးလိပ်ထိန်းချုပ်ရေးနှင့်ပတ်သက်လာလျှင် အတင်းကျပ်ဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်လာသည်။

ဥပဒေတစ်ခုဟူ၍ ဖြစ်လာလျှင် အသက်ဝင်စေရန် အားဖြည့်ရန်လိုအပ်သည်။ ဥပဒေအတိုင်းလိုက်နာကျင့်သုံးပါမှလည်း အဓိပ္ပာယ်ရှိသည့် ဥပဒေတစ်ရပ်ဖြစ်လာမည်။ အမှန်တော့ ပြည်သူ့ကျန်းမာရေးနှင့် ပတ်သက်သည့် ဥပဒေပြဋ္ဌာန်းချက်များဆိုသည်က လူတိုင်းမသိရှိကြသကဲ့သို့ လိုက်နာမှုလည်း အားနည်းတတ်သည်။ ဥပဒေကိုလေးစားလာအောင် ဥပဒေအတိုင်း အပြစ်ပေးအရေးယူမှုများလည်း နည်းပါးနေတတ်သည်။ ယနေ့ မက္ကဆီကိုနိုင်ငံတွင် ဆေးလိပ်သောက်သုံးသူ ၁၆ သန်းရှိသည်။ ၎င်းတို့အနက်မှ ၁ ဒသမ ၅ သန်းက အသက် ၁၀ နှစ်မှ ၁၉ နှစ်ကြား လူငယ်လေးများဖြစ်နေသည်။ လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း မက္ကဆီကိုနိုင်ငံတွင် ဆေးလိပ်နှင့်ဆက်နွှယ်သည့် ရောဂါမျိုးစုံခံစားခဲ့ရသူဦးရေ ၂၉၀၀၀၀ ခန့်ရှိခဲ့ပြီး လူ ၅၀၀၀၀ ခန့်သည် ဆေးလိပ်ကြောင့်အရွယ်မတိုင်မီ ကွယ်လွန်ခဲ့ကြရသည်ဟုဆိုသည်။

အမေရိကတိုက်နိုင်ငံများကြား မက္ကဆီကိုနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဆေးလိပ်၊ ဆေးရွက်ကြီးထိန်းချုပ်ရေး မူဘောင်စာချုပ်ကို ၂၀၀၄ ခုနှစ်တွင် ပထမဆုံးလက်မှတ်ရေးထိုးခဲ့သည့် နိုင်ငံဖြစ်သည်။ ဆေးလိပ်၊ ဆေးရွက်ကြီးထိန်းချုပ်ရေး ဆောင်ရွက်ရာတွင် မှီဝဲသုံးစွဲသူများလျှော့ချနိုင်ရေးအပြင် ဆေးလိပ်ရရှိနိုင်မှု လျှော့ချနိုင်ရေးကိုပါ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲက မက္ကဆီကိုနိုင်ငံ၏ ဆေးလိပ်တိုက်ဖျက်ရေးဆောင်ရွက်ချက်များကို အားရမိကြောင်း တွစ်တာလူမှုကွန်ရက်တွင် ရေးသားထားခဲ့သည်။ ဆေးလိပ်သုညစီမံချက်ကိုသာ နိုင်ငံအများ ဝိုင်းဝန်းအကောင်အထည်ဖော်ကြမည်ဆိုပါက နှစ်စဉ် လူ ရှစ်သန်းခန့်ကို ကယ်တင်နိုင်လိမ့်မည်ဟုဆိုသည်။

ဆေးလိပ်၊ ဆေးရွက်ကြီးထိန်းချုပ်ရေးနှင့် ပတ်သက်ပြီး မက္ကဆီကိုနိုင်ငံအနေဖြင့် ဆောင်ရွက်ဖွယ်အလုပ်နှစ်ခုရှိနေသေးသည်။ ပထမအလုပ်ကဆေးလိပ်ဘူး ထုပ်ပိုးသည့်နည်းစနစ်များကို သတ်မှတ်ချက်များအတိုင်း ထိန်းချုပ်ရန်ဖြစ်ပြီး ဒုတိယအလုပ်က ပြည်ပမှတင်သွင်းလာသည့် ဆေးလိပ်များအပေါ် အကောက်ခွန်တိုးမြှင့်ကောက်ခံရန်ဖြစ်သည်။

ဥပဒေတစ်ခု အသက်ဝင်ရန်ဆိုသည်က ဥပဒေထဲတွင်ပါသည့် အရေးယူမှုပုံစံများအတိုင်း အပြစ်ပေးအရေးယူရန် လိုအပ်သည်။ မက္ကဆီကိုနိုင်ငံ၏ "လူမြင်ကွင်းမှာ ဆေးလိပ်မသောက်ရ" ဥပဒေသစ်အရ စည်းကမ်းချိုးဖောက်သူကို အမေရိကန်ဒေါ်လာ ၅၀ မှ ၃၀၀ ထိ ဒဏ်တပ်သည်။ စီးပွားရေးလုပ်ငန်းစု၊ အဖွဲ့အစည်းများမှဥပဒေချိုးဖောက်လျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ ထိ ဒဏ်တပ်ထားသည်။ သို့သော် တကယ်တမ်း ဒဏ်ငွေတပ်ကောက်ခံမည့်သူမရှိ၊ ဥပဒေကို စောင့်ရှောက်ပေးမည့်သူမရှိ ဖြစ်နေသည်။ ဥပဒေချိုးဖောက်သူများကို ဖမ်းဆီးအရေးယူရန် မက္ကဆီကိုရဲဌာနကို လုပ်ပိုင်ခွင့်နှင့်တာဝန်မပေးထားပေ။ အများပြည်သူကိုလည်း ထုတ်ပြန်လိုက်သည့် ဥပဒေသစ်နှင့်ပတ်သက်ပြီး အသိပညာပေးမှု အားနည်းနေသည်။

ဥပမာ- လူတစ်ယောက်က စားသောက်ဆိုင်ထဲတွင် ဥပဒေချိုးဖောက်ပြီး ဆေးလိပ်သောက်နေသည်ဆိုပါစို့။ စားသောက်ဆိုင်ဝန်ထမ်းများက ဒဏ်တပ်၍ မရနိုင်။ ဆေးလိပ်မသောက်ရန်ပင် တားဆီး၍မရနိုင်။ တားဆီး၍ ဆိုင်နှင့်ဆေးလိပ်သောက်သူကြား ပြဿနာပေါ်ပေါက်လာလျှင် ရဲကမည်သို့ဖြေရှင်းပေးနိုင်မလဲ။ ဥပဒေထဲတွင် ဖော်ပြမထားပေ။ ဆေးလိပ်သောက်သုံးသူကလည်း ဆေးလိပ်ဘူးများက အခွန်ဆောင်ထားပြီးဖြစ်သောကြောင့် နိုင်ငံသားတစ်ဦးတာဝန် ကျေပွန်ပြီးသူဟု ငြင်းချက်ထုတ်နိုင်သည်။ ဆေးလိပ်ခွန်များကိုလည်း ဆေးသုတေသနလုပ်ငန်းများတွင် သုံးစွဲမည်ဟု ထုတ်ပြန်ထားပြီးဖြစ်သည်။ မက္ကဆီကိုလွှတ်တော်ထဲတွင် ကောက်ခံရရှိသည့်ဆေးလိပ်ခွန် အမျိုးမျိုးကို ဆေးသုတေသနလုပ်ငန်းများအပြင် အခြားသောနေရာများတွင်သုံးစွဲရန် လွှတ်တော်အမတ်များက တောင်းဆိုနေကြသည်။

❖ လူတစ်ယောက်က စားသောက်ဆိုင်ထဲတွင် ဥပဒေချိုးဖောက်ပြီး ဆေးလိပ်သောက်နေသည်ဆိုပါစို့။ စားသောက်ဆိုင်ဝန်ထမ်းများက ဒဏ်တပ်၍ မရနိုင်။ ဆေးလိပ်မသောက်ရန်ပင် တားဆီး၍မရနိုင်။ တားဆီး၍ ဆိုင်နှင့်ဆေးလိပ်သောက်သူကြား ပြဿနာပေါ်ပေါက်လာလျှင် ရဲက မည်သို့ဖြေရှင်းပေးနိုင်မလဲ။ ဥပဒေထဲတွင် ဖော်ပြမထားပေ။ ဆေးလိပ်သောက်သုံးသူကလည်း ဆေးလိပ်ဘူးများက အခွန်ဆောင်ထားပြီး ဖြစ်သောကြောင့် နိုင်ငံသားတစ်ဦးတာဝန် ကျေပွန်ပြီးသူဟု ငြင်းချက် ထုတ်နိုင်သည်။ ဆေးလိပ်ခွန်များကိုလည်း ဆေးသုတေသနလုပ်ငန်း များတွင် သုံးစွဲမည်ဟုထုတ်ပြန်ထားပြီးဖြစ်သည်။ ❖

ဆေးလိပ်၊ ဆေးရွက်ကြီးအပြင် လက်ရှိခေတ်စားနေသည့် Vape နှင့် လျှပ်စစ်(အီးစီးကရက်)များကိုလည်း တင်းတင်းကျပ်ကျပ် ကိုင်တွယ်ထားသည်။ မက္ကဆီကိုနိုင်ငံအတွင်း ၎င်းပစ္စည်းများကိုတင်သွင်းခြင်း၊ ရောင်းချခြင်းနှင့်အများပြည်သူမြင်ကွင်းရှေ့သုံးစွဲခြင်းကို လုံးဝပိတ်ပင်ထားသည်။ ကုန်စုံဆိုင်များတွင် ဆေးလိပ်ကို လူမြင်သာသည့်နေရာများတွင် ဖော်ပြထားခွင့်မရှိပေ။ လူမမြင်သည့်နေရာတွင်သာထားရမည်၊ မေးမှသာ ထုတ်ပြရမည်ဟုဆိုသည်။ ထူးခြားချက်က အနံ့၊ အရသာရှိသည့် အီးစီးကရက်တစ်မျိုးကို ခြွင်းချက်အနေဖြင့် တရားဝင်ရောင်းချခွင့်ပြုထားပြန်သည်။ ၎င်း အီးစီးကရက်ကို ဆယ်ကျော်သက်လူငယ်များနှင့် အမျိုးသမီးအများအပြား၊ ဆေးလိပ်ဖြတ်ချင်သူ အတော်များများ သောက်သုံးမှီဝဲနေကြသည်။

အသစ်ထုတ်ပြန်လိုက်သည့် ဆေးလိပ်ထိန်းချုပ်ရေးဥပဒေနှင့်ပတ်သက်ပြီး တစ်ဖက်ကပြန်လည်ရရှိမည့် ကျန်းမာရေးဆိုင်ရာအကျိုးကျေးဇူးများကို အများပြည်သူသိရှိနိုင်ရန် ထပ်တလဲလဲအသိပညာပေးနေရန် လိုအပ်သည်။ ၎င်းဥပဒေ၏ဦးတည်ချက်သာအောင်မြင်ပါက မက္ကဆီကိုနိုင်ငံ၏ ဆေးလိပ်သောက်သုံးသူဦးရေ ၅ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းခန့်ထိ လျော့ကျသွားလိမ့်မည်ဟု အာဏာပိုင်များက မျှော်မှန်းထားကြသည်။

အားနည်းချက်တချို့ရှိသော်လည်း မက္ကဆီကိုနိုင်ငံ၏ ဆေးလိပ်ထိန်းချုပ်ရေး ဥပဒေသစ်မှာ လက်တင်အမေရိကနိုင်ငံများကြား အပြင်းထန်ဆုံး ဆောင်ရွက်ချက်ဖြစ်သွားသည်။ ဝင်ငွေနိမ့်နှင့်အလယ်အလတ်တန်းစားနိုင်ငံများအတွက်လည်း မက္ကဆီကိုနိုင်ငံ၏ ဆေးလိပ်ထိန်းချုပ်ရေးဥပဒေသစ်က သင်ခန်းစာယူစရာဖြစ်သည်။ ဘရာဇီး၊ အယ်လ်ဆာဗေဒိုးနှင့် ချီလီနိုင်ငံတို့သည်လည်း မက္ကဆီကိုနိုင်ငံ၏ လုပ်ဆောင်ချက်ကိုကြည့်ပြီး ဆေးလိပ်ထိန်းချုပ်ရေး မူဝါဒများကို ပြန်လည်သုံးသပ်နေကြသည်။

အခြားသောနိုင်ငံများကဲ့သို့ပင် မက္ကဆီကိုနိုင်ငံအတွက် ကျန်းမာရေးပြဿနာ စိန်ခေါ်မှုများစွာဖြင့် ရင်ဆိုင်နေရသည်။ အဝလွန်သူဦးရေ တစ်စတစ်စများပြားလာနေခြင်း၊ ဆီးချိုနှင့်နှလုံးသွေးကြောရောဂါလူနာများ ပိုမိုများပြားလာခြင်း အစရှိသည့်စိန်ခေါ်မှုများဖြင့် ရင်ဆိုင်နေရသည်။

ဥပဒေသစ်အရ ဆေးလိပ်သောက်သုံးမှုကို ထိထိရောက်ရောက် လျှော့ချနိုင်မည်ဆိုပါက စိန်ခေါ်မှုများ လျော့ပါးလာပြီး သိသာထင်ရှားသည့် အကျိုးရလဒ်များ ရရှိလိမ့်မည်ဟု သုံးသပ်ရပါသည်။

**ကိုးကား**

- **'Mexico bans smoking in public' by Sharmila Devi from Lancet Jan, 2023**

**ဒေါက်တာလွှမ်းမိုးဟန်**

# တန့်ယန်းမြို့နယ် မိုင်းပတ်(ရွာမ)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**တန့်ယန်း မတ် ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် မိုင်းပတ်ကျေးရွာအုပ်စု မိုင်းပတ်(ရွာမ)ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၁၀ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မိုင်းပတ်(ရွာမ)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မိုင်းပတ်(ရွာမ)ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၇၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာနေပြည်သူများထည့်ဝင်ငွေကျပ် ၅၇ သိန်း စုစုပေါင်းငွေကျပ် ၁၅၇ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇန်နဝါရီလ ဒုတိယပတ်မှစတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**နံ့လာ**

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အမေရိကန်လေတပ်အတွက် MH-139A ရဟတ်ယာဉ် ၁၃ စင်းကို Boeing ကုမ္ပဏီ စတင်ထုတ်လုပ်မည်



Boeing ကုမ္ပဏီသည် အမေရိကန်လေတပ်နှင့် ဒေါ်လာ ၂၈၅ သန်းတန် စာချုပ်အရ ပထမဆုံး MH-139A Grey Wolf ဘက်စုံသုံးရဟတ်ယာဉ် ၁၃ စင်းကို စတင် ထုတ်လုပ်တော့မည်ဖြစ်ကြောင်း မတ် ၈ ရက်က Defense Post တွင် ရေးသားဖော်ပြထားသည်။

ထုတ်လုပ်မှုသည် အမေရိကန်လေတပ်၏သက်တမ်းရင့် UH-1N Huey ရဟတ်ယာဉ်နေရာတွင် MH-139A ရဟတ်ယာဉ် ၈၄ စင်းထိ အစားထိုးရန် ကြိုးပမ်းမှုတစ်ခု စတင်လိုက်ခြင်းလည်းဖြစ်သည်။

ပေးပို့ပြီးသည်နှင့် ရဟတ်ယာဉ်များကို လေယာဉ်အမှုထမ်းများ အသက်ရှင်ရေးလေ့ကျင့်မှု၊ လေကြောင်းသယ်ယူပို့ဆောင်ရေးမစ်ရှင်များနှင့် တိုက်ချင်းပစ် ပဲ့ထိန်းဒုံးကျည်စနစ်များအတွက် ပံ့ပိုးကူညီမှုများတွင် အသုံးပြုသွားမည်ဖြစ်သည်။

MH-139A ရဟတ်ယာဉ်သည် မြန်နှုန်းနှင့် အကွာအဝေး ၅၀ ရာခိုင်နှုန်း ပိုမိုမြင့်မားကောင်းမွန်လာမည်ဖြစ်ပြီး အများဆုံး စုစုပေါင်းအလေးချိန် ပေါင် ၅၀၀၀ (ကီလိုဂရမ် ၂၃၀၀) ရှိမည်ဖြစ်သည်။

MH-139A ရဟတ်ယာဉ်များကို ၂၀၂၂ ခုနှစ်တွင် စမ်းသပ်ရန်အတွက် ပထမဆုံးရဟတ်ယာဉ်လေးစင်းကို အမေရိကန်လေတပ်သို့ ပို့ဆောင်နိုင်ခဲ့ပြီးနောက် ကနဦးထုတ်လုပ်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

စမ်းသပ်ခြင်းနှင့်အကဲဖြတ်ခြင်းမှ ထုတ်လုပ်ခြင်းထိ အစီအစဉ်ကိုအရှိန်မြှင့်တင်လုပ်ဆောင်ခြင်းသည် MH-139A ရဟတ်ယာဉ်များ တပ်တော်ဝင်အသုံးပြုလာနိုင်မည်ဖြစ်ရာ အမေရိကန်လေတပ်ကို ဆယ်စုနှစ်များစွာ ဒုံးကျည်လုံခြုံရေးများ ဆောင်ရွက်နိုင်စေရန် အဓိကခြေလှမ်းတစ်ရပ်လည်းဖြစ်ကြောင်း Boeing MH-139A ပရိုဂရမ် ဒါရိုက်တာ Azeem Khan က ပြောကြားခဲ့သည်။

နောက်နှစ်တွင် ရဟတ်ယာဉ်များစတင်လွှဲပြောင်း၊ ပို့ဆောင်နိုင်ရန် ကျွန်ုပ်တို့ ကြိုးပမ်းနေကြောင်း ဒါရိုက်တာ Azeem Khan က ဆိုသည်။

Boeing သည် ၎င်း၏တိုက်ပွဲဝင်အသင့် သက်သေပြထားနိုင်ခဲ့ပြီဖြစ်သော AW-139 သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်များမှ အတွေ့အကြုံများကို အသုံးချရန်နှင့်အနာဂတ် MH-139A ရဟတ်ယာဉ်အုပ်အတွက် မျိုးဆက်သစ်ရဟတ်ယာဉ်များ ထုတ်လုပ်ရာတွင် စစ်ဘက်ဆိုင်ရာစွမ်းဆောင်ရည်အသစ်များ ပေါင်းစည်းအသုံးပြုနိုင်ရန် Leonardo ကုမ္ပဏီနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အစီအစဉ်အရ Leonardo ကုမ္ပဏီသည် ကနဦး မူလစက်ပစ္စည်းထုတ်လုပ်သူဖြစ်ပြီး ဖီလာဒဲလ်ဖီးယားပြည်နယ် အရှေ့မြောက်ဘက်ရှိ ၎င်း၏စက်ရုံတွင် ရဟတ်ယာဉ်ကို တပ်ဆင်ထုတ်လုပ်ပေးသွားမည်ဖြစ်သည်။

"Boeing နဲ့အတူ Leonardo ကုမ္ပဏီမှာရှိတဲ့ ကျွန်တော့်ရဲ့မိတ်ဆွေတွေဟာ MH-139A ပရိုဂရမ်အောင်မြင်မှုအတွက် အာမခံပေးနိုင်ဖို့ စိတ်အားထက်သန်နေကြပါတယ်"ဟု အမေရိကန်အခြေစိုက် Leonardo Helicopters မှ CEO ဖြစ်သူ Clyde Woltman က ပြောကြားခဲ့သည်။

**Boeing Begins Production of First 13 Grey Wolf Helicopters for US Air Force ကို ဘာသာပြန်ဆိုထားပါသည်။**

## ဘယ်လာရုစ်က Buk-MB2 လေကြောင်းရန်ကာကွယ်ရေးစနစ်အတွက် Belarusian ဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့

ဘယ်လာရုစ်နိုင်ငံသည် Buk-MB2 လေကြောင်းရန်ကာကွယ်ရေးစနစ်အတွက် ၎င်း၏ကိုယ်ပိုင်ထုတ် Belarusian ဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း မတ် ၈ ရက်က ဘယ်လာရုစ်နိုင်ငံ BelTA သတင်းဌာန၏အဆိုအရ သိရသည်။

ဘယ်လာရုစ်သမ္မတ အလက်ဇန်းဒါးလူကာရှန်ကိုသည် မတ် ၇ ရက်တွင် အစိုးရအဆင့်မြင့်အရာရှိများကို အစိုးရဆုတံဆိပ်များနှင့် ပခုံးသိုင်းကြိုးများပေးအပ်စဉ် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ "ကျွန်ုပ်တို့ရဲ့ လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်စနစ်အတွက် ဒုံးကျည်တစ်စင်းကို ဒီနေ့စမ်းသပ်နိုင်ခဲ့တယ်။ ကျွန်ုပ်တို့ သတ်မှတ်ထားတဲ့အတိုင်းပျံသန်းနိုင်ခဲ့ပြီး လိုအပ်တာမှန်သမျှ ကိုက်ညီခဲ့ပါတယ်"ဟု သမ္မတအလက်ဇန်းဒါးလူကာရှန်ကိုက ကြေညာချက်တွင် ပြောကြားခဲ့သည်။

ဘယ်လာရုစ်နိုင်ငံသည် ပြည်တွင်းထုတ် Buk-MB2 လေကြောင်းရန်ကာကွယ်ရေးစနစ်အတွက် နောက်ထပ် အောင်မြင်သော စမ်းသပ်မှုတစ်ခုကိုပြုလုပ်ခဲ့ကြောင်း ရီပတ်ဘလစ်ကန် နိုင်ငံတော်စစ်ဘက်-စက်မှုလုပ်ငန်းကော်မတီက မတ် ၇ ရက်တွင် ကြေညာခဲ့သည်။

နိုင်ငံတော်စစ်ဘက်-စက်မှုလုပ်ငန်းကော်မတီသည် ဘယ်လာရုစ်နိုင်ငံထုတ် Buk-MB2 လေကြောင်းရန်ကာကွယ်ရေးစနစ်အတွက် တီထွင်ထားသည့် ပြည်တွင်းထုတ် 9M318 မြေပြင်မှဝေဟင်ပစ်ဒုံးကျည်များ၏ ပဏာမစမ်းသပ်မှုများကို အောင်မြင်စွာလုပ်ဆောင်နေကြောင်း ကော်မတီက ၎င်း၏တယ်လီဂရမ်ချန်နယ်တွင် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ် စက်တင်ဘာလ အစောပိုင်းတွင် ဘယ်လာရုစ်နိုင်ငံသည် အဇာဘိုင်ဂျန်၌ ပြုလုပ်သော ADEX 2022 ကာကွယ်ရေးပြပွဲတွင် 9M318 ဒုံးကျည်နှင့်အတူ Buk-MB2 လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ထုတ်ဖော်ပြသခဲ့သည်။ 9M318 မြေပြင်မှဝေဟင်ပစ်ဒုံးကျည်ကို ၂၀၂၀ ပြည့်နှစ်တွင် အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့သည်။

အဆင့်မြှင့်တင်ထားသော Buk-MB2 သည် ရန်သူနှောင့်ယှက်လှိုင်းများ အပြင်းအထန်ပိတ်ဆို့မှုအောက်တွင် Aerodynamic ဝေဟင်ပစ်မှတ်မျိုးစုံကို တိုက်ခိုက်ရန်နှင့် နည်းဗျူဟာမြောက်ပဲ့ထိန်းဒုံးကျည်များ၊ တိကျပဲ့ထိန်းလက်နက်များ၊ ရေတပ်နှင့် မြေပြင်ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ Buk-MB2 လေကြောင်းရန်ကာကွယ်ရေးစနစ်တွင် Phased Array ရေဒါတစ်ခုနှင့် Optoelectronic ပစ်မှတ်ရှာဖွေထောက်လှမ်းခြင်း၊ ခြေရာခံခြင်းစနစ်သစ်တို့ အသုံးပြုထားသည်။

လက်နက်စနစ်ဒီဇိုင်နာများ၏ ပြောကြားချက်အရ အဆိုပါစနစ်သည် အကွာအဝေး ကီလိုမီတာ ၂၀၀ ရှိပစ်မှတ်များကို ထောက်လှမ်းနိုင်ပြီး 9M318 မြေပြင်မှဝေဟင်ပစ်ဒုံးကျည်ဖြင့် အကွာအဝေး ၃ ကီလိုမီတာမှ ကီလိုမီတာ ၇၀ အတွင်း တိုက်ပွဲဝင်နိုင်စွမ်းရှိကြောင်း သိရသည်။ အဆိုပါစနစ်တွင် ဒုံးကျည်လေးစင်းပါရှိသည့် ဒုံးပစ်လောင်ချာတစ်ခုပါရှိပြီး ငါးမိနစ်အတွင်း တိုက်ပွဲဝင်အသင့် တပ်ဖြန့်အသုံးပြုနိုင်သည်။

ဘယ်လာရုစ်သမ္မတ အလက်ဇန်းဒါးလူကာရှန်ကိုက ဘယ်လာရုစ်စစ်ဘက်၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအေဂျင်စီများကို ခေတ်မီအဆင့်မြင့် လက်နက်များတပ်ဆင်ပေးနိုင်ရန် မကြာသေးမီက ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း အလေးပေးပြောကြားခဲ့သည်။ Polonez စနစ်နှင့် Buk-MB2 စနစ်တို့အတွက် ဒုံးကျည်အသစ်များကို စမ်းသပ်နေကြောင်း ဘယ်လာရုစ်နိုင်ငံစစ်ဘက်ဆိုင်ရာအာဏာပိုင်အဖွဲ့မှ ကိုယ်စားလှယ်များ၏ ပြောကြားချက်များအပေါ် ကိုးကား၍ BelTA သတင်းဌာနက ၂၀၂၂ ခုနှစ် မေလတွင် ရေးသားခဲ့ပြီးဖြစ်သည်။

"ဒုံးကျည်အင်ဂျင်နီယာနယ်ပယ်ဟာ လက်ရှိမှာ နိုင်ငံပိုင်စစ်ဘက်ဆိုင်ရာစက်မှုလုပ်ငန်းမှာ အဓိကအရေးပါနေတဲ့နယ်ပယ်တစ်ခုဖြစ်ပါတယ်။ ကျွန်ုပ်တို့ဟာ မေလမှာ နောက်ထပ် စမ်းသပ်မှုအဆင့်သစ်နဲ့ လာမဲ့ဩဂုတ်လမှာ စမ်းသပ်မှုတွေ ထပ်မံပြုလုပ်မှာဖြစ်ပါတယ်။ မနှစ်ကလိုပဲ ဒီနှစ်မှာ စမ်းသပ်မှုအဆင့်တွေ အများကြီးပြုလုပ်ပြီးမှ နှစ်ကုန်မှာ နိုင်ငံတော်အကြီးအကဲထံ တင်ပြနိုင်မယ်လို့ထင်ပါတယ်။ ဒီအဓိကကျတဲ့ကဏ္ဍမှာ နိုင်ငံတော်ပိုင်စစ်ဘက်ဆိုင်ရာစက်မှုလုပ်ငန်းတာဝန်တွေကို ကျေပွန်အောင်ဆောင်ရွက်သွားမှာပါ"ဟု ဘယ်လာရုစ်နိုင်ငံ စစ်ဘက်ဆိုင်ရာစက်မှုလုပ်ငန်း အာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ Dmitry Pantus က မှတ်ချက်ပြုပြောကြားခဲ့သည်။

ဘယ်လာရုစ်နိုင်ငံသည် ရုရှားနိုင်ငံနှင့် ဒုံးကျည်ထုတ်လုပ်ရေးနှင့်ပတ်သက်ပြီး အကူအညီပေးရေး သဘောတူညီမှုရရှိထားခဲ့ပြီးလည်းဖြစ်သည်။ ၂၀၂၂ ခုနှစ် မေလက ကျင်းပသော အစိုးရညီလာခံတွင် ဘယ်လာရုစ်သမ္မတ အလက်ဇန်းဒါးလူကာရှန်ကိုက အရှေ့ဖျားတွင် ရုရှားသမ္မတနှင့် နောက်ဆုံးတွေ့ဆုံမှုအပြီး ဝန်ကြီးချုပ်ကို ယခုတာဝန်ပေးအပ်ခဲ့သည်။ ရုရှား၌ ဒုံးကျည်ထုတ်လုပ်ရေးသဘောတူညီမှုတွင် ပါဝင်ခဲ့သော ရုရှားသမ္မတပူတင်၊ (Roscosmos အကြီးအကဲ Dmitry) Rogozin၊ ဘယ်လာရုစ်သမ္မတလူကာရှန်ကိုနှင့် အခြားသူများ ကျွန်ုပ်တို့၏ R &D ထုတ်ကုန်များကို လာရောက်ကြည့်ရှုသင့်ကြောင်း စစ်ဘက်ဆိုင်ရာစက်မှုလုပ်ငန်း အာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ Dmitry Pantus က ထည့်သွင်းပြောကြားခဲ့သည်။



**Belarusian missile for Buk-MB2 air defense systems successfully tested ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing opens Myanmar Health Sciences Conference (2023)




Senior General Min Aung Hlaing delivers address at the opening ceremony of Myanmar Health Sciences Conference (2023).

**Nay Pyi Taw March 11**

Opening ceremony of Myanmar Health Sciences Conference (2023) was held at Myanmar International Convention Center II in Nay Pyi Taw at 8.30 am today, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, Joint SAC Secretary Lt-Gen Ye Win Oo, SAC members, Union level officials, senior military officers from Office of Commander-in-Chief, deputy ministers, high-level officers, internal and external health experts of various fields, rectors and professors of medical science, students of post-graduate courses, and distinguished guests.

First, the Vice-Senior General, the Union Health Minister, the director of directorate of Medical Services, the chairman of Myanmar Medical Council, the chairman of Myanmar Dental Oral Medical Council, the chairperson of Myanmar Nurse and Midwife Council, the vice chairperson of Myanmar Medical Practitioner Association formally opened the archway of the conference by cutting a ribbon.

The Senior General opened the archway commemorating the conference by pushing a button.

At the Plenary Hall of MICC II where the second part of the conference was held, the Senior General gave a speech. He said the conference would be held under the heading **"Quality Care in Medical Practice"**, and its goals are: to enhance friendship among health experts of various fields from Nay Pyi Taw and regions and states, to coordinate academic matters through coordination, to develop treatment methods, to promote awareness of the advancing modern medical sciences through involvement of experts of various health fields, to encourage medical and medical related experts to continue their study on advancing medical sciences, to support quality public healthcare services.




Senior General Min Aung Hlaing inspects medical equipment.




Senior General Min Aung Hlaing hears report on medical equipment.

It is a common knowledge that SAC has been promoting the health standard of the national people. Covid-19 Prevention, Control and Treatment Central Committee led by the Senior General, and Covid-19 Control and Emergency Response Committee led by the Vice-Senior General and bodies at all levels were set up, necessary tasks performed in time in order to prevent, contain and respond the Covid-19 epidemic that severely threatened life of the peoples and healthcare systems of global countries and to end its evil consequences on social and economic sectors. With government's leadership and guidance, assistance from friendly countries based on energetic force medical experts including those from Ministry of Health and Ministry of Defence, internal volunteer organizations, and collective efforts of national people, the country could fight back and control Covid-19 infection to a certain degree.

The Senior General thanked all those who lent a helping hand and expressed belief that while taking the success as an example, the national people will be able to successfully overcome other health issues with collective strength.

Since SAC started shouldering the State duties, it has been implementing the five-point Roadmap in the interest of the nation and people. As SAC could successfully implement the second point -- Effective measures will be taken with added momentum to prevent and manage the COVID-19 pandemic – during the two-year emergency period, it has adopted a new 2nd point -- Public-centred development tasks will be undertaken for the development of socioeconomic life to ensure the prosperity and food sufficiency of the country – that also covers the entire health sector. SAC has been implementing the five-point Roadmap in accord with the four political objectives, four economic objectives and four social objectives.

In implementing the third social objective of the SAC - to further strengthen basic health care services of the nation and to emerge the health system for enhancement of longevity and health of the entire national people, the Ministry of Health plays a major role and the objective must be implemented step by step successfully in cooperation with the units of the Directorate of Medical Services of the Ministry of Defence, relevant departments, philanthropic organizations that aim to serve the interests of the country and the people and the public.

In taking measures for development of the healthcare sector to enhance longevity and health of the entire national people, it is necessary to carry out tasks for emergence of a healthcare system that provide medical services which is accessible to all equally including maternal and contraceptive health, infant and child healthcare and development, school healthcare and nourishment, prevention of infectious and non-infectious diseases, COVID-19 monitoring and vaccination, regular vaccinations, healthcare services for workplaces and environs and enhancement of health.

In enhancing basic healthcare services for longevity of everyone and life expectancy of the public,

*See Page 13*



Senior General Min Aung Hlaing poses for documentary photo together with attendees.

*From Page 12*

cooperation of relevant departments and organizations and the entire people is needed in addition to the tasks carried out by the Ministry of Health and health experts. Therefore, constant efforts must be made to raise health awareness of the people and to enable them to adopt healthy lifestyles.

In doing so, policies and projects have been developed and implemented to effectively provide services for prevention of diseases and quality treatments based on resources of the country. The government increases budget allocations for the health sector yearly to enable people's hospitals to provide healthcare services to emergency patients at any time, to provide necessary medicines, diagnosis and treatments to the people at low expenses as much as possible, to carry out maintenance and construction of hospitals so that the people can receive healthcare services conveniently and purchase modern medical equipment to provide quality treatments. In addition to construction of housing quarters for health workers, measures are being taken to provide cash rewards and other benefits to them.

To nurture qualified healthcare human resources, 16 medical and medical science related institutes and 53 nursing and midwifery training schools have been opened and courses are conducted by reviewing their curriculums to fulfill the needs. It was learnt that the curriculums have been changed in accordance with result-based inter-professional teaching methods to meet international standards and inter-professional education and practical cooperation have been introduced to enable health workers to cooperate.

It is encouraging for public healthcare services to learn that healthcare training is conducted not only for quantity but also for quality by placing emphasis on ethics. Moreover, a new school admission system has been introduced since 2022 for institutes of medicine and institutes of dental medicine to select students who have passed matriculation examinations by scrutinizing whether they are truly interested in medical science, abide by medical ethics, want to perform duties in health field and can provide medical services out of compassion and goodwill.

It was learnt that the Food and Drug Administration of the Ministry of Health has been carrying out supervision and providing services systematically to manufacture and distribute quality medicines and foodstuffs to enable the public to consume them confidently. The FDA is required to conduct tests on foodstuffs and medicines quickly and precisely.

The Ministry of Health must be congratulated on successfully organizing the Myanmar traditional medicine practitioners conferences and the Myanmar traditional medical science conferences 21 times with the aim of providing effective traditional medical services to the people by applying traditional medical science and promoting the standards of traditional medical science.

It was learnt that the Department of Medical Research of the Ministry of Health is conducting research constantly with the aim of enhancing the health status of the people. The department must be congratulated on successfully conducting researches on Myancopharm and related medicines, Withama fever medicine produced by the Department of Traditional Medicine, and mutation of germs and on successfully organizing Myanmar medical research conference 51 times.

Health human resources are required for the SAC to succeed in its roadmap. As the Ministry of Health works day and night to improve the country's health standard and make sure the entire people live long free from diseases, I believe that today's conference will pave the way for realizing these objectives.

At the event, the professors at home and abroad from the health field and medal experts in attendance will inherit the legacy of healthcare to young doctors and medical experts of the young generation. Therefore, I want to urge the health experts and staff of the younger generation to hold effective discussions as they will have shares of knowledge about fundamentals, new concepts and experiences related to disease prevention, treatment and rehabilitation.

It is the first conference that the Ministry of Health organized and sponsored. Likewise, such a symposium involving multi-sectors in the health field should be held on a regular basis. During the meeting, local and international doctors will be extensively discussing treatment and surgeries over OG, child disease, bone, eye, ear and nose diseases, public healthcare services, study of those branches and practical cooperation among health experts. So, all those in attendance will gain good knowledge and experiences and they will be able to apply them.

The people for thier part will have understanding of advanced treatment, public healthcare, production of human resources in the health sector, advanced medical research, traditional medicine development and food and drug control. They will also be aware that measures are being taken for the emergence of an affordable, inclusive quality health system for the people, thereby contributing to their life expectancy. I recognize the efforts of the Nay Pyi Taw Council area, regions and states to provide treatment and surgeries for eye diseases, cleft lip and palate and eye tests to the local people as a campaign prior to the symposium.

All are urged to cooperate in the efforts for gradual improvement of Myanmar's health standard by learning thoroughly from the knowledge and techniques from today's event.

**"As the strength of a nation lies within,"** health and medical experts from the Ministry of Health, the Ministry of Defence and other relevant ministries and from the private health sector are urged to work together in improving the country's health sector. All are to work together for the emergence of the abovementioned health system with the aim of improving the country's health standard, the people's life expectancy and ensuring everyone is free from disease.

Next, a documentary video clip on the activities of the Ministry of Health was shown. The Senior General had a group photo taken together with the experts from the health field and specially invited guests.

After the opening ceremony, the Senior General and those in attendance viewed the booths of various medical branches and societies for medical development, medicines and medical equipment, modern apparatuses and medicines, health education programmes, teaching aids, publications, documentary photos on the activities and achievements of relevant departments, and cooperation with the international community. The Senior General gave necessary suggestions in repose to the reports by officials.


Myanmar Health Sciences Conference (2023) in progress.

At the conference, health and medical experts from the Ministry of Health and health field, military medical experts from the medical corps of the Directorate of Medical Services under the Office of the Commander-in-Chief (Army), retired health experts and members of the medical corps, out-of-service doctors and medical experts from the Asia and Southeast Asia regions will give lectures and discussions. 100

# Vice-Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win attends dinner in honour of Myanmar Health Sciences Conference 2023


Vice-Senior General Soe Win enjoys performance of artistes at the dinner.

**Nay Pyi Taw March 11**

Vice-Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win attended a dinner in honour of Myanmar Health Science Conference 2023 hosted at Myanmar International Convention Center -2 in Nay Pyi Taw this evening.

Present at the dinner were members of the State Administration Council, union ministers, senior military officers, deputy ministers, permanent secretaries, directors-general, rectors, medical and medical-related experts from various areas, guests and officials.

The Vice-Senior General enjoyed the dinner together with the attendees.

Before and during the dinner, artistes of the Fine Arts Department performed on music and songs.

After the dinner, the Vice-Senior General presented a flower basket to the artistes. 100




# Border trade zones earned trade surplus of over US$3,100 million till 24 February this fiscal

**Nay Pyi Taw March 11**

Myanmar's border trade zones earned a trade surplus of over US$3,100 million till 24 February in the current 2022-2023 fiscal year, according to the Ministry of Commerce.

Myanmar carries out border trade activities with its neighbouring countries such as China, Thailand, Bangladesh, India and Laos.

From 1 April to 24 February this fiscal, the border trade camps except Kyailat border trade camp on the border with Laos, Mese camp on the border with Thailand and Reed camp on the border with India traded goods worth US$7,552.679 million—US$5,360.212 million in exports and US$2,192.467 million in imports. Therefore, there was a trade surplus of 3,167.745 million.

During the period, trade camps bordering Thailand handled US$3,161.369 million in exports and US$1,743.082 million in imports with a trade surplus of US$1,418.314 million. Trade camps bordering China handled US$2,160.789 million in exports and US$443.437 million in imports with a trade surplus of US$1,717.352 million. Trade camps bordering Bangladesh handled US$26.875 million in exports and US$0.166 million in imports with a trade surplus of US$28.509 million. Trade camps bordering India handled US$9.352 million in exports and US$5.782 million in imports with a trade surplus of US$3.570 million. 336

# More than K180 million allowed forcompensation to insured workers

**Mandalay March 11**

Aungmyethazan Social Security Office in Mandalay Region allowed insured workers to take out more than K180 million for compensation.

There are 1,594 cases of insured workers from April 2022 to date, and the majority of them are ailing and maternity cases. The office has delivered more than K180 million as compensation for them, said staff officer Daw Moe Moe Thwe of the township social security office.

"Our office is responsible for providing healthcare services to insured workers or giving compensation to those injured and dead in the workplaces under the 2012 social security law. So, we collect the social security fees from them. When they face these events, we correctly issue compensations to them on time. We issue the compensations to them within a month. We have to give healthcare services to ailing persons and fill the declined salaries to them during the leave time. So, they are convenient," she added.

The social security board arranges rights to insured workers. Workplaces are to register their workers at the board to have guarantees for those workers. If so, those workers will have compensations in ailing, giving birth, dead cases, medical cost, travel allowance and injuries and entitlements of bereaved families.

185

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တစ်ရက်လျှင် မွေးမြူရေးတီလားပီးယား ပိဿာချိန် ၅၀၀၀ တင်ပို့ရောင်းချနေရ



**မအူပင် မတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တစ်ရက်လျှင် မွေးမြူရေးတီလားပီးယား ပိဿာချိန် ၅၀၀၀ တင်ပို့ရောင်းချနေရကြောင်း မအူပင်မြို့နယ် မွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ မွေးမြူရေးတာဝန်ခံ ဦးမင်းမင်းနိုင်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင်များက ဒေသထွက်မွေးမြူရေးတီလားပီးယားများကို ဝယ်ယူ၍ စနစ်တကျသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ဖေဖော်ဝါရီလက တစ်ရက်လျှင် မွေးမြူရေးတီလားပီးယား ပိဿာချိန် ၁၅၀၀ မှ ၂၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရကြောင်း၊ မတ် ၁ ရက်မှ ယနေ့ထိ တစ်ရက်လျှင် တီလားပီးယားပိဿာချိန် ၅၀၀၀ ထိ တင်ပို့ရောင်းချနေကြောင်း သိရသည်။

"မအူပင်မြို့နယ်က မွေးမြူရေးလုပ်ငန်းရှင်တွေက ဈေးကွက်မရှိတာကြောင့် ရပ်နားခဲ့သူတွေတောင်ရှိခဲ့ပါတယ်။ လက်ရှိ ရန်ကုန်ဈေးကွက်ကလဲ တီလားပီးယားတွေကို ဝယ်လိုအားကောင်းနေတာကြောင့် ပိဿာချိန်တွေ တော်တော်များများ တင်ပို့ရောင်းချနေရတယ်။ ငါး ပိဿာချိန်တွေ တော်တော်များများ တင်ပို့ရောင်းချနေရတာကြောင့် ငါးအကောင်ရေ ထပ်တိုးမွေးလာသူတွေလဲရှိပါတယ်။ မအူပင်မြို့နယ်ဘက်မှာက အခြားငါးအမျိုးအစားတွေနဲ့ယှဉ်ရင် တီလားပီးယားမွေးမြူရတာ အဆင်ပြေကြတာတွေ့ရပါတယ်"ဟု မအူပင်မြို့နယ် မွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ မွေးမြူရေးတာဝန်ခံ ဦးမင်းမင်းနိုင်က ပြောပြသည်။

မအူပင်မြို့နယ်တွင် မွေးမြူသည့်ငါးသားပေါက်များကို ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်မှ ဝယ်ယူမွေးမြူခြင်းဖြစ်ကြောင်း၊ အဆိုပါ တီလားပီးယားများကို သုံးလ သို့မဟုတ် လေးလခန့် မွေးမြူရပြီး ငါးသားပေါက်တစ်ကောင်လျှင် ငွေ ၄၅ ကျပ် ပေးဝယ်ရကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရပ်စောက်မြို့နယ် ကျောက်ဆုံကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေး

**ရပ်စောက် မတ် ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ကျောက်ဆုံကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရှေးရယ်က စီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းအတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျောက်ဆုံကျေးရွာရှိ လုပ်ကွက်ငယ် တောင်သူများ၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ အသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများကို ရန်ပုံငွေကျပ် ၃၅၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရှေးရယ်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ ကျောက်ဆုံကျေးရွာမှ အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ခေါင်လန်ဖူးမြို့နယ် ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ခေါင်လန်ဖူး မတ် ၁၁**

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ မရာလ်းဒမ်းကျေးရွာနှင့် ဟီဝမ်လော်ကျေးရွာတို့တွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၁၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ခေါင်လန်ဖူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးညီညီနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၄၆ ဒသမ ၀၆ သန်းဖြင့် ဆောင်ရွက်သည့် မရာလ်းဒမ်းကျေးရွာနှင့် ဟီဝမ်လော်ကျေးရွာတွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမျိုးညီညီက ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုကြောင်း မှာကြားသည်။

ခေါင်လန်ဖူးမြို့နယ် မရာလ်းဒမ်းကျေးရွာတွင် အရှည် နှစ်မိုင် စိမ့်စမ်းရေသွယ်တန်းခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ ရေတားတမံတည်ဆောက်ခြင်းနှင့် ဟီဝမ်လော်ကျေးရွာတွင် အရှည် တစ်မိုင်လေးဖာလုံ စိမ့်စမ်းရေသွယ်တန်းခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းများကို အားခိကူမွကာက ၂၀၂၂ ခုနှစ် ဇူလိုင် ၄ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားသဖြင့် ကျေးရွာနှစ်ရွာရှိ ဒေသခံပြည်သူများ ရာသီမရွေး သောက်သုံးရေဖူလုံစွာရရှိတော့မည်ဖြစ်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း ခေါင်လန်ဖူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၁-၃-၂၀၂၃

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၅၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၃၈၀၀၀ |
| **(စွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **ပဲဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၅၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၉၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၅၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၄၀ |
| **(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)




☆ **ကျောဖုံးမှအဆက်**

အတူတကွသုံးဆောင်သည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ဖျော်ဖြေပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ကပြဖျော်ဖြေကြသည့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲတွင် ကပြဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။**

**စာမျက်နှာ ၁၇ မှအဆက်**

**ဆောင်ရွက်နေမှုများကို ပိုမိုပြီးသတိပြုသိရှိစေမည်ဖြစ်**ပါကြောင်း။

ထိုသို့သိရှိနိုင်စေရေးအတွက် နှီးနှောဖလှယ်ပွဲကြီး၏ အကြိုလှုပ်ရှားမှုများအဖြစ် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဖြစ်သော မျက်စိရောဂါများကို ခွဲစိတ်ကုသပေးခြင်း၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနေသူများကို ခွဲစိတ်ကုသပေးခြင်း၊ ကျောင်းသား၊ ကျောင်းသူများကို မျက်စိရောဂါနှင့် မျက်မှန်တပ်ဆင်ရန်လိုအပ်မှု ရှိ၊ မရှိ အမြင်အာရုံ စမ်းသပ်စစ်ဆေးပေးခြင်းများကို နေပြည်တော်ကောင်စီ နယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သက်ဆိုင်ရာ ဒေသခံပြည်သူများ၏ ကျန်းမာရေးအတွက် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်ကိုလည်း အသိအမှတ်ပြုပြောကြားလိုပါကြောင်း။

ယနေ့ကျင်းပသည့် **ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကြီးမှ ရရှိသည့် ပညာရပ်ဆိုင်ရာအတွေ့အကြုံ၊ ဗဟုသုတများ၊ နည်းပညာသစ်များကို သေချာစွာဆန်းစစ်လေ့လာပြီးမြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မြင့်မားလာစေရန်အတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်း**ပြောကြားလိုပါကြောင်း။

**“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”**ဆိုသည့်အတိုင်း ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် နီးနွယ်ဆက်စပ် ဝန်ကြီးဌာနများတွင်ရှိသည့် ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာပညာရှင်များ၊ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှ ကျန်းမာရေးပညာရှင်များစသည့် ကျန်းမာရေးကဏ္ဍဆိုင်ရာပညာရှင်အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ကျန်းမာရေးကဏ္ဍကို မြှင့်တင်ပေးကြရန်မှာကြားလိုပါကြောင်း၊ တိုင်းရင်းသားပြည်သူအပေါင်း၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း တိုးတက်မြင့်မားလာစေရေး၊ ပြည်သူများ၏ မျှော်မှန်းလူ့သက်တမ်း မြင့်မားလာပြီး လူတိုင်းသက်တမ်းစေ့နေနိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းစေရေး စသည့်ရည်မှန်းချက်များပြည့်မီစေရန်နှင့် ပြည်သူများ၏ ကိုယ်ပိုင်ငွေကြေးထဲမှ စိုက်ထုတ်သုံးစွဲရသည့် ကုန်ကျမှုသက်သာစေပြီး အားလုံးလက်လှမ်းမီ အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ရပ် ဖြစ်ပေါ်လာစေရေးတို့အတွက် စိတ်ကောင်း စေတနာ၊ မွန်မြတ်စိတ်ထားမေတ္တာတရားအပြည့်ဖြင့် ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်မှတ်တမ်း (Documentary Video Clip)ကို ပြသသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျန်းမာရေးနယ်ပယ်အသီးသီးမှ ပညာရှင်များ၊ အထူးဖိတ်ကြားထားသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဆေးပညာရပ်ဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာသာရပ် Society အစုံပါဝင်သည့် ပြခန်းများနှင့် ဆေးနှင့်ဆေးပစ္စည်း၊ ခေတ်မီစက်ကိရိယာများနှင့် ဆေးဝါးများ၊ ကျန်းမာရေးပညာပေးအစီအစဉ်များ၊ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ စာအုပ်စာစောင်များ၊ သက်ဆိုင်ရာဦးစီးဌာနများ၏ စွမ်းဆောင်နိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှု မှတ်တမ်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုများမေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ အကြံပြုပြောကြားခဲ့သည်။

ယခုနှီးနှောဖလှယ်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးနှင့်သက်ဆိုင်သည့် နယ်ပယ်အသီးသီးမှ ဆေးနှင့်ဆေးနီးနွယ် ပညာရှင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးအောက်ရှိ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ဆေးပညာရှင်များ၊ အငြိမ်းစားကျန်းမာရေး ပညာရှင်များ၊ အငြိမ်းစားတပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ ပြင်ပဆရာဝန်များသာမက အာရှနှင့် အရှေ့တောင်အာရှဒေသတွင်းမှ ဆေးပညာရှင်များ တက်ရောက်ဟောပြော ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# သန့်ရှင်းသာယာသော မြို့ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

**နေပြည်တော် မတ် ၁၁**

မိမိတို့၏ နေ့စဉ်လူမှုဘဝ နေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသော လူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်လိုအပ် အရေးကြီးလှသည်။ မိမိတို့တစ်ဦးချင်းနေထိုင်ကြသည့် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်နေမှသာလျှင် သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊ Clean Village များ ဖြစ်လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မျှတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မပြတ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာဒေသများသန့်ရှင်းသာယာလှပရေးကို အားတက်သရောဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နှင့် မိုင်းပန်မြို့တို့၌လည်းကောင်း၊ မွန်ပြည်နယ် ကျိုက်ထိုမြို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ်လူရွယ်များစုစည်း၍ “မြို့ရွာသန့်ရှင်းရောဂါကင်း စုပေါင်းအမှိုက်ရှင်း” စာသားတံဆိပ်ပါ တူညီဝတ်စုံများဝတ်ဆင်ပြီး အမရပူရမြို့နယ် တောင်သမန်အင်းအနောက်ဘက်ခြမ်းဝန်းကျင်၌ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများတစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာလျှင် ၁၀၀ ကျပ်ဖြင့် ဝယ်ယူ၍ စနစ်တကျ အမှိုက်စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြသည်။



**မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ်လူရွယ်များစုစည်း၍ “မြို့ရွာသန့်ရှင်းရောဂါကင်း စုပေါင်းအမှိုက်ရှင်း” စာသားတံဆိပ်ပါ တူညီဝတ်စုံများ ဝတ်ဆင်ပြီး အမှတ်(၃၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဝင်း အတွင်းအပြင်နှင့် (၅၈)လမ်း သံလမ်းဘေးဝဲယာတို့၌ စုပေါင်းအမှိုက်ကောက်စဉ်။**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (၂၀၂၃) ကျင်းပ




ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (၂၀၂၃) တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၁၁**

မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး နှီးနှောဖလှယ်ပွဲကို ကျင်းပသည်။

နှီးနှောဖလှယ်ပွဲ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းအစီအစဉ်များတွင် main symposium အဖြစ်Quality Care in Medical Practice(အရည်အသွေးရှေးရှု ကျန်းမာရေးစောင့်ရှောက်မှု)အကြောင်းကို ဆွေးနွေးကြပြီး Genomic medicine in Myanmar-Current and Future Applications (မျိုးရိုးဗီဇဆိုင်ရာဆေးပညာကို လက်ရှိနှင့် အနာဂတ်အသုံးချမှုများ)၊ Professor Ouppatham က Role of calcitriol in the management of chronic kidney disease (နာတာရှည်ကျောက်ကပ်ရောဂါကုသမှုအတွက် ဗီတာမင်ဒီ၏ အခန်းကဏ္ဍ)၊ Living with Hypertension (သွေးတိုးရောဂါအတွက် ပြောင်းလဲကျင့်သုံးရမည့် လူနေမှုပုံစံသစ်)၊ SurgeryUpdates in Management of gastric cancer၊ Inguinal Hernia and Sepsis၊ Dr Takayuki Inagaki နှင့် မြန်မာဆရာဝန်ကြီးများက Updates in Neurosurgery (ဦးနှောက်အာရုံကြော ခွဲစိတ်ရောဂါများ နောက်ဆုံးပေါ် ခေတ်မီကုသမှုနည်းလမ်းများ)၊ Updates in management of Colorectal cancer (အူမကြီးကင်ဆာကုသမှု နောက်ဆုံးပေါ်ခေတ်မီကုသမှုနည်းလမ်းများ)၊ Haematopathological cases၊ Update in endoscopic surgery၊ Safe anaesthesia for every patient today၊ Updates on Prevention of Cervical Cancer၊ update on Endocopic surgery (ကိုယ်တွင်းကြည့်မှန်ပြောင်းဖြင့် ခွဲစိတ်မှု နောက်ဆုံးပေါ် ခေတ်မီကုသမှုနည်းလမ်းများ)၊ Safe anaesthesia (လုံခြုံစိတ်ချရစေရာ၊ မေ့ဆေးပေးစဉ်အချိန်တိုင်းမှာ)၊ Haematopathological Cases (သွေးရောဂါဖြစ်ပွားနေသော လူနာများ၏ဖြစ်စဉ်ကို တင်ပြခြင်း)၊ Professor Dr Tan Soo Youngu Pathology Special Talk အဖြစ် Challenges in Diagnosis of Lymphoma၊ Standard care in cardiology (အရည်အသွေးရှေးရှု နှလုံးကုသမှု)၊ Dr. Sanjay Kalra က Basal insulin Addressing the Fasting Plasma Glucose Challenge (မနက်စာမစားမီ ဆီးချိုသွေးချိုကို အင်ဆူလင်ဖြင့် ထိန်းညှိခြင်း)၊ Osteoporosis: "Not to Miss" (အရိုးပါး အရိုးပွရောဂါ မမေ့လျော့သင့်ပါ)၊ Updates in Management of Common Hepatobiliary Problems (အသည်း၊ သည်းခြေလမ်းကြောင်းနှင့် ပန်ကရိယဆိုင်ရာရောဂါများ၏ နောက်ဆုံးပေါ် ကုသနည်းများ)၊ Integrative care of Pain (နာကျင်မှုဝေဒနာအား စုပေါင်းကုသခြင်း)၊ Dr Taweesak Chotivatanapong နှင့် Dr SuphasitSathitrakoolwdkhuI-HD: Stable Angina and Longterm treatment (နှလုံးသွေးကြောကျဉ်းရောဂါအတွက် ရေရှည်ကုထုံးများ)၊ (Standard Practice in Gastroenterology) (အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ စံပြုကုထုံး)ခေါင်းစဉ်များဖြင့် ဟောပြောဆွေးနွေးကြပြီး တက်ရောက်လာသူများက ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီး ဌာနတို့မှ အထူးကု ဆေးအဖွဲ့များက ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် အတွင်းရှိ ဒေသခံ ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

**နေပြည်တော် မတ် ၁၁**

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များက ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် တာဝန်ရှိသူများသည် ယနေ့တွင် မာန်အောင်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ခွဲစိတ်ကုသပြီးသော ဒေသခံပြည်သူများကို ဆေးရုံရေယာဉ်ပေါ်၌ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေး၍ မျက်မှန်များ တပ်ဆင်ပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။ ထို့နောက် အဆိုပါလူနာများကို မာန်အောင်မြို့ဆိပ်ကမ်းသို့ တပ်မတော်ရေယာဉ်ဖြင့် ပြန်လည်ပို့ဆောင်ပေးသည်။

ထို့အတူ နယ်လှည့်အထူးကုဆေးအဖွဲ့သည် မာန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၂၁၂ ဦးကို မာန်အောင်မြို့ရှိ မြို့နယ်ခန်းမ၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးကြသည်။

ထိုသို့ဆောင်ရွက်ပေးရာ ယနေ့တွင် ဆေးကုသမှုဆိုင်ရာရောဂါ ၇၅ ဦး၊ ခွဲစိတ်ရောဂါ ခုနစ်ဦး၊ သားဖွားမီးယပ်ရောဂါ ၂၄ ဦး၊ ကလေးရောဂါ ခြောက်ဦး၊ အရိုးရောဂါ ၂၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၂ ဦး၊ မျက်စိရောဂါ ၂၆ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၅ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၁၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာတစ်ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့နောက် တပ်မတော်အထူးကုဆေးအဖွဲ့များပါဝင်သော တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် မာန်အောင်မြို့မှ ကျောက်ဖြူမြို့နယ် စနဲမြို့သို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ယနေ့နေ့လယ်ပိုင်းတွင် ဆက်လက်ထွက်ခွာခဲ့ကြောင်း သိရသည်။

ကျန်းမာရေးဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"ဦးတို့ဒေသက သီးခြားကျွန်းဖြစ်တဲ့အတွက် တခြားဒေသတွေနဲ့ ကူးလူးဆက်ဆံရတာ အခက်အခဲတွေအများကြီးရှိပါတယ်။ အထူးသဖြင့် မိုးတွင်းကာလတွေမှာဆိုရင် လှိုင်းတွေကြီးတဲ့အတွက် ကျန်းမာရေးနဲ့ပတ်သက်တဲ့ ဆေးကုသမှုလုပ်ငန်းတွေကို သွားဖို့အတွက် အခက်အခဲတွေအများကြီး ရှိပါတယ်။ ဒေသခံတွေအတွက်တော့ အများကြီးအကူအညီရပါတယ်။ ဘာလို့လဲဆိုတော့ အဝေးကိုသွားပြီးတော့ မကုနိုင်တဲ့သူတွေ မိမိဒေသမှာ ကိုယ်တိုင်လာရောက်ကုသပေးတဲ့အတွက် အများကြီးသက်သာရလည်းရပါတယ်။ စိတ်ချမ်းသာမှုတွေလည်း အများကြီးရပါတယ်ဗျ။ ဦးကတော့ မြို့မိမြို့ဖလည်းဖြစ်တဲ့အတွက် ဒီမှာလိုအပ်တာလေးတွေ လူမှုရေးဆိုင်ရာလိုအပ်တာလေးတွေကို လူနာလာပို့တဲ့သူတွေကိုရော၊ လူနာစောင့်တွေကိုရော ဧည့်ခံကျွေးမွေးဖို့အတွက် ဝိုင်းဝန်းကူညီပေးပါတယ်။ လာရောက်ကုသပေးဖို့အတွက် လမ်းညွှန်ပေးတဲ့ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့ မိသားစုကိုလည်း အထူးကျေးဇူးတင်ပါတယ်။ အခုလိုပဲ သံလွင်သင်္ဘောက ဦးတို့ဆီကိုလာပြီးတော့ တကူးတက ကိုယ်တွေ့လာရောက် ကုသပေးတဲ့အတွက် ကျွန်းသူ၊ ကျွန်းသားများကိုယ်စား အထူးပဲကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

"ကျွန်တော့်ရဲ့သွားက လှုပ်နေတဲ့အတွက် နုတ်ချင်လို့ပါ။ သွားရောဂါပေါ့။ ဒါကိုကုသချင်တဲ့ ဆန္ဒနဲ့ ဒီကိုလာခဲ့တယ်။ ကျွန်တော်တို့ မာန်အောင်မြို့နယ်အတွက် သွားဘက်ဆိုင်ရာကိစ္စနဲ့ပတ်သက်လို့ အခက်အခဲတွေအများကြီးရှိတာပေါ့။ အခုလိုလာရောက်ပြီး ကုသပေးတာ၊ အခုလိုတကူးတကလာပြီး ဆောင်ရွက်ပေးတာကြောင့် ကျွန်တော်တို့အနေနဲ့လည်း ကုသ ဖြစ်တယ်။ ကျွန်တော့်အနေနဲ့လည်း အထူးပဲဝမ်းသာတယ်။ ကျွန်တော်တို့မာန်အောင်မြို့မှာက အထွေထွေရောဂါဆေးကုဌာနတစ်ခုပဲရှိပါတယ်။ ဒါပေမဲ့ အခုဒီနေရာမှာ နား၊ နှာခေါင်း၊ လည်ချောင်း၊ မျက်စိ၊ သွားဘက်ဆိုင်ရာရယ် အဘက်ဘက်က စုံလာတဲ့အတွက် ကုသမှုကလည်းသူ့ကဏ္ဍနဲ့သူ၊ သူ့ဌာနနဲ့သူ သီးခြားစီခွဲထားတော့ ပိုပြီးတော့ အဆင်ပြေတယ်လို့ မြင်မိပါတယ်။ အတတ်နိုင်ဆုံး ကြိုးစားပြီးတော့ လူနာတွေကိုအဆင်ပြေအောင် ဆောင်ရွက်နေတာ ကျွန်တော်တို့အနေနဲ့ တွေ့မြင်ရပါတယ်။ ဒီလိုနိုင်ငံတော်အကြီးအကဲကနေပြီးတော့ ပြည်သူအတွက် ဒီလိုစေတနာသန့်သန့်ရှင်းရှင်းနဲ့ ကူညီပံ့ပိုးလို့ ပြည်သူအပေါ်မှာ ဒီလိုလုပ်ပေးဆောင်ရွက်တာကို ကျွန်တော်တို့ဘက်က အဆုံးတိုင်ကျေးဇူးတင်ပါတယ်။ ကိုယ်ကျိုးမဖက် ကိုယ့်မိသားစုအတွက်မပါဘဲနဲ့ ပြည်သူအတွက် တတ်နိုင်တဲ့ဘက်ကနေပြီး ပြည်သူအတွက် စွမ်းစွမ်းတမံလုပ်ကိုင်ဆောင်ရွက်ပေးတာကို ကျွန်တော်တို့အနေနဲ့ အများကြီးဝမ်းသာပါတယ်။ ဒီလိုပဲဝိုင်းဝန်းပြီး ပြည်သူကို တတ်နိုင်သလောက် တစ်ဖက်တစ်လမ်းက နှစ်စဉ်နှစ်တိုင်း ဆောင်ရွက်ပေးနိုင်ပါစေလို့ ကျွန်တော့်အနေနဲ့ ဆုတောင်းမေတ္တာပို့ပါတယ်" ဟု ပြောသည်။





# AAET Distinguished Lecture for the Commemoration of World Engineering Day 2023 ကျင်းပ

**နေပြည်တော် မတ် ၁၁**

World Engineering Day 2023 အထိမ်းအမှတ်အဖြစ် AAET Distinguished Lecture for the Commemoration of World Engineering Day 2023 အခမ်းအနားကို AAET အဖွဲ့ကြီး၏ခွင့်ပြုချက်ဖြင့် AAET Country Operation Unit Of Myanmar က ယနေ့ နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံး၌ Online Zoom Meeting ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနာယက စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အဖွင့်မိန့်ခွန်း ပြောကြားရာတွင် ကမ္ဘာ့အင်ဂျင်နီယာ အသင်းချုပ် (WFEO) က စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ရည်ရွယ်၍ မတ် ၄ ရက်ကို ကမ္ဘာ့အင်ဂျင်နီယာနေ့အဖြစ် သတ်မှတ်ကြေညာပေးရန် အဆိုပြုခဲ့ကြောင်း၊ အင်ဂျင်နီယာများနှင့် အင်ဂျင်နီယာပညာရပ်၏ပုံရိပ်ကို မြှင့်တင်ရန်အတွက် ၂၀၁၉ ခုနှစ်တွင် UNESCO က WFEO မှ အဆိုပြုခဲ့သည့်အတိုင်း မတ် ၄ ရက်ကို ကမ္ဘာ့အင်ဂျင်နီယာနေ့ အဖြစ် ကြေညာပေးခဲ့ကြောင်း၊ ယခုနှစ် ကမ္ဘာ့အင်ဂျင်နီယာနေ့၏ ဆောင်ပုဒ်မှာ **"အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဆန်းသစ်တီထွင်မှုဖြင့် ကြံ့ကြံ့ခံနိုင်သည့်ကမ္ဘာကို တည်ဆောက်ရန်"** ဖြစ်ပြီး စတုတ္ထအကြိမ်မြောက်ကျင်းပခြင်းဖြစ်ကြောင်း၊ AAET အနေဖြင့်လည်း ကမ္ဘာ့အင်ဂျင်နီယာနေ့ကို အထူးအလေးထားကာ ပိုမိုတောင့်တင်းခိုင်မာသည့် အာဆီယံနှင့် ကမ္ဘာဖြစ်လာစေရန်အတွက် အင်ဂျင်နီယာဆိုင်ရာ ဆန်းသစ်တီထွင်မှုများကို မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ ဟောပြောပွဲကို ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း၊ နေပြည်တော်ရှိ ကမ္ဘာ့အမြင့်ဆုံး ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်တည်ဆောက်မှုကို မြန်မာအင်ဂျင်နီယာများ၏ ဆန်းသစ်တီထွင်မှုဆိုင်ရာ အောင်မြင်မှုအဖြစ် ယခုအခမ်းအနားတွင် ထည့်သွင်းတင်ပြလိုကြောင်း၊ တည်ထားပြီးစီးပါက ဗုဒ္ဓ




ရုပ်ပွားတော်သည် ပလ္လင်တော်အပါအဝင် အမြင့် ၈၁ ပေရှိပြီး အလေးချိန် ၅၂၉၂ တန်ရှိမည်ဖြစ်ကြောင်း။

ထုထည်နှင့် အလေးချိန်ကြီးမားလှသည့်အတွက် ကျောက်တုံးများကို ဆင်းတုတော်အတွက် အပိုင်းလေးပိုင်းနှင့် ပလ္လင်တော်အတွက် အပိုင်းငါးပိုင်း စုစုပေါင်း အပိုင်းကိုးပိုင်းခွဲထုတ်ရန် ဆုံးဖြတ်ခဲ့ကြကြောင်း၊ စကျင်ကျောက်အပိုင်းကြီးများ သယ်ယူပို့ဆောင်ခြင်းကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် စတင်ဆောင်ရွက်ခဲ့ပြီး စကျင်ကျောက်အပိုင်းကြီးများ နေပြည်တော်သို့ သယ်ယူပို့ဆောင်ခြင်းကို အဆင့်ဆင့် ဆောင်ရွက်ခဲ့ကြရကြောင်း။

ရုပ်ပွားတော်မြတ်ကြီးအား ရာသီဥတုဒဏ်နှင့် အခြားသဘာဝဘေးဒဏ်များ ခံနိုင်ရည်ရှိစေရေးအတွက် ဒီဇိုင်းရေးဆွဲထားကြောင်း၊ ရုပ်ပွားတော်ကြီး၏ ပင်မကိုယ်ထည်ကို အပိုင်းလေးပိုင်းဖြင့် ထုဆစ်ပူဇော်သွားမည်ဖြစ်ပြီး အပိုင်းတစ်ပိုင်းချင်းစီကို မြန်မာအင်ဂျင်နီယာများကိုယ်တိုင် တီထွင်ဒီဇိုင်းရေးဆွဲထားသည့် CNC Machine များ၊ ခေတ်မီစက်ကိရိယာများဖြင့် ပုံဖော်ထုဆစ်မှုများ ဆောင်ရွက်ခဲ့ကြကြောင်း။

ဆင်းတုတော်ပင့်ဆောင်ရာတွင် ထုဆစ်ပြီးကျောက်သားများ ထိခိုက်မှုမရှိစေရန် သံမဏိပန်းတောင်း တည်ဆောက်ခြင်းတို့မှာ အချိန်အားဖြင့် ခုနစ်လကြာပြီး သံထည်ပစ္စည်းတန်ချိန် ၃၈၀၀ အသုံးပြု၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် ပူးပေါင်းကာ တပ်မတော်သားအင်ဂျင်နီယာများက တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ယခုကဲ့သို့ ကြီးမားလေးလံသည့် ပစ္စည်းကို မတင်ရွှေ့ပြောင်းဖူးသည့် နည်းပညာအတွေ့အကြုံနှင့် စက်ယန္တရားများ အသုံးမပြုခဲ့ဖူးသော်လည်း ယခု မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် သက်ဆိုင်ရာ လုပ်ငန်းအင်ဂျင်နီယာ အသီးသီးတို့၏ အတွေ့အကြုံများဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းပြီး ဒီဇိုင်းရေးဆွဲတွက်ချက်ခြင်း၊ စစ်ဆေးခြင်းတို့တွင် ခေတ်မီနည်းပညာများကို အသုံးပြုတွက်ချက်၍ တည်ဆောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်သည့်လုပ်ငန်းအား တင်ပြရခြင်းမှာ မိမိတို့ဝန်းကျင်ရှိ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဆန်းသစ်တီထွင်မှုများကို မီးမောင်းထိုးပြလိုခြင်းနှင့် အင်ဂျင်နီယာများကို ဆန်းသစ်တီထွင်မှုများ ပိုမိုလုပ်ဆောင်နိုင်ရေး တိုက်တွန်းအားပေးလိုခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ဆန်းသစ်တီထွင်မှုဟူသည် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအသစ်များကိုပြုလုပ်နိုင်သည့် အတွေးအခေါ်များ သို့မဟုတ် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကိုပေးဆောင်ရာတွင် တိုးတက်မှုဖြစ်စေသည့် အတွေးအခေါ်များကို လက်တွေ့အကောင်အထည်ဖော်ခြင်းပင်ဖြစ်ကြောင်း။

ယနေ့ခေတ်၌ ကမ္ဘာတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ၏ နောက်ဆက်တွဲပြဿနာများ၊ ရာသီဥတုပြောင်းလဲမှု၊ အထွေထွေသော အကျပ်အတည်းများဖြင့် သဘာဝဘေးအန္တရာယ်များ၊ ကျန်းမာရေးပြဿနာ၊ ရွှေ့ပြောင်းနေထိုင်မှုနှင့် နိုင်ငံသားအထောက်အထားပြဿနာ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကဲ့သို့သော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရကြောင်း၊ ကံကောင်းသည်မှာ ဆန်းသစ်တီထွင်ဉာဏ်ရှိသော အင်ဂျင်နီယာများ ရှိနေခြင်းပင်ဖြစ်ကြောင်း၊ ပြဿနာများကိုဖြေရှင်းနိုင်မည့် R&D အင်ဂျင်နီယာများ၊ ကုန်ထုတ်အင်ဂျင်နီယာများ၊ လုပ်ငန်းစဉ်အင်ဂျင်နီယာများ၊ အတိုင်ပင်ခံအင်ဂျင်နီယာများ၊ လုပ်ငန်းခွင်အင်ဂျင်နီယာများ၊ အရောင်းအင်ဂျင်နီယာများနှင့် အခြားများစွာသော အင်ဂျင်နီယာများသည် အခန်းကဏ္ဍစုံမှာ ရှိနေကြကြောင်း၊ အမှန်မှာ အင်ဂျင်နီယာပညာရပ်ဟူသည် ပြဿနာဖြေရှင်းခြင်းမျှသာ မဟုတ်ဘဲ မိမိတို့ဘဝကို ပိုမိုကောင်းမွန်စေမည့် ဖြေရှင်းနည်းများကို ရှာဖွေခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့အင်ဂျင်နီယာများသည် ၎င်းတို့၏ ဆန်းသစ်တီထွင်မှုဖြင့် ပိုမိုကြံ့ကြံ့ခံနိုင်သည့်ကမ္ဘာကို တည်ဆောက်ရုံသာမက ပိုမိုကောင်းမွန်သောကမ္ဘာကြီးကို ဖန်တီးနိုင်မည်ကို ယုံကြည်ကြောင်း။

၂၀၂၃ ခုနှစ် ကမ္ဘာ့အင်ဂျင်နီယာနေ့ကို ဂုဏ်ပြုသောအားဖြင့် အင်ဂျင်နီယာများ စွမ်းဆောင်ခဲ့ကြသော ခမ်းနားသည့် တီထွင်မှုများနှင့် တီထွင်ဆန်းသစ်မှုများ အတွက် ဂုဏ်ပြုလိုပါကြောင်းနှင့် ဆက်လက်၍ လည်း တီထွင်ဆန်းသစ်မှုများကို လုပ်ဆောင်ကြရန် တိုက်တွန်းအားပေးလိုပါကြောင်း ပြောကြားသည်။

ထို့နောက် AAET President, Prof. Dr. Ewe Hong Tat က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ဆက်လက်၍ AAET Vice President, မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ အောင်ကျော်မြတ် က Seismic Hazard and Vulnerability Assessment For Bagan/ Nyaung U Area ခေါင်းစဉ်ဖြင့် Seismicity Around Bagan/Naung-U Area, Significant Ground Shakings on Historical Monuments, Development of Seismic Hazard and Vulnerability Assessment တို့ကို Distinguished Lecture အဖြစ် ဟောပြောသည်။

အခမ်းအနားသို့ AAET အဖွဲ့ကြီးမှ နိုင်ငံတကာ Professors များ၊ ပညာရှင်များ၊ ပြည်တွင်းရှိ အင်ဂျင်နီယာပညာရှင်များ၊ ဗိသုကာပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

Distinguished Lecture ဟောပြောမှုအပြီးတွင် တက်ရောက်လာသည့် ပညာရှင်များက သိရှိလိုသည်များကို မေးမြန်းကြရာ ပါမောက္ခ ဒေါက်တာ အောင်ကျော်မြတ်က ပြန်လည်ဖြေကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက ဒေါက်တာစိန်မြင့်ကိုယ်စား ပါမောက္ခဒေါက်တာအောင်ကျော်မြတ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

# ချမ်းမြသာစည်မြို့နယ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် အမှတ်(၃)ရေတွန်းစက်ရုံတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကြည့်ရှုစစ်ဆေး



**မန္တလေး မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ချမ်းမြသာစည်မြို့နယ် ကန်သာယာမြို့သစ်ရှိ အမှတ်(၃၁) အခြေခံပညာအထက်တန်းကျောင်းအတွင်း၊အပြင်တို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ယနေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူ စုစုပေါင်း အင်အား ၅၀၀ ခန့်က ကျောင်းအတွင်း၊အပြင်နှင့် (၅၈) သံလမ်း ဝဲယာတို့တွင်လူအင်အား၊ စက်ယန္တရားအင်အားတို့ဖြင့် သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များလှည်းကျင်းခြင်း၊ စာသင်ခန်းများအတွင်း ခြင်ဆေးဖျန်းခြင်း စုပေါင်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏အမှတ်(၃) ရေတွန်းစက်ရုံသို့ သွားရောက်ပြီး မန္တလေးမြို့ ရေဖြန့်ဝေပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ရေနှင့် သန့်ရှင်းမှုဌာနမှ ဌာနမှူး ဦးထွန်းဝင်းနှင့် အမြန်နှုန်းသဲရေစစ်ကန် (Rapid Sand Filtration System) နည်းပညာဖြင့် တစ်နေ့လျှင် သန့်စင်ရေဂါလန် ၁ ဒသမ ၅ သန်း ထုတ်နိုင်မည့် Water Treatment Plant တည်ဆောက်နေမှုနှင့်ပတ်သက်၍ စည်သာနန်းထက်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသောင်းတန်တို့က ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့နေလူထုအား သန့်ရှင်းသောရေလုံလောက်စွာဖြန့်ဖြူးပေးနိုင်ရေး၊ ရေခက်ခဲမှုများ မဖြစ်ပေါ်စေရေး၊ မြေပေါ်မြေအောက်ရေ သယံဇာတများ အသုံးပြုရာတွင် အလေအလွင့်မရှိစေရေး၊ စက်ပစ္စည်းများကို စနစ်တကျထိန်းသိမ်းကိုင်တွယ်အသုံးပြုရေး၊ လုပ်ငန်းအပေါ် စေတနာထားကာ သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ ရေရှည်မျှော်မှန်း၍ အရည်အသွေးကောင်းမွန်သည့်ပစ္စည်းများကိုသာ တပ်ဆင်အသုံးပြုရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို အလေးထားဆောင်ရွက်သွားရန် မှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်သည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

**နေပြည်တော် မတ် ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ရှိ တိုင်းခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ကျေးဇူးတင်အမှာစကားပြောကြားသည်။ ထို့နောက် စေတနာရှင်အလှူရှင်များက ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက စေတနာရှင်အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ကြိုးစားထမ်းဆောင်နိုင်ခဲ့ကြသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို တိုင်းမှူးက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ရာ ဆုရရှိကြသူများက လက်ခံရယူကြသည်။

ယင်းနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုလှူဒါန်းသည့် စေတနာရှင်အလှူရှင်များ၏ကိုယ်စား တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တိုင်းမှူးက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

# မုံရွာမြို့နယ်နှင့် မကွေးမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မကွေးမြို့နယ် တည်ပင်ကန်ပေါက်ကျေးရွာ၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကောရဗျကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူ ၆၇ ဦးတို့ကို အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် တည်ပင်ကန်ပေါက်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၆၂ ဦးတို့ကို အဆိုပါကျေးရွာရှိ ရတနာ့ဂုဏ်ရည်ကျောင်းတိုက်၌လည်းကောင်း ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း နယ်မြေခံ တပ်ရင်းများ၌ ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



**နေပြည်တော် မတ် ၁၁**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက ကွန်ဟိန်းတပ်နယ်ရှိ နယ်မြေခံတပ်ရင်းများ၏ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးခြံများအတွင်း ရာသီသီးနှံများ စိုက်ပျိုးထားရှိမှု၊ တစ်သျှူးငှက်ပျောစိုက်ပျိုးထားရှိမှု၊ စင်တင်သီးနှံများ စိုက်ပျိုးထားရှိမှု၊ ဥစားကြက်၊ အသားတိုးကြက်၊ ငါး၊ နို့စားနွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မတ် ၁၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

**နေပြည်တော် မတ် ၁၁**

မတ် ၁၀ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၅၀၄၂ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၉၅၅ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၄၄၁ ဦး |

# အကြမ်းဖက်မှုတိုက်ဖျက်ရေးနည်းဥပဒေများ ထုတ်ပြန်

**(ယမန်နေ့မှအဆက်)**

၅၅။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည်-

(က) အကြမ်းဖက်မှုဆိုင်ရာကိစ္စအတွက် စုံစမ်းစစ်ဆေးရန် တားဆီးထိန်းသိမ်းထားသော သင်္ဘောနှင့် သင်္ဘောပိုင်ရှင်အား စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ပြီးနောက် အကြမ်းဖက်မှု ကျူးလွန်ခြင်း မရှိကြောင်းတွေ့ရှိသဖြင့် အရေးယူဆောင်ရွက်ရန် မလိုအပ်ကြောင်း တွေ့ရှိပါက ရေကြောင်း ပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများအား အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ဖြင့် သင်္ဘောကို ပြန်လည်လွှတ်ပေးရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ တားဆီးထိန်းသိမ်းထားသော သင်္ဘောနှင့် သင်္ဘောပိုင်ရှင်အား စုံစမ်းစစ်ဆေးခြင်းများပြုလုပ်နေစဉ်ကာလအတွက် ဆိပ်ကမ်းအခွန်အခများကို ကင်းလွတ်ခွင့်ပေးစေရမည်။

**အခန်း (၁၀)**

**စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် အမှတ်အသားပြုလုပ်ခြင်းနှင့် အမှတ်အသားပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း**

၅၆။ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့် အကြမ်းဖက်မှုများအား တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၅ ပါ ပေါက်ကွဲစေတတ်သောပလတ်စတစ် ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သောအစီအမံများကို ချမှတ်ထားရမည်။

၅၇။ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့် အကြမ်းဖက်မှုများအား တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့သည် ပေါက်ကွဲစေတတ်သောပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် နည်းဥပဒေ ၅၆ အရ ချမှတ်ထားသော အစီအမံများနှင့်အညီ ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ရန် ရဲတပ်ဖွဲ့ဝင်များနှင့် ကျွမ်းကျင်သူများအား တာဝန်ပေးရမည်။

၅၈။ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့် အကြမ်းဖက်မှုများအား တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့သည် ၁၉၉၁ ခုနှစ်၊ စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းများအား အမှတ်အသားပြုလုပ်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်း(The Convention of Plastic Explosives) နှင့်ညီညွတ်ခြင်းမရှိသော အောက်ပါပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအား ဖြစ်နိုင်သမျှဆောလျင်စွာ ဖျက်ဆီးရမည်-

(က) မည်သည့်ပေါက်ကွဲစေတတ်သောပစ္စည်းပါဝင်ကြောင်း အမှတ်အသားပြုလုပ်ထားခြင်းမရှိသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ၊

(ခ) သက်ဆိုင်ရာအာဏာပိုင် သို့မဟုတ် ပြည်ထောင်စုဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ထုတ်လုပ်သည့်၊ ဖြန့်ဖြူးသည့်၊ တင်သွင်းသည့်၊ တင်ပို့သည့်၊ ဖြတ်သန်းသယ်ဆောင်သည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများနှင့် ဆိုက်ကပ်ရပ်နားထားသည့် ယာဉ်ပေါ်တွင်ပါရှိသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ။

၅၉။ မည်သည့်ပေါက်ကွဲစေတတ်သောပစ္စည်းပါဝင်ကြောင်း အမှတ်အသားပြုလုပ်ထားခြင်းမရှိသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို နိုင်ငံတော်ကလုပ်ပိုင်ခွင့်အပ်နှင်းထားသော တာဝန်ရှိသူ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ စီမံအုပ်ချုပ်သူ၏ ကြီးကြပ်မှုအရ တပ်မတော်ကဖြစ်စေ၊ ရဲတပ်ဖွဲ့က ဖြစ်စေ ဆောင်ရွက်မှုများသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၅ ပါ ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၆၀။ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများနှင့် အကြမ်းဖက်မှုများအား တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့သည် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ လက်နက်တိုက်တွင် ပြည်ပမှတင်သွင်းသော သို့မဟုတ် နိုင်ငံတော်အတွင်းထုတ်လုပ်သည့် ပေါက်ကွဲစေတတ်သောပစ္စည်းများနှင့် ရှိပြီးဖြစ်သော အမှတ်အသားမပြုလုပ်ရသေးသည့် ပေါက်ကွဲစေတတ်သော ပစ္စည်းများကို ဖျက်ဆီးရေးအတွက် လိုအပ်သော လုပ်ငန်းအစီအစဉ်များချမှတ်၍ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများအား တာဝန်ပေးအပ်ရမည်။

၆၁။ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့် အကြမ်းဖက်မှုများအား တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အခြားဝန်ကြီးဌာနတစ်ခုခု၏ ခွင့်ပြုချက်ဖြင့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ဖြတ်သန်းသယ်ယူပို့ဆောင်မှုနှင့် ဆိုက်ကပ်ရပ်နားသည့် ယာဉ်ပေါ်တွင် တင်ဆောင်မှုများကို ကြီးကြပ်ခြင်း၊ ထိုသို့ဆောင်ရွက်ခွင့်ပြုနိုင်ရန် စိစစ်ပြီး သဘောတူညီချက်ပေးနိုင်ရန် ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(ခ) ၁၉၉၁ ခုနှစ် စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းများအား အမှတ်အသားပြုလုပ်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ကြပ်မတ်ခြင်းနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများသို့ အသိပညာပေးခြင်း၊

(ဂ) တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် သို့မဟုတ် မည်သည့်ပေါက်ကွဲစေတတ်သောပစ္စည်းပါဝင်ကြောင်း မှတ်သားထားခြင်းမရှိသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို နိုင်ငံတော်၏ နယ်နိမိတ်အတွင်းဖြစ်စေ၊ နယ်နိမိတ်ပြင်ပသို့ဖြစ်စေ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ဖြတ်သန်းသယ်ယူပို့ဆောင်မှုနှင့် ဆိုက်ကပ်ရပ်နားသည့် ယာဉ်ပေါ်တွင် တင်ဆောင်မှုများကို တားဆီးနှိမ်နင်းရေးနှင့် အရေးယူရေးတို့အတွက် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) တားဆီးနှိမ်နင်းရေးနှင့် အရေးယူရေးတို့ပြုနိုင်ရန် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီက နည်းဥပဒေ ၇၂ အရ ဖွဲ့စည်းပေးသော စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့တို့အား အချိန်ပြည့်ဖြစ်စေ၊ အချိန်ပိုင်းဖြစ်စေ တာဝန်ပေးအပ်ခြင်း၊

(င) ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ဖြတ်သန်းသယ်ယူပို့ဆောင်မှုနှင့် ဆိုက်ကပ်ရပ်နားမှု စသည်တို့ဆောင်ရွက်ရန် ခွင့်ပြုချက်ထုတ်ပေးသည့် အခွင့်ရအာဏာပိုင် သို့မဟုတ် ပြည်ထောင်စုဝန်ကြီးဌာနက ထိုသို့ခွင့်ပြုချက်မပေးမီ မိမိလုပ်ငန်းအဖွဲ့သို့ ကြိုတင်ညှိနှိုင်းသဘောတူညီချက်ရယူစေခြင်း၊

(စ) ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုတစ်ခုခုကို ကျူးလွန်မှု၊ ကျူးလွန်ရန်အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ်ပါဝင်ဆောင်ရွက်မှုတို့အပေါ် ဥပဒေအရ အရေးယူတရားစွဲဆိုရန် ထိုဥပဒေပုဒ်မ ၇၀ အရ ကြိုတင်ခွင့်ပြုချက် တောင်းခံရာတွင် စိစစ်ဆောင်ရွက်ပြီး ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(ဆ) ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများချမှတ်ပြီး ဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင်များအား ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဇ) အမှတ်အသားပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများအား လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်းမပြုရန် တားမြစ်ကန့်သတ်သည့်အမိန့်များ ထုတ်ပြန်နိုင်ရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီသို့တင်ပြခြင်းနှင့် ဆောင်ရွက်မှုကိုကြီးကြပ်ခြင်း၊

(ဈ) မိမိလုပ်ငန်းအဖွဲ့၏ ဆောင်ရွက်ချက်များကို ဗဟိုအဖွဲ့သို့ အခါအားလျော်စွာ တင်ပြခြင်း။

၆၂။ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့် အကြမ်းဖက်မှုများအား တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများသည်-

(က) တပ်မတော် သို့မဟုတ် ရဲတပ်ဖွဲ့၏လက်နက်တိုက်တွင် အမှတ်အသားမပြုလုပ်ရသေးသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကိုသော်လည်းကောင်း၊ ပြည်ပမှ တင်သွင်းသော သို့မဟုတ် နိုင်ငံတော်အတွင်း ထုတ်လုပ်သော သို့မဟုတ်ရှိပြီးဖြစ်သော အမှတ်အသားမပြုလုပ်ရသေးသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကိုသော်လည်းကောင်း ဖျက်ဆီးရေးအတွက် လိုအပ်သောအစီအမံများချမှတ်ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ စီမံဆောင်ရွက်ရာတွင် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို လက်ဝယ်ထားခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းကို ထိရောက်စွာ ကန့်သတ်ထားသည့် သတ်မှတ်ချက်များနှင့်အညီ လိုက်နာခြင်းရှိ၊ မရှိ ကြီးကြပ်ကွပ်ကဲရမည်။

၆၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့များနှင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့များသည်-

(က) ၁၉၉၁ ခုနှစ်၊ စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းများ အမှတ်အသားပြုလုပ်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမပြုသည့်အပြင် မည်သည့်ပေါက်ကွဲစေတတ်သောပစ္စည်းပါဝင်ကြောင်း မှတ်သားထားခြင်းမရှိသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို နိုင်ငံတော်၏နယ်နိမိတ်အတွင်း မည်သည့်အရပ်ဒေသတွင်မဆို ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်း ဆောင်ရွက်နိုင်သည်။

(ခ) အမှတ်အသားပြုလုပ်ခြင်းနှင့် အမှတ်အသားပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းဆိုင်ရာပစ္စည်းများကို နိုင်ငံတော်၏နယ်နိမိတ်အတွင်းဖြစ်စေ၊ နယ်နိမိတ်ပြင်ပသို့ဖြစ်စေ အခွင့်ရအာဏာပိုင်၏ခွင့်ပြုချက်မရှိဘဲ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ဖြတ်သန်းသယ်ယူပို့ဆောင်မှု သို့မဟုတ် ဆိုက်ကပ်ရပ်နားသည့် ယာဉ်ပေါ်တွင် တင်ဆောင်မှု ပြုလုပ်ကြောင်း စုံစမ်းစစ်ဆေးရှာဖွေတွေ့ရှိပါက ချိပ်ပိတ်ခြင်း၊ တားမြစ်ခြင်း၊ တားဆီးကာကွယ်ခြင်း၊ သိမ်းဆည်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းတို့ ပြုနိုင်သည်။

(ဂ) နိုင်ငံတော်၏ နယ်နိမိတ်သတ်မှတ်ဧရိယာ လေပိုင်နက်၊ ရေပိုင်နက်နှင့် ကုန်းတွင်းပိုင်နက်အတွင်း အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုကျူးလွန်ရန် သို့မဟုတ် အကြမ်းဖက်ဗုံးခွဲ တိုက်ခိုက်မှုကျူးလွန်ရန် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းဆိုင်ရာ အရာဝတ္ထုများသယ်ဆောင်လာသော မည်သည့်ပို့ဆောင်ရေးယာဉ်ကိုမဆို ရပ်တန့်စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းတို့ ပြုနိုင်သည်။

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုချက်မရှိဘဲ နိုင်ငံတော်၏ နယ်နိမိတ်အတွင်း ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာ အရာဝတ္ထုများပါရှိခြင်း၊ သယ်ဆောင်ခြင်း၊ သို့ဝှက်ထားခြင်းတို့အား စစ်ဆေးရှာဖွေတွေ့ရှိသည့် မည်သည့်ပို့ဆောင်ရေးယာဉ်ကိုမဆို နိုင်ငံတော်နယ်နိမိတ်အတွင်းမှ လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းထွက်ခွာခွင့်များအား တားဆီးခြင်း၊ တားမြစ်ခြင်း၊ ပိတ်ဆို့ခြင်း၊ ရပ်တန့်ခြင်း၊ သိမ်းဆည်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းတို့ ပြုနိုင်သည်။

**အခန်း (၁၁)**

**အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း**

၆၄။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် ဥပဒေပုဒ်မ ၃၉ ပါ သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန်သော်လည်းကောင်း၊ စီးပွားရေးနစ်နာဆုံးရှုံးမှု ကြီးမားစွာဖြစ်စေရန်သော်လည်းကောင်း၊ ကျယ်ကျယ်ပြန့်ပြန့်ပျက်စီးစေရန်သော်လည်းကောင်း ရည်ရွယ်၍ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဖြစ်သည့် နိုင်ငံတော်အတွင်း အများပြည်သူအသုံးပြုသည့်နေရာတွင် ဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းတစ်ခုခုတွင် ဖြစ်စေ၊ ဓာတ်ငွေ့ပိုက်လိုင်း၊ ရေနံပိုက်လိုင်း၊ တာဝါတိုင်များ၊ ဆက်သွယ်ရေးကေဘယ်လ်လိုင်းများ၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ် သို့မဟုတ် အခြေခံအဆောက်အအုံပစ္စည်းတစ်ခုခုတွင် ဖြစ်စေ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းကို ပေးအပ်မှု၊ ချထားမှု၊ စွန့်ပစ်မှု သို့မဟုတ် ဖောက်ခွဲမှု သို့မဟုတ် ယင်းတို့ကို ဖျက်ဆီးမှုဆိုင်ရာ ပြစ်မှုများကို တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်အဆင့်အထိ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သော အောက်ဖော်ပြပါ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့အသီးသီးကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်သော်လည်းကောင်း၊ နေပြည်တော်ကောင်စီနှင့်သော်လည်းကောင်း ညှိနှိုင်း၍ဖွဲ့စည်းပေးရမည်-

စာမျက်နှာ ၂၃ သို့

စာမျက်နှာ ၂၂ မှအဆက်

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေး ကွပ်ကဲမှုအဖွဲ့

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး — အဖွဲ့ခေါင်းဆောင်

(၂) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၃) တပ်မတော်နယ်မြေခံတပ်မှ အရာရှိတစ်ဦး — အဖွဲ့ဝင်

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မီးသတ်ဦးစီးဌာနမှူး — အဖွဲ့ဝင်

(၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး၊ — အဖွဲ့ဝင်

(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး၊ (လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ) — အဖွဲ့ဝင်

(ခ) ပြည်ထောင်စုနယ်မြေ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုတိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့

(၁) ဒုတိယရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ — အဖွဲ့ခေါင်းဆောင်

(၂) ညွှန်ကြားရေးမှူး၊ နေပြည်တော်ကောင်စီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၃) တပ်ဖွဲ့မှူး၊ နေပြည်တော်ရဲတပ်ဖွဲ့ — အဖွဲ့ဝင်

(၄) တပ်မတော်နယ်မြေခံတပ်မှအရာရှိတစ်ဦး — အဖွဲ့ဝင်

(၅) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန — အဖွဲ့ဝင်

(၆) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန — အဖွဲ့ဝင်

(၇) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုတိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိရဲတပ်ဖွဲ့မှူး — အဖွဲ့ခေါင်းဆောင်

(၂) ဒုတိယညွှန်ကြားရေးမှူး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၃) တပ်မတော်နယ်မြေခံတပ်မှအရာရှိတစ်ဦး — အဖွဲ့ဝင်

(၄) မီးသတ်ဦးစီးဌာနမှူး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ — အဖွဲ့ဝင်

(၅) ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ — အဖွဲ့ဝင်

(၆) ဦးစီးမှူး၊ (လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ — အဖွဲ့ဝင်

(ဃ) ခရိုင်အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့

(၁) ခရိုင်ရဲတပ်ဖွဲ့မှူး — အဖွဲ့ခေါင်းဆောင်

(၂) ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၃) တပ်မတော်နယ်မြေခံတပ်မှအရာရှိတစ်ဦး — အဖွဲ့ဝင်

(၄) ခရိုင်မီးသတ်ဦးစီးဌာနမှူး — အဖွဲ့ဝင်

(၅) ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး — အဖွဲ့ဝင်

(၆) ခရိုင်ကုသရေးဦးစီးဌာနမှူး — အဖွဲ့ဝင်

(၇) ခရိုင်ဦးစီးမှူး၊ (လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ) — အဖွဲ့ဝင်

(င) မြို့နယ်အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့

(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး — အဖွဲ့ခေါင်းဆောင်

(၂) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၃) တပ်မတော်နယ်မြေခံတပ်မှအရာရှိတစ်ဦး — အဖွဲ့ဝင်

(၄) မြို့နယ်မီးသတ်ဦးစီးဌာနမှူး — အဖွဲ့ဝင်

(၅) မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး — အဖွဲ့ဝင်

(၆) မြို့နယ်ဦးစီးမှူး၊ (လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ) — အဖွဲ့ဝင်

၆၅။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုများနှင့်စပ်လျဉ်း၍ တားဆီးနှိမ်နင်းရေး၊ ကယ်ဆယ်ရေး၊ စုံစမ်းစစ်ဆေးရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်အဆင့်အထိ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သော အောက်ဖော်ပြပါအဖွဲ့များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီနှင့်ညှိနှိုင်း၍ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည် -

(က) ဗုံးရှင်းလင်းရေးအဖွဲ့၊

(ခ) ထိခိုက်၊ သေဆုံးသူများကယ်ဆယ်ရေး၊ ကနဦးဆေးကုသရေးနှင့် ဆေးရုံပို့ဆောင်ရေးအဖွဲ့၊

(ဂ) ဗုံးခွဲတိုက်ခိုက်မှု စုံစမ်းစစ်ဆေးအရေးယူရေးအဖွဲ့၊

(ဃ) အခြားလိုအပ်သောအဖွဲ့များ။

၆၆။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် -

(က) သက်ဆိုင်ရာ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ စွမ်းရည်မြှင့်တင်ရေး၊ လေ့ကျင့်သင်တန်းများပေးရေးနှင့် လိုအပ်သောနည်းပညာနှင့် အထောက်အကူပြုပစ္စည်းကိရိယာများ ဖြည့်တင်းရေးတို့အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့အသီးသီးအား ဗုံးတွေ့ရှိခြင်း၊ ဗုံးပေါက်ကွဲမှုဖြစ်ပွားခြင်းတို့နှင့် စပ်လျဉ်း၍ အနီးကပ်ကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရန် တာဝန်ပေးအပ်ရမည်။

(ဂ) ပြည်သူများလုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိရေးနှင့် အကြမ်းဖက်ဗုံးခွဲမှုအသိပညာရှိရေးတို့အတွက် အသိပညာပေးခြင်း၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု၊ ရုံး၊ ဌာနအလိုက် အကြမ်းဖက်ဗုံးခွဲမှုကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်ခြင်းတို့ပြုလုပ်စေရန် စီမံဆောင်ရွက်ရမည်။

(ဃ) မပေါက်ကွဲသေးသောဗုံးကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းခြင်း၊ သက်မဲ့ပြုလုပ်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ ဒဏ်ရာရလူနာများအား ကယ်ထုတ်ခြင်း၊ ဆေးရုံတွင်ဆေးကုသခြင်း၊ ပြစ်မှုကျူးလွန်သော အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုများအား စုံစမ်းဖော်ထုတ်ခြင်းတို့ကို သက်ဆိုင်ရာအကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့များအား ဆောင်ရွက်စေရမည်။

(င) အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တားဆီးကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးအတွက် ကြိုတင်သတင်းရရှိရန် ဆက်စပ်ဌာနများ၊ ပြည်ပနိုင်ငံများနှင့် သတင်းဖလှယ်ညှိနှိုင်းရယူ စုဆောင်းရမည်။

(စ) အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများချမှတ်ပြီး ဆောင်ရွက်ရမည်။

(ဆ) အများပြည်သူအသုံးပြုသည့်နေရာတွင်ဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းတစ်ခုခုတွင်ဖြစ်စေ၊ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် သို့မဟုတ် အခြေခံအဆောက်အအုံ ပစ္စည်းတစ်ခုခုတွင်ဖြစ်စေ၊ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းကို ပေးအပ်မှု၊ ချထားမှု၊ စွန့်ပစ်မှု သို့မဟုတ် ဖောက်ခွဲမှုမပြုလုပ်နိုင်စေရန် သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းပြီး လုံခြုံရေးအစီအမံများ ဆောင်ရွက်စေရမည်။

(ဇ) အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တားဆီးကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းဆောင်ရွက်မည့် တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများ အရည်အချင်းမြင့်မားရေး၊ ခေတ်မီပစ္စည်းများ တပ်ဆင်အသုံးပြုနိုင်ရေးအစီအမံများ ချမှတ်၍ ဆောင်ရွက်ရမည်။

(ဈ) အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုကို ကျူးလွန်မှု၊ ကျူးလွန်ရန်အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု၊ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်း၊ ဗုံး သို့မဟုတ် လက်နက်ကိုထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ ရောင်းချမှု၊ ပေးကမ်းမှု သို့မဟုတ် လက်ဝယ်ထားမှု စသည်တို့ကို အရေးယူရာတွင် ကြီးကြပ်ဆောင်ရွက်ရမည်။

(ည) ဒေသဆိုင်ရာအကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများအရည်အချင်းမြင့်မားရေး၊ ခေတ်မီပစ္စည်းများ တပ်ဆင်အသုံးပြုနိုင်ရေးနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ပြီး ကုန်ကျစရိတ်များအတွက် ဘဏ္ဍာငွေတောင်းခံနိုင်ရန် ဗဟိုအဖွဲ့သို့ တင်ပြရမည်။

(ဋ) မိမိလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များကို ဗဟိုအဖွဲ့သို့ အခါအားလျော်စွာ တင်ပြရမည်။

၆၇။ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များသည် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီကချမှတ်ထားသော အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာပြစ်မှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေး၊ အရေးယူဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို သတ်မှတ်ထားသောအမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်-

(က) ပေါက်ကွဲစေတတ်သည့် ဝတ္ထုပစ္စည်းများဟု မသင်္ကာဖွယ်တွေ့ရှိပါက သတင်းပို့ဆောင်ရွက်ခြင်း၊

(ခ) လုံခြုံရေးဆောင်ရွက်နေသောတပ်ဖွဲ့ သို့မဟုတ် နယ်မြေရဲစခန်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) အခင်းဖြစ်နေရာအား စစ်ဆေးခြင်း၊ သက်သေခံပစ္စည်းထိန်းသိမ်းခြင်း၊ စုံစမ်းဖော်ထုတ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(ဃ) ပြောင်းရွှေ့ကယ်ဆယ်ခြင်းနှင့် ရွှေ့ပြောင်းရေးဆောင်ရွက်ခြင်း။

## အခန်း (၁၂)

## အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးနှင့် တိုက်ဖျက်ရေး

၆၈။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့၏လမ်းညွှန်ချက်နှင့်အညီ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးတို့နှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကိုဆောင်ရွက်ရမည် -

(က) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးနှင့် တိုက်ဖျက်ရေးတို့ကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်သူလူထု၏ အကူအညီကိုရယူဆောင်ရွက်ခြင်း၊

(ခ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံများအကြား သဘောတူညီချက်များချုပ်ဆိုရေးအတွက် ဗဟိုအဖွဲ့သို့ ထောက်ခံတင်ပြခြင်း၊

စာမျက်နှာ ၂၄ သို့

**စာမျက်နှာ ၂၃ မှအဆက်**

(ဂ) အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများအား တားဆီးကာကွယ်ရေး အစီအစဉ်များ ချမှတ်ပြီး ပြည်တွင်း ပြည်ပ၌ ကွန်ပျူတာကွန်ရက် ထူထောင်၍ ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက်ဖလှယ်ခြင်း၊

(ဃ) အကြမ်းဖက်မှု ကြိုတင်တားဆီးကာကွယ်ရေးအတွက် အကြမ်းဖက်မှုအန္တရာယ်နှင့် နောက်ဆက်တွဲဆိုးကျိုးများကို အများပြည်သူသို့ အသိပညာပေးခြင်းနှင့် သတင်းဖြန့်ချိရေးဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ခြင်း၊

(င) အကြမ်းဖက်မှုများ ကြိုတင်တားဆီးကာကွယ်ရေး၊ စုံစမ်းဖော်ထုတ်ရေး၊ တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးနှင့် တန်ပြန်တိုက်ခိုက်ရေးအတွက် အကြမ်းဖက်မှုစုံစမ်းစစ်ဆေးရေးအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ တားဆီးနှိမ်နင်းရေးအထူးတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့နှင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့များကို အရည်အချင်းပြည့်မီပြီး ကျွမ်းကျင်မှုရှိစေရန် လေ့ကျင့်သင်တန်းများပေးခြင်း၊

(စ) အကြမ်းဖက်မှုများ ကြိုတင်တားဆီးကာကွယ်ရေး၊ စုံစမ်းဖော်ထုတ်ရေး၊ တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးနှင့် တန်ပြန်တိုက်ခိုက်ရေးအတွက် နည်းဥပဒေခွဲ(င) ပါ အဖွဲ့များအား လမ်းညွှန်မှုပေးခြင်းနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ကြီးကြပ်ခြင်း၊

(ဆ) အကြမ်းဖက်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်ရာတွင် လိုအပ်ချက်အရ အကြမ်းဖက်ခံရသည့်နေရာများကို ထိန်းချုပ်ဖော်ထုတ်ခြင်းနည်းစနစ်ကို အသုံးပြုနိုင်ရန် တင်ပြလာသည့်အခါ စိစစ်ခွင့်ပြုခြင်းနှင့် လိုအပ်ပါက ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) အကြမ်းဖက်မှုများဖြစ်ပွားရာတွင် အကြမ်းဖက်ခံရသူများအား ရှာဖွေကယ်ဆယ်ရေးနှင့် ကျန်းမာရေးတို့အတွက် ကျွမ်းကျင်သောဝန်ထမ်းများနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ ပါဝင်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ကိုဖွဲ့စည်းပြီး တာဝန်ပေးခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်း၊

(ဈ) အကြမ်းဖက်မှုများ ကြိုတင်တားဆီးကာကွယ်ရေး၊ စုံစမ်းဖော်ထုတ်ရေး၊ တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးနှင့် တန်ပြန်တိုက်ခိုက်ရေးတို့ ဆောင်ရွက်ရာတွင် လိုအပ်သော အထောက်အကူပြုပစ္စည်းများနှင့် ငွေကြေးများကို ဗဟိုအဖွဲ့သို့ တင်ပြတောင်းခံပြီး ပံ့ပိုးပေးခြင်း၊

(ည) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများကို အရေးယူရာတွင် ခိုင်လုံသောအထောက်အထားများဖြင့် တရားစွဲဆို တင်ပို့နိုင်ရေးအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးလုပ်ငန်းအဖွဲ့၏ အကြံဉာဏ်များ ရယူဆောင်ရွက်ခြင်း၊

(ဋ) အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ တရားစွဲဆိုမှုများတွင် အကြမ်းဖက်ခံရသူများနှင့် သက်သေများ၏ လုံခြုံရေးကို ထိရောက်စွာကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် လိုအပ်သော လုံခြုံရေးအစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဌ) နိုင်ငံဖြတ်ကျော်မှုခင်းအဖြစ် ကျူးလွန်သည့် အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ နိုင်ငံအချင်းချင်း အကူအညီပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့အတွက် လိုအပ်ပါက ဗဟိုအဖွဲ့သို့ တင်ပြ၍ ဆောင်ရွက်ခြင်း၊

(ဍ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့်အဖွဲ့အစည်းနှင့် တာဝန်ခံများကို တရားစွဲဆိုအရေးယူရာတွင် သက်ဆိုင်ရာတပ်ဖွဲ့ဝင်များအား လိုအပ်သော အကူအညီများပေးခြင်း၊

(ဎ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အကြမ်းဖက်မှုဖြစ်စဉ်အပေါ် စုံစမ်းစစ်ဆေးမှု ဆောင်ရွက်ချက်များနှင့် အကြံပြုချက်များကို ဗဟိုအဖွဲ့သို့ တင်ပြအစီရင်ခံခြင်း၊

(ဏ) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ လိုအပ်သလို အရေးယူဆောင်ရွက်ရန်အတွက် ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(တ) ဗဟိုအဖွဲ့က အခါအားလျော်စွာပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၁၃)

## စုံစမ်းစစ်ဆေးခြင်းနှင့်အရေးယူခြင်း

၆၉။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့၏ လွှဲအပ်တာဝန်ပေးအပ်ချက်အရ အကြမ်းဖက်မှုနှင့်သက်ဆိုင်သည့် သက်သေခံငွေကြေး၊ ပစ္စည်းနှင့်စပ်လျဉ်း၍ အောက်ပါအမိန့်တစ်ရပ်ရပ်ကို ထုတ်ဆင့်နိုင်သည်-

(က) အကြမ်းဖက်မှုဆိုင်ရာ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသည့်ပစ္စည်းများကို ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖျောက်ဖျက်ခြင်း၊ ဖုံးကွယ်ခြင်းတို့ မပြုနိုင်စေရေးအတွက် အဆိုပါ သက်သေခံပစ္စည်းကို ပိုင်ဆိုင်သူ၊ လက်ဝယ်ထားသူနှင့် အကြမ်းဖက်မှုဖြင့် စုံစမ်းစစ်ဆေးခြင်းခံရသူအား ထုတ်ဆင့်သည့် တားမြစ်ချက်၊ ထိန်းချုပ်မိန့်နှင့် ထိုအမိန့်တို့ကို ရုပ်သိမ်းသည့်အမိန့်၊

(ခ) သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းရန် အမိန့်ထုတ်ဆင့်ထားသော ငွေကြေး၊ ပစ္စည်းနှင့် အကျိုးအမြတ်များမှာ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု၌ အပ်နှံထားခြင်းဖြစ်ပါက ထိုသက်သေခံပစ္စည်းများကို ရှာဖွေသိမ်းဆည်းခွင့်၊ သက်ဆိုင်ရာမှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်နှင့် လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်ပြုရန် သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း၏ တာဝန်ရှိသူများထံသို့ ထုတ်ဆင့်သည့်အမိန့်၊

(ဂ) အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းရန် အမိန့်ထုတ်ဆင့်ထားသောငွေကြေး၊ ပစ္စည်းနှင့်အကျိုးအမြတ်များမှာ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု၌ အပ်နှံထားခြင်းဖြစ်ပါက ထိုငွေကြေး၊ ပစ္စည်းနှင့် အကျိုးအမြတ်များကို ထုတ်ယူခြင်းမပြုရန် အဆိုပါသက်သေခံပစ္စည်းကို အပ်နှံသူထံသို့လည်းကောင်း၊ ထုတ်ပေးခြင်းမပြုရန် သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့သို့လည်းကောင်း ထုတ်ဆင့်သည့် တားမြစ်ချက်။

၇၀။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် နည်းဥပဒေ ၆၉ အရ ထုတ်ဆင့်သည့်အမိန့်မိတ္တူကို စုံစမ်းစစ်ဆေးခြင်းနှင့် စုံစမ်းထောက်လှမ်းခြင်းတို့ပြုရာတွင် လိုအပ်သလို အသုံးပြုနိုင်ရန် သက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သို့ ပေးပို့ရမည်။

၇၁။ နည်းဥပဒေ ၆၉ အရ အမိန့်ထုတ်ဆင့်ခံရသူ မည်သူမျှ ထိုအမိန့်ပါတားမြစ်ချက် သို့မဟုတ် ထိန်းချုပ်မိန့်ကို ဖောက်ဖျက်ခြင်းမပြုရ။

၇၂။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် အကြမ်းဖက်မှုများအား စုံစမ်းစစ်ဆေးခြင်း၊ စုံစမ်းထောက်လှမ်းခြင်းနှင့် အကြမ်းဖက်သမားများအား အရေးယူခြင်းတို့ ဆောင်ရွက်နိုင်ရန် အမှုတစ်ခုချင်းအလိုက် သက်ဆိုင်ရာလုပ်ငန်းကော်မတီအဖွဲ့ဝင်တစ်ဦး သို့မဟုတ် လုပ်ငန်းအဖွဲ့ဝင်တစ်ဦးက အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းမှ သင့်လျော်သည့် အရာထမ်းနှင့် အမှုထမ်း အနည်းဆုံး ၃ ဦးက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော အောက်ပါအဖွဲ့များကို ဖွဲ့စည်း၍ တာဝန်ပေးရမည်-

(က) စုံစမ်းစစ်ဆေးရေးအဖွဲ့၊

(ခ) တားဆီးနှိမ်နင်းရေးတပ်ဖွဲ့။

၇၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့၏ လမ်းညွှန်ချက်နှင့်အညီ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ သို့မဟုတ် အကျိုးအမြတ်မရည်ရွယ်သော အဖွဲ့အစည်းများ၏ ရန်ပုံငွေများနှင့် ပစ္စည်းများကို အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများသို့ မရောက်ရှိစေရေးနှင့် ၎င်းတို့အတွက် ငွေကြေးထောက်ပံ့သည့်လမ်းကြောင်းများ ဖော်ထုတ်ရေးအတွက် လိုအပ်သော စုံစမ်းစစ်ဆေးခြင်း၊ စုံစမ်းထောက်လှမ်းခြင်းနှင့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့်အဖွဲ့အစည်းနှင့် တာဝန်ခံများအား ဖော်ထုတ်ပြီး ဥပဒေအရ ထိရောက်သောအရေးယူခြင်းတို့ ဆောင်ရွက်ရမည်။

၇၄။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့တို့သည် ဗဟိုအဖွဲ့၏လမ်းညွှန်ချက်နှင့်အညီ အကြမ်းဖက်မှုအပေါ် စုံစမ်းစစ်ဆေးမှုနှင့် အရေးယူမှုပြုလုပ်သော တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အခြားတားဆီးနှိမ်နင်းရေးတပ်ဖွဲ့များ၏ ဆောင်ရွက်ချက်များကို ကြီးကြပ်ကွပ်ကဲရမည်။ ၎င်းတို့၏ စုံစမ်းစစ်ဆေးဆောင်ရွက်ချက်များကို စဉ်ဆက်မပြတ်တင်ပြရန် ညွှန်ကြားရမည်။

၇၅။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် -

(က) အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ သို့မဟုတ် အကျိုးအမြတ် မရည်ရွယ်သောအဖွဲ့အစည်းများ၏ ရန်ပုံငွေများနှင့် ပစ္စည်းများကို အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့်အဖွဲ့အစည်းနှင့် တာဝန်ခံများသို့ မရောက်ရှိစေရေးအတွက် စိစစ်ထိန်းချုပ်နိုင်ရန် သက်ဆိုင်ရာဌာနများ သို့မဟုတ် ဤကိစ္စအလို့ငှာ သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များပါဝင်သည့် စိစစ်ရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ပုံမှန် သို့မဟုတ် ရှောင်တခင် စိစစ်ကြပ်မတ်စစ်ဆေးနိုင်ရန် ညွှန်ကြားရမည်။

(ခ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ သို့မဟုတ် အကျိုးအမြတ်ရယူရန် မရည်ရွယ်သော အဖွဲ့အစည်းများအဖြစ် အသွင်ယူကာ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု ဖွဲ့စည်းဆောင်ရွက်ခြင်း၊ အကြမ်းဖက်အုပ်စုကို ငွေကြေးထောက်ပံ့ရန်လမ်းကြောင်းအဖြစ် အသုံးပြုရန်ရည်ရွယ်ဆောင်ရွက်ခြင်း စသည်တို့အပေါ် တားဆီးအရေးယူနိုင်ရန် စုံစမ်းထောက်လှမ်းခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူမှုအစီအမံများချမှတ်ခြင်းဆောင်ရွက်နိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့များ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့များအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဂ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုပိုင် ငွေကြေး၊ ပစ္စည်းနှင့် ရန်ပုံငွေများ ထိန်းချုပ်နိုင်ရေးအတွက် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဘဏ်များသို့ လိုအပ်သည်များ ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်းတို့ ဆောင်ရွက်ရမည်။

(ဃ) အကြမ်းဖက်မှုတစ်ခုခုကိုကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို တရားဝင်အသွင်ပြောင်းခြင်းမပြုလုပ်နိုင်ရန် အစိုးရဌာနများ၊ ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် စီးပွားရေးအဖွဲ့အစည်းများပူးပေါင်း၍ စောင့်ကြည့်ခြင်းနှင့် သတင်းဖလှယ်ခြင်းတို့ ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ရမည်။

(င) အကြမ်းဖက်မှုကျူးလွန်သူများ၊ အားပေးကူညီသူများ၊ ပါဝင်ပတ်သက်သူများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုကျူးလွန်သူများအား သက်သေခံငွေကြေးနှင့် ပစ္စည်းများနှင့်အတူ သက်ဆိုင်ရာတရားရုံးသို့ တရားစွဲဆိုတင်ပို့ရေးအတွက် စိစစ်ကြီးကြပ်ဆောင်ရွက်ရမည်။

၇၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ညှိနှိုင်းပြီး-

(က) အကြမ်းဖက်မှုဆိုင်ရာ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသည့်ပစ္စည်းများကို ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖျောက်ဖျက်ခြင်း၊ ဖုံးကွယ်ခြင်းတို့ မပြုနိုင်စေရေးအတွက် နည်းဥပဒေ ၆၉ အရ ထုတ်ဆင့်ထားသည့် တားမြစ်ချက်နှင့် ထိန်းချုပ်မိန့်တို့နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စောင့်ကြပ်စစ်ဆေးခြင်းနှင့် စုံစမ်းထောက်လှမ်းခြင်းတို့ ပြုရမည်။

(ခ) သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းရန် အမိန့်ထုတ်ဆင့်ထားသော ငွေကြေး၊ ပစ္စည်းနှင့် အကျိုးအမြတ်များမှာ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု၌ အပ်နှံထားခြင်းဖြစ်ပါက ထိုသက်သေခံပစ္စည်းများကို ရှာဖွေသိမ်းဆည်းခြင်း၊ သက်ဆိုင်ရာမှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်ပြုခြင်းအတွက် သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း၏ တာဝန်ရှိသူများထံသို့ ဆက်သွယ်အကြောင်းကြားပြီး ဆောင်ရွက်ရမည်။

(ဂ) နည်းဥပဒေ ၆၉ အရ ထုတ်ဆင့်သည့်အမိန့်များနှင့်ပတ်သက်၍ ဆောင်ရွက်မှုအစီရင်ခံစာအား အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ တင်ပြခြင်း ဆောင်ရွက်ရမည်။

(ဃ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့်အဖွဲ့အစည်းနှင့် တာဝန်ခံများပိုင် ငွေကြေးနှင့်ပစ္စည်းများ၊ ရန်ပုံငွေများကိုလည်းကောင်း၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများကိုလည်းကောင်း အကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးဖော်ထုတ်ခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်းနှင့် တရားစွဲတင်ခြင်းများ ဆောင်ရွက်ရာတွင် ဗဟိုအဖွဲ့ သို့မဟုတ် ဗဟိုအဖွဲ့က လွှဲအပ်တာဝန်ပေးသည့် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ **စာမျက်နှာ ၂၅ သို့**

စာမျက်နှာ ၂၄ မှအဆက်

(င) စုံစမ်းဖော်ထုတ်ပြီး သိမ်းဆည်းသည့် ငွေကြေးနှင့် သက်သေခံပစ္စည်းများအနက် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသောပစ္စည်းများအား အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း သက်ဆိုင်ရာတရားရုံးသို့ လိုအပ်သော မှတ်တမ်းဓာတ်ပုံများနှင့်အတူ စာဖြင့်အစီရင်ခံတင်ပြပြီး တရားရုံး၏ စီမံခန့်ခွဲမှုအမိန့်နှင့်အညီ ဆောင်ရွက်ရမည်။

(စ) အကြမ်းဖက်မှုကျူးလွန်ရန် ထောက်ပံ့သောအဖွဲ့အစည်းများကိုလည်းကောင်း၊ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကိုလည်းကောင်း၊ အသုံးပြုသည့် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နေသူများကိုလည်းကောင်း တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် မဆန့်ကျင်စေဘဲ စုံစမ်းစစ်ဆေးမေးမြန်းနိုင်သည်။

(ဆ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့်အဖွဲ့အစည်းနှင့် တာဝန်ခံများပိုင် ငွေကြေးနှင့်ပစ္စည်းများ၊ ရန်ပုံငွေများကို သက်ဆိုင်ရာတရားရုံး၏ စီမံခန့်ခွဲမှုနှင့်အညီ လွှဲပြောင်းခြင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်းတို့အား တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ဇ) နိုင်ငံတော်နှင့်အများပြည်သူအပေါ် ရုတ်ခြည်းအန္တရာယ်ကျရောက်စေမည့် အကြမ်းဖက်မှုအား တားဆီးကာကွယ်ရေးအတွက် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ ဖြစ်စဉ်ကို ချက်ချင်းတင်ပြပြီး ဆောင်ရွက်ရမည်။

၇၇။ သက်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များနှင့် တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ ဗဟိုအဖွဲ့ကဖြစ်စေ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့ကဖြစ်စေ တာဝန်ပေးအပ်သည့် တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည်လည်းကောင်း အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဥပဒေနှင့် နည်းဥပဒေများနှင့်အညီ ကျေပွန်စွာတာဝန်ထမ်းဆောင်ရာတွင် အသက်အန္တရာယ်ကိုဖြစ်စေ၊ အပြင်းအထန်နာကျင်စေမည့်ဘေးကိုဖြစ်စေ ထိခိုက်နိုင်သည့်စိုးရိမ်ဖွယ်ရာအခြေအနေ ကျရောက်ပါက မိမိကိုယ်ကိုကာကွယ်ခုခံပိုင်ခွင့်နှင့် သူတစ်ပါးအား ကာကွယ်ခုခံပိုင်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။

၇၈။ သက်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)ပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်သည့် အကြမ်းဖက်သမားအား ဖမ်းဆီးပြီး စုံစမ်းစစ်ဆေးဆဲကာလအတွင်း ချုပ်မိန့်တောင်းခံရာတွင် လုံခြုံရေးအရ အခက်အခဲရှိပါက ချုပ်မိန့်ယူရေးအတွက် တရားခံအား Video Conferencing ဖြင့် ချုပ်မိန့်ပေးရန် သက်ဆိုင်ရာ ဥပဒေအရာရှိ၊ တရားသူကြီးထံ နည်းလမ်းတကျတင်ပြ၍ ချုပ်မိန့်တောင်းခံနိုင်သည် သို့မဟုတ် တရားခံအား ဖမ်းဆီးထားသည့်ဒေသရှိ ဥပဒေအရာရှိ၊ တရားသူကြီးထံ တရားခံနှင့်အတူ နည်းလမ်းတကျ တင်ပြလျှောက်ထားနိုင်သည်။

## အခန်း (၁၄)

## အီလက်ထရောနစ် သတင်းအချက်အလက်ကြားဖြတ်ဖမ်းယူခြင်း၊ ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်းနှင့် တည်နေရာအတည်ပြုခြင်း

၇၉။ သက်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် နိုင်ငံတော်နှင့် အများပြည်သူအပေါ် ရုတ်ခြည်းအန္တရာယ်ကျရောက်စေမည့် အကြမ်းဖက်မှုများအား တားဆီးကာကွယ်ရန်နှင့် အကြမ်းဖက်သမားတို့၏ဆက်သွယ်လှုပ်ရှားမှုများကို အချိန်နှင့်တစ်ပြေးညီ စုံစမ်းဖော်ထုတ်နိုင်ရန် အလို့ငှာ အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ဖြစ်စေ ၎င်းတို့၏တယ်လီဖုန်းနှင့် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်းပြုနိုင်ရေးအတွက် ဗဟိုအဖွဲ့၏ သဘောတူညီချက်ရရှိရေးအတွက် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ အောက်ပါအချက်များဖော်ပြပြီး စာဖြင့်ဖြစ်စေ၊ ဖက်စ်နှင့် အီးမေးလ်တစ်ခုခုဖြင့်ဖြစ်စေ ဆောလျင်စွာ တင်ပြရမည် -

(က) တင်ပြသူ၏ အမည်၊ ရာထူး၊ အဆင့်နှင့် တပ်ဖွဲ့၊ ဌာန၊

(ခ) သတင်းအချက်အလက်ဆက်သွယ်ပြောကြားသည့် အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စု အမည်(သိလျှင်)၊

(ဂ) ကျူးလွန်သည့် သို့မဟုတ် ကျူးလွန်တော့မည့်အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ သတင်းအချက်အလက်မှာ နိုင်ငံတော်နှင့် အများပြည်သူအပေါ် ရုတ်ခြည်းအန္တရာယ်ကျရောက်စေမည့် အကြမ်းဖက်မှုဖြစ်ကြောင်း ကျိုးကြောင်းဖော်ပြချက်၊

(ဃ) ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်းပြုမည့် ဖုန်း၊ ဖက်စ်အမှတ်၊ အီးမေးလ်လိပ်စာ၊

(င) ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်းပြုမည့် နေရာဒေသ (သိရှိလျှင်)၊

(စ) ပြုလုပ်လိုသည့် အချိန်ကာလ။

၈၀။ (က) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် နည်းဥပဒေ ၇၉ အရ တင်ပြချက်ကို စိစစ်ပြီးခွင့်ပြုလိုပါက သဘောတူညီချက်ရရှိရန် ဗဟိုအဖွဲ့သို့ သဘောထားမှတ်ချက်ဖြင့် ဆက်လက်တင်ပြရမည်။

(ခ) ဗဟိုအဖွဲ့သည် နည်းဥပဒေခွဲ(က) နှင့် နည်းဥပဒေ ၇၉ တို့အရ တင်ပြချက်တို့ကိုစိစစ်ပြီး သဘောတူညီချက်ပေးခြင်း သို့မဟုတ် သဘောတူညီချက်ပေးရန် ငြင်းဆိုခြင်းပြုနိုင်သည်။

(ဂ) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် နည်းဥပဒေခွဲ (ခ) အရ ဗဟိုအဖွဲ့၏ သဘောတူညီချက်ရရှိပါက သက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့အား သက်ဆိုင်ရာဆက်သွယ်ရေးလုပ်ငန်းလိုင်စင် ရရှိသူထံမှ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း၊ ကြားဖြတ်ဖမ်းယူခြင်းပြုလုပ်နိုင်ရန် ခွင့်ပြုမိန့်ထုတ်ပေးရမည်။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ ခွင့်ပြုမိန့်ရရှိပါက သက်ဆိုင်ရာဆက်သွယ်ရေးလုပ်ငန်း လိုင်စင်ရရှိသူသည် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း၊ ကြားဖြတ်ဖမ်းယူခြင်းတို့ကို ဆောင်ရွက်ပေးရန် ငြင်းပယ်ခြင်းမပြုရ။

၈၁။ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(ဂ)အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို တစ်ကြိမ်လျှင် ရက်ပေါင်း ၆၀ ထက် မပိုစေရ။

၈၂။ သက်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် -

(က) ကြားဖြတ်ဖမ်းယူရရှိသည့် အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို လျှို့ဝှက်အဆင့်သတ်မှတ်၍ မှတ်တမ်းပြုစုပြီး အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရမည်။

(ခ) အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ ရရှိသည့် သတင်းအချက်အလက်များမှာ ပြည့်စုံမှုမရှိသေးသဖြင့် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်းအတွက် အချိန်ကာလတိုးမြှင့်ပေးရေးအတွက် ဗဟိုအဖွဲ့၏သဘောတူညီချက်ရရှိရန် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ တင်ပြနိုင်သည်။

၈၃။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည်-

(က) နည်းဥပဒေ ၈၂၊ နည်းဥပဒေခွဲ (ခ) အရ တင်ပြချက်ကိုစိစစ်ပြီး ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် အချိန်ကာလတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(ဂ) အရ ခွင့်ပြုမိန့်ထုတ်ပေးပြီးနောက် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်းနှင့်စပ်လျဉ်း၍ မိမိလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့၏ ပြန်လည်သုံးသပ်ချက်အရဖြစ်စေ၊ သက်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့တို့၏ တင်ပြအစီရင်ခံချက်အရဖြစ်စေ ဆက်လက်ဆောင်ရွက်ရန် မလိုအပ်ဟု ယူဆလျှင် ထုတ်ပေးထားသည့်ခွင့်ပြုမိန့်ကို ဗဟိုအဖွဲ့၏သဘောတူညီချက်ဖြင့် ပြန်လည်ရုပ်သိမ်းနိုင်သည်။

၈၄။ ကြားဖြတ်ဖမ်းယူခြင်းပြုသော အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်သည့် သတင်းအချက်အလက်များကို အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်းသည့် စုံစမ်းထောက်လှမ်းသည့်အမှုတွင်ဖြစ်စေ၊ စုံစမ်းစစ်ဆေးမှုတွင်ဖြစ်စေ အသုံးပြုနိုင်ပြီး စစ်ဆေးစီရင်မှုတွင် သက်သေခံဥပဒေနှင့်အညီ သက်သေခံအဖြစ် တင်ပြနိုင်သည်။

၈၅။ မည်သူမျှ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ ခွင့်ပြုမိန့်မရရှိဘဲ အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်း မပြုရ။

## အခန်း (၁၅)

## အကြမ်းဖက်သမားတရားခံအား လွှဲပြောင်းပေးခြင်း

၈၆။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)ပါ အကြမ်းဖက်မှုကျူးလွန်သည့် ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ နိုင်ငံတော်ကအဖွဲ့ဝင်အဖြစ် လက်ခံထားသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ပရိုတိုကောလ်များ (Protocols)နှင့် အာဆီယံကွန်ဗင်းရှင်းတို့အရ တရားခံလွှဲပြောင်းပေးနိုင်သောပြစ်မှုများအဖြစ်မှတ်ယူ၍ ဆောင်ရွက်ရမည်။

၈၇။ တရားခံလွှဲပြောင်းပေးနိုင်သောပြစ်မှုများအဖြစ်မှတ်ယူ၍ ဆောင်ရွက်ရမည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ) ပါ အကြမ်းဖက်မှုတစ်ခုခုကို နိုင်ငံတော်ကအဖွဲ့ဝင်အဖြစ် လက်ခံထားသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ပရိုတိုကောလ် (Protocols)များနှင့် အာဆီယံကွန်ဗင်းရှင်းတို့ကို အထောက်အထားပြု၍လည်းကောင်း၊ တရားခံလွှဲပြောင်းပေးခြင်းဆိုင်ရာ နှစ်နိုင်ငံသဘောတူညီချက်ကို အထောက်အထားပြု၍လည်းကောင်း တရားခံလွှဲပြောင်းရေးဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

၈၈။ သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီတို့သည် အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ တားဆီးနှိမ်နင်းရေးနှင့် အရေးယူရေးတို့ ဆောင်ရွက်ရာတွင် ပြည်ပနိုင်ငံတစ်ခုခုရှိ အကြမ်းဖက်သမားနိုင်ငံသားတရားခံအား နိုင်ငံတော်သို့ လွှဲပြောင်းပေးရန် တောင်းဆိုလိုပါက တရားခံလွှဲပြောင်းရေးဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းခံရသည့် ပြည်ပနိုင်ငံ၏ ပြဋ္ဌာန်းဥပဒေနှင့် အခြားစည်းကမ်းချက်များကို လည်းကောင်း အထောက်အထားပြု၍ ဆောင်ရွက်ရမည်။

၈၉။ သက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြည်ပနိုင်ငံတစ်ခုခုရှိ အကြမ်းဖက်သမား နိုင်ငံသားတရားခံအား နိုင်ငံတော်သို့လွှဲပြောင်းပေးရန် တောင်းဆိုလိုပါက အောက်ပါအချက်များဖော်ပြပြီး သက်ဆိုင်ရာ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့သို့ တင်ပြရမည် -

(က) အကြမ်းဖက်မှု ဖြစ်စဉ်အကျဉ်းချုပ်၊

(ခ) လွှဲပြောင်းပေးစေလိုသည့် အကြမ်းဖက်သမားတရားခံနှင့် အကြမ်းဖက်အုပ်စု အမည်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ(သိရှိလျှင်)၊

(ဂ) အရေးယူထားသည့် ဥပဒေပုဒ်မနှင့် ချမှတ်နိုင်သည့် အမြင့်ဆုံးပြစ်ဒဏ်၊

(ဃ) အကြမ်းဖက်သမား၏ ကိုယ်ရေးအချက်အလက်များ၊

(င) ရရှိသောသတင်းအချက်အလက်နှင့် အထောက်အထားများ၊

(စ) ပထမသတင်းပေးတိုင်တန်းချက်အကျဉ်းနှင့် အရေးယူထားသည့်ဥပဒေနှင့် ပုဒ်မ၊

(ဆ) စုံစမ်းစစ်ဆေးမှု၊ စုံစမ်းထောက်လှမ်းမှုနှင့် စစ်ဆေးစီရင်မှုအခြေအနေ၊

(ဇ) ပြည်ပနိုင်ငံက ဆောင်ရွက်ပေးစေလိုသည့် ကိစ္စ၊


(ဈ) ပြည်ပနိုင်ငံက ဆောင်ရွက်ပေးရမည့် အချိန်ကာလ (အလျင်အမြန်ဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါက အလျင်အမြန်ဆောင်ရွက်ရန် ဖော်ပြချက်)၊

(ည) တရားခံလွှဲပြောင်းရယူပြီး ဆက်လက်၍စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်းတို့အတွက် အရေးယူဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ။

၉၀။ သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့သည် နည်းဥပဒေ ၈၉ အရ တင်ပြချက်ကို စိစစ်ပြီး ပြည်ပနိုင်ငံတစ်ခုခုရှိ အကြမ်းဖက်သမား နိုင်ငံသားတရားခံအား နိုင်ငံတော်သို့ လွှဲပြောင်းပေးရန် တောင်းဆိုလိုပါက နည်းဥပဒေ ၈၉ ပါ အချက်အလက်များဖော်ပြ၍ ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီသို့ အကြောင်းကြားရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# စီးပွားရေးတိုးတက်မှုနှေးကွေးလာသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ




ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှု၊ ပြင်းထန်သော ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့် ပထဝီနိုင်ငံရေးဆိုင်ရာတင်းမာမှုများမှသည် စစ်မက်ဖြစ်ပွားလျက်ရှိသောကြောင့် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးသည် ပြန်လည်ဦးမော့လာရေးအတွက် အခက်အခဲများစွာနှင့် ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။ အထူးသဖြင့် အရင်းအမြစ်များကို ထုတ်ယူသုံးစွဲမှုများပြားသော ကမ္ဘာ့တောင်ခြမ်းနိုင်ငံများသည် စီးပွားရေးအကျပ်အတည်းများနှင့် ရင်ဆိုင်ရလျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါလှိုင်းများကိုကျော်လွှားနိုင်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းနိုင်ခဲ့သော်လည်း ကမ္ဘာလုံးဆိုင်ရာစီးပွားရေးအခြေအနေများသည် ၎င်း၏စီးပွားရေးတိုးတက်မှုအပေါ် သက်ရောက်မှုဖြစ်ပေါ်လာခဲ့သည်။ အထူးသဖြင့် ဘင်္ဂလားဒေ့ရှ်၏ စီးပွားရေးဆိုင်ရာအခြေခံအဆောက်အအုံများတွင် လိုအပ်ချက်များရှိလာသည်ကိုတွေ့ရှိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကာလကို ရှောင်ကွင်းနိုင်ခြင်းမရှိသော်လည်း စီးပွားရေးတိုးတက်မှုရပ်ဆိုင်းနေမှုနှင့်စီးပွားရေးဘေးသင့်မှုတို့ကိုကာကွယ်နိုင်ရေးဆောင်ရွက်သွားရန်လိုအပ်သည်။

စင်စစ်အားဖြင့် အသင့်ချုပ်အဝတ်အထည် (RMG) သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စီးပွားရေးတွင် ၈၄ ရာခိုင်နှုန်းခန့် ပါဝင်လျက်ရှိပြီး ပြည်ပဝင်ငွေရှာဖွေနိုင်သည့်အပြင် စက်မှုလုပ်ငန်းများတီထွင်ဆန်းသစ်ရာတွင်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ သို့သော် RMG အခြေခံသောကုန်ထုတ်လုပ်မှုကဏ္ဍသည် လက်ရှိအချိန်တွင်ဝန်ထုပ်ဝန်ပိုးများဖြစ်လာပြီး ပြည်ပပို့ကုန်အပေါ်တွင်လည်း သက်ရောက်မှုများ ရှိလာခဲ့သည်။

လက်ရှိအချိန်တွင် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်မတည်မငြိမ်မှုများနှင့် ကုန်ထုတ်လုပ်မှုဆောင်ရွက်ရာတွင် လုပ်သားအပေါ်မှီခိုနေရမှုနှင့် အခြေခံအဆောက်အအုံလိုအပ်ချက်တို့ကြောင့် RMG လုပ်ငန်းအပေါ် သက်ရောက်မှုရှိလာခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု ရေရှည်ထိန်းသိမ်းထားနိုင်ရေးအတွက် အနာဂတ်တွင် RMG လွှမ်းမိုးထားသော ပြည်ပပို့ကုန်နေရာ၌ ဝန်ဆောင်မှုလုပ်ငန်းများဖြင့် အစားထိုးဆောင်ရွက်နိုင်ရန်ကြိုးပမ်းလျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အခွန်ကောက်ခံမှုအေဂျင်စီသည် အဂတိလိုက်စားမှုထူပြောလျက်ရှိပြီး ဝင်ငွေတိုးမြှင့်ကောက်ခံရေးအတွက်လည်း လုံလောက်သောနည်းလမ်းများ ချမှတ်သွားရန် လိုအပ်လျက်ရှိသည်။ အခွန်ငွေသည် အစိုးရအတွက် အဓိကဝင်ငွေဖြစ်သောကြောင့် ဘင်္ဂလားဒေ့ရှ်တွင် အခွန်တိမ်းရှောင်ခြင်းများသည် တိုင်းပြည်ဝင်ငွေတိုးတက်ရေးအတွက် အတားအဆီးဖြစ်စေလျက်ရှိသည်။

လွန်ခဲ့သော ၁၈ နှစ်ကျော်ကာလအတွင်း အခွန်ငွေကောက်ခံရရှိမှုသည် အစိုးရ၏အခွန်စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းအောက်တွင်သာ ရရှိနေခြင်းသည် အဂတိလိုက်စားမှုထူပြောနေကြောင်းကို ပြသလျက်ရှိသည်။ ထို့ပြင် ပို့ဆောင်ရေးစနစ်အားနည်းခြင်း၊ လျှပ်စစ်စွမ်းအင်ပူလုံစွာရရှိရန်ခက်ခဲခြင်း၊ သွင်းအားစုများ ဈေးနှုန်းမြင့်တက်လာခြင်းတို့သည် တိုင်းပြည်အတွင်း ငွေကြေးလိုအပ်ချက်ကို ပိုမိုမြင့်တက်လာစေခဲ့သည်။

ဝင်ငွေလေလွင့်ဆုံးရှုံးမှုများ လျှော့ချနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်အစိုးရသည် အခွန်ငွေတိုးမြှင့်ခြင်းနှင့်အသုံးစရိတ်လျှော့ချခြင်းတို့လုပ်ဆောင်မှုနှင့်အတူ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်သွားရန်လိုအပ်သည်။ RMG ပို့ကုန်များကျဆင်းလာခြင်း၊ စားနပ်ရိက္ခာနှင့် စွမ်းအင်ကဲ့သို့သော သွင်းကုန်များဈေးနှုန်းမြင့်တက်လာခြင်းနှင့် ငွေကြေးဖောင်းပွမှုများသည် လက်ရှိငွေစာရင်းအခြေအနေကို ပိုမိုဆိုးရွားလာစေလျက်ရှိသည်။ ပြည်ပပို့ကုန်တိုးမြှင့်ရေးနှင့် သွင်းကုန်အပေါ်မှီခိုအားထားရမှုကို လျှော့ချသွားနိုင်ရေးအတွက် ထိရောက်သော မဟာဗျူဟာများချမှတ်ဆောင်ရွက်သွားမှသာလျှင် စီးပွားရေးပိုမိုတိုးတက်လာနိုင်မည်ဖြစ်သည်။

ကမ္ဘာ့စီးပွားရေးကျဆင်းလာမှုသည် တိုင်းပြည်၏ ငွေလုံးငွေရင်းမတည်ငွေလျော့နည်းလာစေလျက်ရှိပြီး အထူးသဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ကျဆင်းလာမှုကိုထင်ဟပ်စေလျက်ရှိသည်။ ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်၏ ဝင်ငွေ၊ ထွက်ငွေစာရင်းသည် ပိုမိုဖောင်းပွလာလျက်ရှိသည်။ ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းများသည် ပြည်ပအလုပ်အကိုင်များမှ ငွေလွှဲပြောင်းပေးနိုင်မှုကျဆင်းလာခြင်း၊ နိုင်ငံခြားငွေလျော့နည်းလာခြင်း၊ ဘင်္ဂလားဒေ့ရှ်ငွေကြေးတန်ဖိုးကျဆင်းလာခြင်းအပါအဝင် အပြန်အလှန်ချိတ်ဆက်လျက်ရှိသော အသေးစားစီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှုများစွာ ဖြစ်ပေါ်စေလျက်ရှိသည်။

ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်အစိုးရအနေဖြင့် ပြည်တွင်းစီးပွားရေးတည်ငြိမ်မှုအတွက် ချက်ချင်းဆောင်ရွက်သွားရန်လိုအပ်ပေသည်။ လူမှုအဖွဲ့အစည်းအတွင်း ချွတ်ခြုံကျလာမှုများကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် သင့်တင့်လျောက်ပတ်သော လူမှုဖူလုံရေးထောက်ပံ့မှုများလုပ်ဆောင်သွားရန် လိုအပ်ပေသည်။ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်မှုများလျှော့ချရေးအတွက် ဘင်္ဂလားဒေ့ရှ်၏ စွမ်းအင်ကဏ္ဍသည် နည်းပညာပိုင်းဆိုင်ရာမြှင့်တင်သွားရန်လိုအပ်သည့်အပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များကိုလည်း အလျင်အမြန်အကောင်အထည်ဖော် ဖြည့်ဆည်းသွားရန်လိုအပ်သည်။

စားနပ်ရိက္ခာနှင့် လောင်စာဆီဈေးနှုန်းများမြင့်တက်လာသောကြောင့် ငွေကြေးဖောင်းပွမှုနှုန်းမြင့်တက်လာမှုသည် ယူကရိန်းအရေးကြောင့် ပိုမိုဆိုးရွားလာခဲ့ပြီး စီးပွားရေးလုပ်ငန်းများအပေါ် ကာလတိုမှ ကာလလတ်ထိ ခြိမ်းခြောက်မှုများဖြစ်ပေါ်လာစေခဲ့သည်။ ထို့ကြောင့် စီးပွားရေးနယ်ပယ်တွင် ပြည်တွင်းစွမ်းဆောင်ရည်များမြှင့်တင်ရေးနှင့် နိုင်ငံတကာမိတ်ဖက်များလည်းတိုးမြှင့်ရှာဖွေရန် လိုအပ်ပေသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အောက်ခြေလူတန်းစားများဖွံ့ဖြိုးတိုးတက်ရေးပုံစံကြောင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုများရှိသော်လည်း ကာလရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအလို့ငှာ ဆင်းရဲ၊ ချမ်းသာကွာဟမှုများကို ဖြေရှင်းသွားရန်လိုအပ်နေဆဲပင်ဖြစ်သည်။ အထူးသဖြင့် လာမည့်နှစ်များအတွင်း စီးပွားရေးတောင့်တင်းခိုင်မာစေရန် အခြေခံအဆောက်အအုံကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများပိုမိုလုပ်ဆောင်သွားရန် လိုအပ်သည်။

ဘင်္ဂလားဒေ့ရှ်စီးပွားရေးအတွက် အခြားသောစွန့်စားရမှုအန္တရာယ်လည်းရှိနေသည်။ အမေရိကန်ငြိမ်းချမ်းရေးစင်တာ၏အဆိုအရ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ဘင်္ဂလားဒေ့ရှ်၏စီးပွားရေးအလားအလာသည် မကြာမီဆုတ်ယုတ်လာဖွယ်ရာရှိသည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအန္တရာယ်အညွှန်းကိန်းအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာသည့်သက်ရောက်မှုများခံစားရသော ထိပ်တန်းခုနစ်နိုင်ငံ၌ ရပ်တည်လျက်ရှိသည်ဟုဆိုသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မြေပြင်အနေအထားနိမ့်နေသောကြောင့် ကမ်းခြေတစ်လျှောက်နေထိုင်လျက်ရှိသော ပြည်သူ သန်း ၃၀ ခန့်သည် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာသဖြင့် အိုးအိမ်များ စွန့်ခွာထွက်ပြေးရမည်ဖြစ်သည်။

စနစ်တကျစီမံမှုမရှိသော မြို့ပြဒေသများသို့ ရွှေ့ပြောင်းနေထိုင်မှုနှင့် အုပ်ချုပ်မှုညံ့ဖျင်းခြင်းတို့သည် လူဦးရေကျပ်သိပ်မှုများကြောင့် အကျပ်အတည်းများ ပိုမိုဖြစ်ပေါ်လာစေမည့်အပြင် လူနေမှုဘဝပုံစံများ မတည်မငြိမ်ဖြစ်လာစေမည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် မြို့ပြရှိအရင်းအမြစ်များ ဆုတ်ယုတ်လာခြင်း၊ ဖွံ့ဖြိုးမှုစီမံကိန်းများနှေးကွေးလာခြင်း၊ မြို့ပြဆင်းရဲမှုနှုန်းမြင့်တက်လာခြင်းများဖြစ်ပေါ်လာစေမည်ဖြစ်သည်။ ထို့ကြောင့် လေနှင့်ရေထုညစ်ညမ်းမှုများကိုလည်း ချက်ချင်းကိုင်တွယ်ဖြေရှင်းသွားရန် လိုအပ်ပေသည်။

သို့သော် သီရိလင်္ကာ၊ ပါကစ္စတန်နိုင်ငံတို့နှင့် နှိုင်းယှဉ်မည်ဆိုလျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏စီးပွားရေးအခြေအနေသည် လက်ရှိအချိန်တွင် ဆိုးဆိုးရွားရွားအခြေအနေတော့ မရောက်ရှိသေးဟုဆိုသည်။ အဆိုပါနှစ်နိုင်ငံသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ယိမ်းယိုင်လာသည့်အပြင် ပြည်ပကြွေးမြီဝန်ထုပ်ဝန်ပိုးများလည်းပိလျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပြည်ပကြွေးမြီအချိုးသည် GDP ၏ ၁၁ ဒသမ ၈၇ ရာခိုင်နှုန်းသာရှိသောကြောင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၏ အမြင့်ဆုံးသတ်မှတ်ချက် ၄၀ ရာခိုင်နှုန်းအောက်တွင်သာရှိနေဆဲပင်ဖြစ်သည်။ စင်စစ်အားဖြင့် GDP အချိုးတွင်ရှိသည့် ပြည်တွင်းကြွေးမြီ ၁၉ ဒသမ ၅၅ ရာခိုင်နှုန်းအပါအဝင် GDP အချိုး၏ကြွေးမြီစုစုပေါင်းသည် ၃၁ ဒသမ ၄၂ ရာခိုင်နှုန်းသာရှိသောကြောင့် ပြည်တွင်း၊ ပြည်ပကြွေးမြီပမာဏသည် စိုးရိမ်စရာအခြေအနေတော့မရောက်ရှိသေးပေ။

လက်ရှိအချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ GDP တိုးတက်မှုနှေးကွေးလာကြောင်း သတိပေးချက်များ စတင်နေပြီဖြစ်သည်။ ထို့ကြောင့် IMF သည် ယခုနှစ် ဇန်နဝါရီလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချေးငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံထုတ်ပေးခဲ့ရသည်။ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးအကျပ်အတည်းများနှင့် ယူကရိန်းအရေးတို့သည် နိုင်ငံများစွာတွင် ပြဿနာများစွာ ဖြစ်ပေါ်စေလျက်ရှိသော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စီးပွားရေးတွင် အားနည်းချက်များကို ပြုပြင်ပြောင်းလဲမှုလုပ်ဆောင်သွားမည်ဆိုလျှင် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်သွားနိုင်မည်ဖြစ်သည်။

စင်စစ်အားဖြင့် မြေနိမ့်ဒေသတွင်တည်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုများနှင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုတို့ကို ကြုံတွေ့နေရသည့်အတွက် သန်းပေါင်းများစွာသော ပြည်သူများသည် ရေကြီးရေလျှံမှုများနှင့် အစွန်းရောက်ရာသီဥတုဖြစ်စဉ်များကြောင့် အိမ်ခြေရာခြေမဲ့ဖြစ်မည့်အန္တရာယ်နှင့် ရင်ဆိုင်ရလျက်ရှိသည်။ အမှန်တော့ တိုင်းပြည်နယ်မြေအစိတ်အပိုင်းအတော်များများသည ပင်လယ်ရေမျက်နှာပြင်ထက်နိမ့်နေသောကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရေကြီးရေလျှံမှုနှင့် မုန်တိုင်းဒဏ်များကို အလူးအလဲခံစားရလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုနှင့်ဆက်စပ်သော အစွန်းရောက်ရာသီဥတုဖြစ်စဉ်များကြောင့် နှစ်စဉ် ပျက်စီးဆုံးရှုံးမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ သန်း ၅၇၀ ခန့်ရှိနိုင်ကြောင်း ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ငွေကြေးဖောင်းပွမှုများ၊ ပြည်ပအလုပ်အကိုင်မှ လွှဲပြောင်းငွေကျဆင်းလာမှုများ၊ ကုန်ထုတ်လုပ်မှုကျဆင်းလာမှုများ၊ နိုင်ငံခြားအရန်ငွေကျဆင်းလာမှုများ၊ စွမ်းအင်အကျပ်အတည်းများအပါအဝင် အကြောင်းခြင်းရာများစွာသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ခြိမ်းခြောက်လျက်ရှိသည်။ ၂၀၂၂ ခုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဘဏ္ဍာရေးလိုငွေပြမှုသည် ၃၀ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့သောကြောင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၇ ဘီလီယံမှ ၁၈ ဒသမ ၆၉ ဘီလီယံထိ မြင့်တက်လာခဲ့သည်။ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပို့ကုန်၊ သွင်းကုန်စီးပွားရေးလုပ်ငန်းမှ ကုန်သွယ်ရေးလိုငွေပြမှုနှင့် လတ်တလောဘတ်ဂျက်တို့တွင် လိုငွေပြမှုဟူ၍ လိုငွေပြမှုနှစ်ခုနှင့်ကြုံတွေ့ရလျက်ရှိသည်။

အမှန်တော့ IMF နှင့် အခြားသောဘဏ္ဍာရေးအဖွဲ့အစည်းများသည် ချေးငွေထုတ်ပေးရန်သတ်မှတ်ချက်များ ပြဋ္ဌာန်းထားသောကြောင့် ချေးငွေထုတ်ယူလိုသော နိုင်ငံများအနေဖြင့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ရလေ့ရှိသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုသည် ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ချေးငွေထုတ်ပေးမှုနှင့်ပံ့ပိုးမှုအပေါ်တွင်လည်း များစွာမူတည်လျက်ရှိသည်။ ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ အလွန်ကာလနှင့် ယူကရိန်းအရေးတို့ကြောင့် ဖြစ်ပေါ်လျက်ရှိသည့် အကျပ်အတည်းကာလတွင် IMF အပါအဝင် နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများထံမှ ချေးငွေထုတ်ယူရရှိမှသာလျှင် တည်ငြိမ်သောစီးပွားရေးနှင့် တိုင်းပြည် GDP တိုးတက်မှုတို့ကို ဖော်ဆောင်နိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

**-Lessons for Bangladesh's Economy by Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းပြေးဆွဲနေသည့် စီးတီးတက္ကစီများအနက် အစီးရေ ၅၀၀ ကို စမတ်မီတာစနစ်ဖြင့် စမ်းသပ်ပြေးဆွဲမည်



**ရန်ကုန် မတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသည့် ခရီးသည်တင် စင်းလုံးငှားယာဉ် စီးတီးတက္ကစီများ အနက် အစီးရေ ၅၀၀ ကို စမတ်မီတာစနစ်ဖြင့် စမ်းသပ် ပြေးဆွဲသွားမည်ဖြစ်ကြောင်း ရန်ကုန် တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူ ပို့ဆောင်ရေးကြီးကြပ်မှု ကော်မတီ (YRTC) တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောပြ၍ သိရသည်။

ထိုသို့ ခရီးသည်တင်စင်းလုံး ငှား စီးတီးတက္ကစီယာဉ်များကို စမတ်မီတာစနစ်ဖြင့် စမ်းသပ်ပြေး ဆွဲရာတွင် ကနဦး CNG ယာဉ်များ နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင်ပြေးဆွဲနေသည့် စီးတီး တက္ကစီယာဉ်များကို ဦးစားပေးပြေး ဆွဲစေမည်ဖြစ်ကြောင်း သိရသည်။

"အခုလို ဆောင်ရွက်တာက တော့ ခရီးသွားပြည်သူတွေအနေနဲ့ သင့်တင့်မျှတတဲ့ဈေးနှုန်းနဲ့ ယုံကြည် စိတ်ချစွာ သွားလာနိုင်ဖို့စီစဉ်ဆောင် ရွက်တာဖြစ်ပါတယ်။ အရင်က မီတာစနစ်တွေနဲ့ ဆောင်ရွက်ခဲ့ဖူး တာတွေရှိပေမဲ့ ယာဉ်မောင်းတွေ အနေနဲ့ မီတာကို ကြိုတင်ဖွင့်ထား တာမျိုးတွေရှိခဲ့တာကြောင့် အခု စမ်းသပ်မဲ့ မီတာစနစ်မှာတော့ စမတ်မီတာစနစ်နဲ့ တပ်ဆင်သွား မှာဖြစ်လို့ သင့်တင့်တဲ့ဈေးနှုန်းနဲ့ သွားလာနိုင်မှာ ဖြစ်ပါတယ်"ဟု ဦးလျန်ကျင့်မန်က ပြောပြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသည့် ခရီးသည်တင် စင်းလုံးငှားယာဉ် စီးတီးတက္ကစီများ ကို စမတ်မီတာစနစ်ဖြင့် စမ်းသပ် ပြေးဆွဲသွားရန် စီးတီးတက္ကစီယာဉ် အစီးရေ ၅၀၀ ကို လက်ရှိစစ်တမ်း ကောက်ယူမှုများ ဆောင်ရွက်ပြီးစီး နေပြီဖြစ်ကြောင်း သိရသည်။

လတ်တလော ရန်ကုန်တိုင်း ဒေသကြီးအတွင်း ပြေးဆွဲနေသည့် စင်းလုံးငှား တက္ကစီများတွင် တက္ကစီ ယာဉ်မောင်းများ စုပေါင်းကာ အဖွဲ့ဖွဲ့ထားသည့် မီတာတက္ကစီ အစုအဖွဲ့တချို့လည်းရှိနေကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးတီး တက္ကစီအဖြစ်မှတ်ပုံတင်ကာ ပြေးဆွဲ နေသည့် စင်းလုံးငှား တက္ကစီအစီး ရေ ၄၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

ASH

# မင်းတုန်းမြို့နယ် စွန်သိုက်ကျေးရွာ၌ ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းပြီးစီးမှု စစ်ဆေး

**မင်းတုန်း မတ် ၁၁**

မကွေးတိုင်းဒေသကြီး မင်းတုန်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက စွန်သိုက် ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာ တွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းသွ ယ်တန်းပြီးစီးနေမှုများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်း ဆင်း စစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် မင်းတုန်းမြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညိုဝင်းအောင်နှင့် ဝန်ထမ်းများက ကျေးရွာတွင်း မီး လင်းရေးဖြစ်မြောက်မှုကော်မတီဝင် များနှင့်အတူ စွန်သိုက်ကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အား လိုင်းသွယ်တန်းပြီးစီးနေမှု အခြေ အနေများကို ကြည့်ရှုစစ်ဆေးကြပြီး ကျေးရွာတာဝန်ရှိသူများ၊ ရပ်မိ၊ ရပ်ဖများနှင့်တွေ့ဆုံကာ ဆောင်ရွက် ပြီး လုပ်ငန်းများရေရှည်အသုံးပြုနိုင် ရေး ကျေးရွာသူ၊ ကျေးရွာသား များအားလုံးက ဝိုင်းဝန်းထိန်းသိမ်း ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မင်းတုန်းမြို့နယ် စွန်သိုက် ကျေးရွာ၌ ၄၀၀ ဗို့ ဓာတ်အားလိုင်း အရှည်ပေ ၃၇၅၀ နှစ်ကြိုးထပ်မံ သွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်း ရောင်ကျေးရွာစီမံကိန်း အတိုးရရှိ ငွေကျပ် စုစုပေါင်း ၂၇ ဒသမ ၆၆၃၅ သန်းမှ ငွေကျပ် ၁၁ ဒသမ ၁၅၂၆ သန်းကို အသုံးပြုပြီး မင်းတုန်းမြို့နယ် လျှပ်စစ်တာဝန်ခံ အင်ဂျင်နီယာ၏ နည်းပညာကူညီ ပံ့ပိုးကူညီမှုဖြင့် ကျေးရွာပြည်သူ လူထုကိုယ်တိုင် ဇန်နဝါရီ ၂ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ မတ် ၁၀ ရက်က လုပ်ငန်းများအားလုံးရာနှုန်း ပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ် ကြောင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း သွယ်တန်းပြီးစီးမှုကြောင့် စွန်သိုက် ကျေးရွာရှိ အိမ်ခြေ ၁၃၀၊ လူ ၅၆၅ ဦးတို့ လျှပ်စစ်မီးရရှိသုံးစွဲနေပြီဖြစ် ကြောင်း မင်းတုန်းမြို့နယ် ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ သိရသည်။

ကိုညို

# လားရှိုးမြို့နယ် လွယ်လွှမ့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လားရှိုး မတ် ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နောင်ဖော့ကျေးရွာအုပ်စု လွယ်လွှမ့် ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန် ဆိုင်းက မြစိမ်းရောင်ကျေးရွာစီမံ ကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူ ရေး၊ အရောင်းအဝယ်နှင့် အခြား မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်း များ ဆောင်ရွက်နိုင်စေရန်ရည်ရွယ် ၍ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၆၂၀ ကိုမြစိမ်း ရောင်ကျေးရွာစီမံကိန်းကော်မတီ ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံ ကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်း ရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့် အတူ လွယ်လွှမ့်ကျေးရွာ၌ မြစိမ်း ရောင်ကျေးရွာစီမံကိန်း စတုတ္ထ



အကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၉၄ ဦး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင် သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၈ ဦးအတွက် မြစိမ်း ရောင်ကျေးရွာစီမံကိန်း အရင်း မပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၆၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန် ဆိုင်းနှင့်ဝန်ထမ်းများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ် မှုကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြ ကြောင်း သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**

# ကလေးဝမြို့နယ် သာစည်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကလေးဝ မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ကျေး လက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိစေရေး အတွက် ကလေးဝမြို့နယ် သာစည် ကျေးရွာ၌ သောက်သုံးရေရရှိရေး လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေ အနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ကလေးဝမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုင်နီလာထွေး၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်း များက သာစည်ကျေးရွာ၌ ရေရရှိ ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး မှုအခြေအနေများ၊ လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး က ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် လုပ်ငန်းများ ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်း ထိန်းသိမ်း စောင့်ရှောက်ကြရန် မှာကြားသည်။

ကလေးဝမြို့နယ်၌ အရှည် နှစ်မိုင် စိမ့်စမ်းရေသွယ်ယူခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှင့် ရေတားတမံ တည်ဆောက်ခြင်း လုပ်ငန်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည် ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၅ ဒသမ ၃ သန်းဖြင့် ၂၀၂၂ ခုနှစ် ဒွန်လ တတိယပတ်က စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်း ပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ စိမ့်စမ်း ရေသွယ်ယူခြင်းနှင့် ဆက်စပ် လုပ်ငန်းများ ဆောင်ရွက်နိုင်မှု ကြောင့် သာစည်ကျေးရွာရှိ အိမ် ခြေ ၈၄ အိမ်၊ လူ ၄၇၈ ဦးအတွက် ရာသီမရွေး သောက်သုံးရေအဆင် ပြေချောမွေ့ကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ် ကြောင်း ကလေးဝမြို့နယ် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ သိရသည်။

**မင်းမြင့်မိုရ်**

# ဘိုကလေးမြို့နယ်တွင် ကွမ်းသီးစိမ်း အလုံး ၁၀၀ လျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိ

**ဘိုကလေး မတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဘို ကလေးမြို့နယ်တွင် ကွမ်းသီးစိမ်း ဝယ်ယူမှုအားကောင်းနေပြီး အလုံး ၁၀၀ လျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ဘို ကလေးမြို့နယ်မှ ကွမ်းသီးရောင်း ဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်သူဇာ လွင်က ပြောပြ၍ သိရသည်။


ဘိုကလေးမြို့နယ်တွင် ပြီးခဲ့ သည့် ဖေဖော်ဝါရီလအတွင်းက ကွမ်း သီးစိမ်း အလုံး ၁၀၀ လျှင် ငွေကျပ် ၆၅၀၀ ထိသာ ပေါက်ဈေးရှိခဲ့ပြီး မတ် ၁ ရက်မှ ယနေ့ထိ ကွမ်းသီး စိမ်းအလုံး ၁၀၀ လျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိနေ ကြောင်း၊ အဆိုပါ ကွမ်းသီးစိမ်းများ ဈေးကောင်း ရရှိနေခြင်းကြောင့် ကွမ်းသီးစိုက်ပျိုးရေး လုပ်ငန်း ရှင်များ အဆင်ပြေနေကြောင်း သိရသည်။

"စိုက်ပျိုးရေး လုပ်ငန်းရှင်တွေ က သေသေချာချာဂရုစိုက်တော့ ကွမ်းသီးစိမ်းတွေက အရည်အသွေး ကောင်းပါတယ်။ ဒါ့ကြောင့်လဲ ထွက်ရှိလာတဲ့ ကွမ်းသီးတွေ ဈေး ကောင်းရရှိနေတာပါ။ လက်ရှိ ကွမ်းသီးစိမ်း အလုံးရေ ၁၀၀ ကို ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိ နေတယ်။ အခုဒေသထွက် ကွမ်းသီး တွေ ရန်ကုန်မြို့ကို အဓိကတင်ပို့ ရောင်းချနေပါတယ်။ လက်ရှိ ကွမ်း သီးစိမ်းတွေ အဝယ်လိုက်နေပြီး ကွမ်းသီးခြောက်က အစိမ်းလောက် အရောင်းအဝယ် မဖြစ်ပါဘူး။ အခု ကွမ်းသီးအရောင်းအဝယ် ကောင်း လာသလို ဈေးကလဲကောင်းတော့ လုပ်ငန်းရှင်တွေ၊ လုပ်သားတွေ အဆင်ပြေလာကြပါတယ်" ဟု ဘိုကလေးမြို့နယ်မှ ကွမ်းသီး ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်သူဇာလွင်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ကွမ်းသီး စိမ်းများကို ဒေသကွမ်းသီးရောင်း ဝယ်ရေး လုပ်ငန်းရှင်များက ဝယ်ယူ ပြီး စနစ်တကျသန့်စင်ထုပ်ပိုးကာ ပုသိမ်မြို့နှင့် ရန်ကုန်မြို့သို့ အများ ဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဘိုကလေးမြို့နယ်တွင် ကွမ်းသီး ပင်ကို ဖိုးဒီကွဲ၊ သာပေါင်း၊ စက် ဆန်း၊ ထော်ပိုင်၊ ကွမ်းသီးချောင်း၊ ပေချောင်း၊ နတ်ချောင်း၊ လှော်က် ချောင်း စသည့်ကျေးရွာတို့ တွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ၂၀၂၄ ခုနှစ်၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုစာမူပြိုင်ပွဲတွင် ဆုရရှိသူများအမည်စာရင်း

**စစ်ချီသီချင်း**

၁။ **ရဲဝံ့ဇာနည် အောင်စစ်သည်** ပထမဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၂။ **ဒီမိုကရေစီ နိုင်ငံသစ်ဆီ** ဒုတိယဆု
ဒုတိယတပ်ကြပ်လှိုင်ဝင်းထွန်း

၃။ **အောင်လံရှေ့သို့ချီ** တတိယဆု
ဖုန်းမြင့်(MMC)

၄။ **နိုင်ငံ့တပ်မတော်ရှေ့သို့ချီ** စတုတ္ထဆု
ဇော်မျိုးထွန်း

၅။ **တပ်မတော်သားတို့တာဝန်** ပဉ္စမဆု
မြင့်မိုရ်ဦး(သဇင်)

**စစ်သည်တေးသီချင်း**

၁။ **ရှေ့သို့ချီမည် ပန်းတိုင်ဆီ** ပထမဆု
ဇာမဏီ

၂။ **တို့ရဲ့မြန်မာ့တပ်မတော်** ဒုတိယဆု
ကျော်ဆွေအောင်

၃။ **တပ်မတော်နှင့်ပြည်သူ** တတိယဆု
မြင့်မိုရ်ဦး(သဇင်)

၄။ **ဒို့များဂုဏ်ရည် သမိုင်းတွင်မည်** စတုတ္ထဆု
မြင့်မြတ်ဦး(မြဝတီ)

၅။ **အလွမ်းရက်နွေ အပြုံးပန်းဝေ** ပဉ္စမဆု
ရှိန်မြင့်ထက်(ဝါးကြီးအိုင်)

**ကဗျာ(ဝါသနာရှင်)**

၁။ **သားကောင်းသွေးသစ် ထုဆစ်ပုံနှိုင်း သမိုင်းလက်ဆင့်ကမ်း ပြည်ချစ်ပန်း** ပထမဆု
သက်ဝေ

၂။ **သမိုင်းထင်ပေါ် တပ်မတော်** ဒုတိယဆု
လုလင်(မှော်ဝန်းမြေ)

၃။ **ဖိုးမောင်တမ်းချင်း** တတိယဆု
အန်ကယ်ပညာ

၄။ **နေသို့ထွန်းသည့်မော်ကွန်းလွှာ** စတုတ္ထဆု
ရှိန်မြင့်ထက်(ဝါးကြီးအိုင်)

၅။ **ပန်းမွှေးသုံးထွေ ကြည်၊ ရေ လေ** ပဉ္စမဆု
သဥ္ဇာညိုသင်း(လားရှိုး)

၆။ **နိုင်ငံ့အုတ်မြစ် မဏ္ဍိုင်အစစ် မျိုးချစ်ပြည်သူ့တပ်မတော်** အထူးဆု(၁)
ကျော့ဝင်း(မိုးညှင်း)

၇။ **မရှိုင်းတဲ့သမိုင်း** အထူးဆု(၂)
ရဲမွန်ကျော်

၈။ **သူရဲကောင်းများအစဉ်ထွန်းကားရာ သားကောင်းတို့မျော် တပ်မတော်** အထူးဆု(၃)
သောင်းဌေး(တောင်တွင်း)

**ကဗျာ(အလွတ်တန်း)**

၁။ **သူရဲကောင်းသစ္စာ** ပထမဆု
ပုလောစိုးနုံ့သာ

၂။ **တပ်မတော်ဟူသည်** ဒုတိယဆု
မြတ်ထွဏ်းနောင်

၃။ **ကောင်းမြတ်စွမ်းရည် သန္နေတည်သည့် မြန်ပြည်မျက်ရှုပြည်သူ့တပ်မတော်** တတိယဆု
ညောင်ရွှေခင်မောင်မြ

၄။ **မင်္ဂလာအဆင့်ဆင့်မြင့်မြတ်သောတပ်မတော်** စတုတ္ထဆု
အမောင်

၅။ **မြင့်မြတ်ရှေ့ပြည်အောင်လံတည်၍ အောင်စည်အောင်နိမိတ် အောင်ရိပ်ထွန်းပေါ် အောင်တပ်မတော်** ပဉ္စမဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

**ဝတ္ထုတို**

၁။ **သစ္စာစစ်သွေး လွယ်လင်လေးမော်ကွန်း** ပထမဆု
တက္ကသိုလ်မြမဋ္ဌ

၂။ **မြင့်မြတ်သောဂုဏ်ဖြင့်တို့ လွမ်းပတ်ဖွဲ့တည်ရာ** ဒုတိယဆု
နေဇင်(ပေါက်ခေါင်း)

၃။ **ပီတိလွှမ်းတဲ့နှလုံးသား** တတိယဆု
နိုင်ဆွေ(ခရမ်း)

၄။ **ဂုဏ်ယူနေပါ ဖေဖေ** စတုတ္ထဆု
ပင်မြင့်စံ(ရွှေဘို)

၅။ **ရေထက်ပို၍ချိုပါသည်** ပဉ္စမဆု
မျိုးမြင့်ရန်နောင်

၆။ **ရဲရေးရောက်သော်** အထူးဆု(၁)
ယိမ်းနွဲ့လျှံ

၇။ **မြူတိမ်ကင်းလို့ ဝင်းပစေ** အထူးဆု(၂)
အမောင်

၈။ **သားကောင်းရင်ခွင်** အထူးဆု(၃)
မသန်းလွင်(ဟဲဟိုး)

**ဝတ္ထုရှည်**

၁။ **ငါတို့သည် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ သစ္စာကို စောင့်သိရိုသေပါမည်** ပထမဆု
ရဲဘော်ထွန်းထွန်း(တနိုင်း)

၂။ **နေတစ်စင်း လတစ်စင်းရဲ့ကောင်းကင်** ဒုတိယဆု
နွေကုံ့ကော်(မြို့လှ)

၃။ **နှလုံးသားကမ္ဘည်းထက်က အနုညာတတို့၏ ပါဒလေးများ** တတိယဆု
မောင်မောင်လွင်(ရွှေဘိုသား)

၄။ **တောပျော်ငှက်တို့ အိမ်အပြန်** စတုတ္ထဆု
မောင်လူစိမ်း(ကျုံပျော်)

၅။ **နှစ်နှစ်ကာကာ ချစ်ခဲ့ရပါသည်** ပဉ္စမဆု
သန်းဝင်းထွန်း(ဆွာ)

**ဆုပေးပွဲအခမ်းအနားကျင်းပမည့်အစီအစဉ်**

-ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက် ၂၇-၃-၂၀၂၄ ရက် (တနင်္လာနေ့)။

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေရာနှင့်အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## မင်းဘူးမြို့နယ် ကန်ရေ-၁ ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး



**မင်းဘူး မတ် ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကန်ရေ-၁ ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို မတ် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ)ဦးမောင်ဝင်း၊ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်ဦး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးအောင်ဘုန်းလင်း၊ မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကန်ရေ -၁ ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ပေ ၆၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ) ဦးမောင်ဝင်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

အဆိုပါကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ် သိန်း ၁၁၀ အသုံးပြုပြီး ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ခင်မာ**

## ဘားအံမြို့နယ် ကော့ဒါန်းမယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ မတ် ၁၁**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော့ဒါန်းမယ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို မတ် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ကော့ဒါန်းမယ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၃ ဦးကို စတုတ္ထအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၆၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး
စာပေကဏ္ဍ

## ဥယျာဉ်မှူးနှင့် ချိုမြိန်သောသရက်ပင်

သားတို့၊ သမီးတို့ရေ အားလုံးပဲမင်္ဂလာပါကွယ်။ ဒီကနေ့ ဘိုးဘိုးပြောပြမဲ့ပုံပြင်လေးက ဒီလိုကွဲ့။

ဟိုးရှေးရှေးတုန်းက တိုင်းပြည်နိုင်ငံကိုအုပ်ချုပ်တဲ့ မင်းကြီးတစ်ပါးရှိခဲ့ဖူးသတဲ့ကွယ်။ နေတာကတော့ ဗာရာဏသီတိုင်းပြည်ကြီးမှာပေါ့ကွယ်။ အဲဒီမင်းကြီးဟာ တစ်နေ့မှာတော့ မြစ်ထဲသွားပြီး ရေကစားနေသတဲ့ကွယ်။ အဲဒီအချိန် နတ်တွေစားသုံးတဲ့သရက်သီးကြီး တစ်လုံးဟာ အေးမြကြည်လင်တဲ့ရေအိုင်ကြီးတစ်အိုင်ကနေ စီးဆင်းလာသတဲ့ကွယ်။ အဲဒီသရက်သီးကြီးက ဘယ်လောက်ကြီးသလဲဆိုတော့ ရေအိုးကြီးလောက်ရှိသတဲ့ကွယ်။ နောက်ပြီး သရက်သီးကြီးက လုံးလုံးဝိုင်းဝိုင်းနဲ့ အရောင်ကတော့ ရွှေရောင်အဆင်းလိုဝါဝင်းနေသတဲ့ကွယ်။ ဒီလိုနဲ့ သရက်သီးကြီးကို မင်းကြီးက ရေထဲကနေ ဆယ်ယူလိုက်သတဲ့ကွယ်။ ပြီးတော့ တစ်ကိုက်စားကြည့်လိုက်သတဲ့။ အဲဒီအခါ အရသာကောင်းပြီး ချိုမြိန်မှန်းသိတော့ တစ်လုံးလုံးကို အကုန်စားပစ်လိုက်သတဲ့ကွယ်။ နောက်ဆုံး အစေ့ပဲကျန်ခဲ့သတဲ့ကွယ်။ အဲဒီအစေ့ကို မင်းကြီးက သူ့ရဲ့ဥယျာဉ်ထဲမှာ ဥယျာဉ်မှူးကို စိုက်ခိုင်းထားလိုက်သတဲ့။ ဒီလိုနဲ့ သုံးနှစ်မြောက်မှာ အဲဒီသရက်ပင်က အသီးတွေသီးလာသတဲ့ကွယ်။ အဲဒီအခါ မင်းကြီးက သူ့ရဲ့သရက်ပင်ကို သေသေချာချာဂရုစိုက်ပြီး ပြုပြင်ဖို့ ဥယျာဉ်မှူးကို မှာကြားထားတယ်။ ဥယျာဉ်မှူးက သရက်ပင်ကို နို့ရည်လောင်းပေးတယ်။ နံ့သာရေလဲ လောင်းပေးတယ်။ အမွှေးတိုင်တွေနဲ့ ဆီမီးတွေလဲ ထွန်းပေးထားသတဲ့ကွယ်။ မင်းကြီးက အဲဒီသရက်သီးကို ဘယ်လောက်မြတ်နိုးသလဲဆိုတော့ လက်ဆောင်ပေးရင်တောင်မှ မျိုးမပွားအောင် အညှောင့်ထွက်မဲ့ အစေ့ထိပ်ကလေးကို အဆိပ်စူးနဲ့ ထိုးဖောက်ပြီးမှ ပေးသတဲ့ကွယ်။ ဒီလိုနဲ့ တစ်နေ့မှာတော့ တိုင်းခြားဘုရင်တစ်ပါးက သူ့ရဲ့ဥယျာဉ်စောင့်ကိုခေါ်ပြီး-

"အမောင်ဥယျာဉ်စောင့် ဟိုဘက်တိုင်းနိုင်ငံက မင်းကြီးရဲ့ချိုမြိန်ကောင်းမြတ်တဲ့သရက်သီးအရသာကို ဖျက်ဆီးပြီး ခါးအောင်မလုပ်နိုင်ဘူးလား"လို့ မေးမြန်းလိုက်သတဲ့ကွယ်။ အဲဒါနဲ့ ဥယျာဉ်စောင့်ကလဲ "လုပ်နိုင်ပါတယ်ဘုရား"ဟု ပြန်ပြီး လျှောက်ထားလိုက်သတဲ့ကွယ်။ အဲဒီအခါ မင်းကြီးက ဥယျာဉ်စောင့်ကို စားစရိတ်ငွေတစ်ထောင်ပေးပြီး ပြန်လွှတ်လိုက်သတဲ့ကွယ်။ ဥယျာဉ်စောင့်လဲ နောက်တစ်နေ့မနက်အစောကြီးထပြီး ဗာရာဏသီတိုင်းပြည်ကို သွားသတဲ့ကွယ်။ ဒီလိုနဲ့ ဗာရာဏသီတိုင်းပြည်ရဲ့နန်းတော်ဝကို ရောက်လာသတဲ့ကွယ်။ အဲဒီအချိန်မှာ ဥယျာဉ်စောင့်က "နန်းတော်ဝမှာရပ်ပြီး ဥယျာဉ်မှူးတစ်ယောက်




ရောက်ရှိခစားလိုပါကြောင်း" သံတော်ဦးတင်လိုက်သတဲ့ကွယ်။ အဲဒီအခါ မင်းကြီးက နန်းတော်ထဲကို ခေါ်လိုက်သတဲ့ကွယ်။ ဒီလိုနဲ့ ဥယျာဉ်စောင့်လဲ မင်းကြီးရှေ့မှောက်ရောက်လာတာပေါ့ကွယ်။ အဲဒီအခါ ဥယျာဉ်စောင့်က သူ့ရဲ့ဥယျာဉ်မှူးတို့တတ်မြောက်အပ်သောပညာတွေကိုပြောပြသတဲ့ကွယ်။ အဲဒါနဲ့ မင်းကြီးကလဲ သဘောကျပြီး သူ့ရဲ့ဥယျာဉ်မှာ လက်ရှိဥယျာဉ်မှူးနဲ့ အတူတွဲဖက်ပြီး ဥယျာဉ်မှူးနှစ်ယောက်ခန့်ထားလိုက်သတဲ့ကွယ်။ ဒီလိုနဲ့ ဥယျာဉ်မှူးအသစ်က အချိန်အခါမဟုတ်ဘဲ အသီးအပွင့်တွေကို သီးအောင်ပွင့်အောင် လက်စွမ်းပြလိုက်သတဲ့ကွယ်။ အဲဒီအခါ မင်းကြီးရဲ့ ဥယျာဉ်က အရင်ကထက်ပိုမိုပိုမို သာယာလှပစိုပြေသွားပြီး ပျော်မွေ့ဖွယ်ရာဖြစ်သွားသတဲ့ကွယ်။ ဒီလိုနဲ့ မင်းကြီးကလဲ ဥယျာဉ်မှူးအသစ်ကို ပိုမိုသဘောကျပြီး ဥယျာဉ်မှူးအဟောင်းကို ရာထူးကနေဖြုတ်ချလိုက်သတဲ့ကွယ်။ အဲဒီနောက်တော့ မင်းကြီးက ဥယျာဉ်မှူးအသစ်ရဲ့လက်ထဲကို ယုံယုံကြည်ကြည်နဲ့ သူ့ရဲ့ဥယျာဉ်ကြီး တစ်ခုလုံးကို အပ်နှံလိုက်သတဲ့ကွယ်။ အဲဒီအခါမှာတော့ ဥယျာဉ်မှူးအသစ်က သူကြံစည်ထားတဲ့အတိုင်း အစွမ်းကုန်ပြုပြင်ပြောင်းလဲဖို့ လုပ်ဆောင်ပါတော့တယ်။ တစ်နေ့မှာတော့ ဥယျာဉ်စောင့်အသစ်က ချိုမြိန်ကောင်းမြတ်တဲ့သရက်ပင်ပျိုလေးရဲ့ အနီးအနားမှာ တမာပင်နဲ့ ခွေးတောက်ပင်တွေကို စိုက်ပျိုးလိုက်သတဲ့ကွယ်။ ဒီလိုနဲ့ ကြာလာတော့ သရက်မြစ်တွေနဲ့ တမာ၊ ခွေးတောက်မြစ်တွေဟာ အချင်းချင်းရောယှက်ကုန်ကြသတဲ့ကွယ်။ နောက်ပြီး အကိုင်းအခက်တွေလဲရောယှက်ကုန်ကြသတဲ့ကွယ်။ အဲဒီအခါ ချိုမြိန်ကောင်းမြတ်ပြီး အရသာရှိတဲ့သရက်သီးဟာ တမာသီးလိုခါးသွားပါလေရောသတဲ့ကွယ်။ အဲဒီအချိန်မှာ မင်းကြီးရောက်လာသတဲ့ကွယ်။ သရက်သီးကိုစားကြည့်တော့ ခါတိုင်းလိုမချိုမြိန်တော့ဘူးပေါ့ကွယ်။ တမာသီးလို အလွန်ခါးလွန်းလို့ဆိုပြီး ဆက်မစားနိုင်ဘဲ ပါးစပ်ထဲကနေ ထွေးထုတ်ပစ်လိုက်သတဲ့ကွယ်။ အဲဒါကြောင့် ပညာရှိအမတ်ကြီးကို ခေါ်ပြီး "ပညာရှိအမတ်ကြီး ဒီသရက်ပင်ရဲ့အခြေအနေဟာ ရှေးကလောက်ဘာမျှမဆုတ်ယုတ်မလျော့ပါးပါပဲလျက် ဘယ်အတွက်ကြောင့် အသီးတွေအရသာပျောက်ပြီး ခါးသွားရသလဲ"ဆိုပြီး မေးမြန်းလိုက်သတဲ့ကွယ်။ အဲဒီအခါ ပညာရှိအမတ်ကြီးက "အရှင်မင်းကြီး အရှင်မင်းကြီးရဲ့ မင်္ဂလာသရက်ပင်ဟာ တမာပင်တွေဝန်းရံထားပါတယ်။ သရက်မြစ်ဟာ တမာမြစ်နဲ့ရောစပ်ပါတယ်။ တမာခက်တို့ဟာ သရက်ပင်သို့ ဝင်ကုန်ပါတယ်။ မချိုတဲ့တမာပင်နဲ့ ပေါင်းစပ်တာကြောင့် သရက်ပင်ဟာ ခါးစပ်တဲ့အသီးရှိပါတယ်"လို့ ပြန်လည်ပြီး သံတော်ဦးတင်လိုက်သတဲ့ကွယ်။ အဲဒီတော့မှ မင်းကြီးဟာ အမတ်ကြီးရဲ့လျှောက်တင်ချက်အရ တမာပင်နဲ့ခွေးတောက်ပင်တွေကို အကုန်ခုတ်ခိုင်းလိုက်သတဲ့ကွယ်။ နောက်ပြီးတော့ အမြစ်တွေပါ တူးထုတ်ပြီး အနီးနားကမြေကြီးတွေကိုပါ ဖယ်ထုတ်လိုက်သတဲ့ကွယ်။ အဲဒီလိုနဲ့ မင်္ဂလာသရက်ပင်ကို မြေအသစ်ဖို့ နို့ရည်လောင်းပြီး ပြုပြင်လိုက်တဲ့အခါ သရက်သီးလဲ ပြန်လည်ပြီး ချိုမြိန်သွားသတဲ့ကွယ်။

တဲ့ . . . ပုံပြင်လေးကတော့ ဒါပါပဲကွယ်။ သားတို့၊ သမီးတို့လဲ ဒီပုံပြင်လေးကိုနားထောင်ပြီး ခွေးတောက်၊ တမာရောယှက်ခြင်းခံရတဲ့သရက်ပင်ကြီးလို မဖြစ်ကြပါစေနဲ့ကွယ်။ နောက်ပြီး ခွေးတောက်လိုလူမျိုး၊ တမာလိုလူမျိုးတွေကိုလဲ သတိထားပြီး ပေါင်းသင်းဆက်ဆံတတ်ကြပါစေကွယ်။

**တက္ကသိုလ်မောင်နှင်းဝေ**

## အတုယူစရာ ဥပမာ




♦ ပုရွက်ဆိတ်ကလေး အတုယူပါ
စည်းလုံးဆွေသဟာ၊
တန်းစီညီညာ လှုံ့လစိုက်
ဝမ်းစာရှာဖွေခိုက်။

♦ ပျင်းရိအိပ်ငိုက် မနားနေပါ
တန်းတူကြိုးစားကာ၊
အကျိုးရှိစွာ အချိန်ကိုသုံး
အောင်မြင်မှုနိဂုံး။ ။

**မင်းသူရိန်(သာကီနွယ်)**

## နေကြာပန်း

♦ နေဘက်လှည့်လို့ ဖူးပွင့်ကာ
နေကြာပန်းဝါဝါ။

♦ စားလို့လည်းရ အဖိုးတန်
ဆီထွက်သည့်သီးနှံ။

♦ ဦးခေါင်းပေါ်မှာ မပန်ကြ
စိုက်ခင်းထဲမှာလှ။

♦ ဆီပေါလျှံအောင် စိုက်ပျိုးပေး
ဝင်ငွေရဖို့မဝေး
နေကြာပန်းပင်လေး။ ။

**ပန်းမာလာ**



# မော်တော်ကားများမှ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချနိုင်ရေး ဆွေးနွေးမှုပြုလုပ်ရန် ချက်နိုင်ငံက ဥရောပသမဂ္ဂအဖွဲ့ဝင် ၁၁ နိုင်ငံကို ဖိတ်ကြား




**အန်ဂျမ်နာ မတ် ၁၁**

ချက်နိုင်ငံ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက မော်တော်ကားများမှ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချနိုင်ရေးအတွက် ဆွေးနွေးမှုပြုလုပ်ရန် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၁ နိုင်ငံကို ဖိတ်ကြားထားကြောင်း ချက်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Stuff သတင်းဌာနက မတ် ၁၀ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါ အစည်းအဝေးပွဲကို ပြင်သစ်နိုင်ငံ စထရက်ဘော့မြို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ၂၀၃၅ ခုနှစ်အရောက်၌ မော်တော်ကားများမှ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ထိရောက်စွာ လျှော့ချနိုင်ရေးအတွက် အဓိက ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ချက်နိုင်ငံသည် ဥရောပသမဂ္ဂအဖွဲ့အစည်း၏အကူအညီဖြင့် အဖွဲ့ဝင်နိုင်ငံများကို အစည်းအဝေးခေါ်ယူခဲ့ခြင်းဖြစ်ပြီး အစည်းအဝေးသို့ ဖိတ်ကြားခံထားရသည့် နိုင်ငံများမှာ ဂျာမနီ၊ ဖင်လန်၊ ပြင်သစ်၊ ဟန်ဂေရီ၊ အီတလီ၊ ရိုမေးနီးယား၊ ပိုလန်၊ ပေါ်တူဂီ၊ စလိုဗက်ကီးယား၊ စလိုဗေးနီးယားနှင့် စပိန်နိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

"မတ် ၁၃ ရက်မှာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတချို့က သယ်ယူပို့ဆောင်ရေးဝန်ကြီးတွေနဲ့ စထရက်ဘော့မြို့မှာ တွေ့ဆုံဖို့ရှိပါတယ်။ Euro 7 ဥပဒေအရဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ထိန်းချုပ်နိုင်ရေး မူဝါဒတွေချမှတ်သွားဖို့ ဖြစ်ပါတယ်"ဟု ချက်နိုင်ငံသယ်ယူပို့ဆောင်ရေးဝန်ကြီး မာတင်ကပ်ကာက ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# အိန္ဒိယနိုင်ငံ ဂိုအာပြည်နယ်တွင် တောမီးလောင်ကျွမ်းမှု အရေးပေါ်အဆင့်သတ်မှတ်

**နယူးဒေလီ မတ် ၁၁**

အိန္ဒိယနိုင်ငံ ဂိုအာပြည်နယ်တွင် မတ် ၇ ရက်မှစ၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး မတ် ၉ ရက်မှစကာ အပူချိန်မြင့်တက်လာသဖြင့် တောမီးလောင်ကျွမ်းမှုအခြေအနေဆိုးရွားလာသောကြောင့် မတ် ၁၀ ရက်တွင် အရေးပေါ်အဆင့်သတ်မှတ်ကာ တောမီးထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေကြောင်း Deccan Herald သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးစတင်လောင်ကျွမ်းသည့်နေရာသည် မြေပြင်မှသွားလာရန်ခက်ခဲသည့် အခြေအနေဖြစ်သည့်အတွက် မီးသတ်တပ်ဖွဲ့ဝင်များက အခြေအနေကိုစောင့်ကြည့်နေခဲ့ခြင်းလည်းဖြစ်ကြောင်း၊ တောမီးထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်လာသည့်အတွက် လေတပ်မှ ရဟတ်ယာဉ်များ၊ လေယာဉ်များဖြင့် တောမီးထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေပြီး ရေတပ်ကလည်း သင်္ဘောများစေလွှတ်ကာ တောမီးထိန်းချုပ်ပေးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

"လေတပ်နဲ့ ရေတပ်က တောမီးကိုထိန်းချုပ်ပေးနိုင်ဖို့ ကြိုးစားပေးနေပါတယ်။ တောမီးအမြန်ဆုံးထိန်းချုပ်နိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ဂိုအာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။



လေတပ်သည် ကြီးမားသည့်ဇရိယာအတွင်း ဝေဟင်မှအရည်များပက်ဖျန်းနိုင်သည့် ကိရိယာများ တပ်ဆင်ထားသော ရဟတ်ယာဉ်များစေလွှတ်ကာ တောမီးထိန်းချုပ်နိုင်ရန် ကြိုးပမ်းပေးလျက်ရှိကြောင်း၊ မွမ်ဘိုင်းနှင့်ကိုချီအခြေစိုက် ရေတပ်စခန်းမှ ရဟတ်ယာဉ်များစေလွှတ်ကာ လေတပ်ဖြင့်ပူးပေါင်း၍ တောမီးကိုငြိမ်းသတ်ပေးလျက်ရှိကြောင်း၊ တောမီးကို မြေပြင်မှ ငြိမ်းသတ်ပေးရန် မဖြစ်နိုင်သည့် အခြေအနေဖြစ်သည့်အတွက် မီးသတ်တပ်ဖွဲ့ဝင်များက တောမီးငြိမ်းသတ်ရေးအတွက် အကြံပြုခြင်းသာ ပြုလုပ်နိုင်သည့် အခြေအနေဖြစ်နေကြောင်း၊ မြေပြင်မှလည်း မီးသတ်ကားများ စေလွှတ်ရန် မဖြစ်နိုင်သည့် မြေအနေအထားကြောင့် တောမီးအမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် အခက်အခဲများရှိနေခြင်းဖြစ်ကြောင်း သိရသည်။

**ခိုင်းဆက်**

# အမေရိကန်နိုင်ငံ၌ ယခုနှစ် နွေကာလတွင် အယ်နီညိုရာသီဥတုဝင်ရောက်လာဖွယ်ရှိ

**ဝါရှင်တန် မတ် ၁၁**

အမေရိကန်နိုင်ငံ၌ ရာသီဥတုပြောင်းလဲမှုများ မြန်ဆန်နေပြီး ယခုနှစ် နွေကာလတွင် အမေရိကန်နိုင်ငံသို့ အယ်နီညိုရာသီဥတု ဝင်ရောက်လာဖွယ်ရှိနေကြောင်း အမေရိကန် မိုးလေဝသသုတေသီများက ထုတ်ပြန်ခဲ့သည်ဟု ITV သတင်းဌာနက မတ် ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

သုတေသနရလဒ်များအရ နှောင်းတမ်းဟမ်ရှိုင်းယားကောင်တီသို့ အယ်နီညိုရာသီဥတု ကနဦးဝင်ရောက်မည်ဖြစ်ပြီး အယ်နီညိုရာသီဥတုကြောင့် ကောက်ပဲသီးနှံစိုက်ခင်းများ ပျက်စီးနိုင်ဖွယ်ရှိနေကြောင်း၊ လာမည့် ဇူလိုင်လမှ စက်တင်ဘာလအတွင်း အယ်နီညိုရာသီဥတု ဝင်ရောက်လာဖွယ်ရှိနေပြီး အယ်နီညိုဝင်ရောက်လာရန် ၅၀ ရာခိုင်နှုန်းနှင့်အထက်တွင်ရှိနေကြောင်း ရာသီဥတုခန့်မှန်းတိုင်းတာရေးစင်တာမှ သုတေသီများက ထုတ်ပြန်ခဲ့သည်။

"ခန့်မှန်းတိုင်းတာချက်တွေအရ လာမဲ့ နွေကာလမှာ အယ်နီညိုရာသီဥတု ဖြစ်ပေါ်လာနိုင်ခြေမြင့်မားနေပါတယ်။ အယ်နီညိုရာသီဥတုဖြစ်ပေါ်လာနိုင်ခြေကတော့ ၅၀ ရာခိုင်နှုန်းနဲ့ အထက်မှာရှိနေပါတယ်။ အယ်နီညိုရာသီဥတုကနဦးဖြစ်ပေါ်လာဖွယ်ရှိနေတဲ့ ဇရိယာတွေကတော့ နှောင်းတမ်းဟမ်ရှိုင်းယားကောင်တီဘက်ခြမ်းဖြစ်ပါတယ်။ အယ်နီညိုရာသီဥတုကြောင့် ပစိဖိတ်သမုဒ္ဒရာ အလယ်ပိုင်းနဲ့ အရှေ့ဘက်ပိုင်းတွေမှာ ရေအောက်ကြမ်းပြင် ပူနွေးမှုတွေဖြစ်ပေါ်လာနိုင်ပါတယ်"ဟု အမေရိကန် အမျိုးသားမိုးလေဝသဦးစီးဌာန လက်အောက်ရှိ ရာသီဥတုခန့်မှန်းတိုင်းတာရေးစင်တာက ထုတ်ပြန်ခဲ့သည်။

အယ်နီညိုရာသီဥတုကြောင့် အပူချိန် မြင့်တက်လာဖွယ်ရှိနေသလို ပစိဖိတ်သမုဒ္ဒရာအလယ်ပိုင်းနှင့် အရှေ့ဘက်ပိုင်းတွင်လည်း သမုဒ္ဒရာရေအောက်ကြမ်းပြင် ပူနွေးမှုဖြစ်ပေါ်လာဖွယ်ရှိနေကြောင်း၊ ရေအောက်ကြမ်းပြင် ပူနွေးမှုဖြစ်ပေါ်လာပါက ရေအောက်သတ္တဝါများ၏ အနာဂတ်အတွက်လည်း ခန့်မှန်း၍မရနိုင်သည့် ဆိုးကျိုးများ ခံစားရဖွယ်ရှိနေပြီး ပစိဖိတ်ရေခဲပြင် အရည်ပျော်ကျမှုလည်းဖြစ်ပေါ်လာဖွယ်ရှိနေကြောင်း၊ ပစိဖိတ်ရေခဲပြင်အရည်ပျော်ကျပါက ရေပမာဏမြင့်တက်ပြီး ရေကြီးရေလျှံမှုများလည်း ဖြစ်ပေါ်လာနိုင်သည့် အခြေအနေမျိုးဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း သိရသည်။ **ခိုင်းဆက်**

## မီးဘေးအတွက်ကြိုတင် ပြင်ဆင်ရန်များ

၁။ မီးငြိမ်းသတ်ရန်ပစ္စည်းများ( မီးသတ်ဦးစီးဌာန၏ စံနှုန်းနှင့်ကိုက်ညီသော မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်များ၊မီးသတ်ဆေးဘူးများ)အသင့်ထားရှိပါ။



၂။ မြို့၊ရပ်ကွက်၊ ကျေးရွာအလိုက် အပေါ့စားမီးသတ်စက်များ၊ မီးသတ်ရေကန်များ၊ မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ အသင့်ရှိစေရေး အတွက် ပူးပေါင်းပါဝင်ပါ။

၃။ မီးလောင်နေစဉ်တွင် ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



၄။ အရေးပေါ်အချိန်တွင် သယ်ယူမည့်ပစ္စည်းများ၊ အရေးကြီးစာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင် ထားပါ။




၅။ အိမ်နှင့်ပတ်ဝန်းကျင်တွင် မီးလောင်လွယ်သောပစ္စည်း များ၊လောင်စာဆီများ၊ အမှိုက်များကိုရှင်းလင်းထားပါ။




၆။ လျှပ်စစ်မီး၊ ဂက်စ်မီး အပါအဝင် မီးသုံးစွဲလျှင် အမြဲသတိရှိပါ။ မီးကြွင်းမီးကျန်များ အထူးသတိပြုပါ။



၇။ ဝါယာကြိုးများနှင့် လျှပ်စစ်ပစ္စည်းများ ပေါက်ပြဲ ပျက်စီးမှုရှိ၊မရှိ အမြဲမပြတ် စစ်ဆေးပါ။



၈။ မီးပျက်လျှင် မီးခလုတ်များကိုပိတ်ပါ။အပြင်ထွက်လျှင် ပိန်း(ပင်မမီးခလုတ်)ကို ပိတ်ခဲ့ပါ။




၉။ မီးလောင်လျှင် အရေးပေါ် ဆက်သွယ်ရမည့် ဖုန်းနံပါတ် များ(မီးသတ်၊လျှပ်စစ်ရုံး၊ ရဲတပ်ဖွဲ့)ကိုမှတ်သား ထားပါ။






## ဝန်ထမ်းအလိုရှိသည်

ဝက်သားတုတ်ထိုးဆိုင်အတွက်

- **စားပိုင်လက်ထောက် ကျား (၂) ဦး**
- **စားပွဲထိုး ကျား (၅) ဦး**

* နေစားငြိမ်း စီစဉ်ပေးသည်။

ဆက်သွယ်ရန်။ ။ 09-780711868
(မန္တလေးမြို့)

## ဝန်ထမ်းအလိုရှိသည်

(1) Sale & Marketing Manager (၃)ဦး
(2) Sale & Marketing Supervisor (၅)ဦး
(3) Sale & Marketing Staff (၅)ဦး

လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။

ဆက်သွယ်ရန်။ လမ်း (30)၊ ၈၃×၈၄ ကြား

ဖုန်း။ 09-259622656

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ မိုတောကျေးရွာနေ ဦးအောင်ကျော်ဝင်း (ခ) ဦးကျော်ဝင်း-ဒေါ်မြမွန် (ခ) ဒေါ်မြတ်မွန် တို့၏ သားဖြစ်သူ **မောင်နေမျိုးသန့် (၉/အမရ(နိုင်)၁၂၁၆၂၇)** သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ငွေရေးကြေးရေးကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးအောင်ကျော်ဝင်း(ခ)ဦးကျော်ဝင်း**
**ဒေါ်မြမွန်(ခ)ဒေါ်မြတ်မွန်**

## ဝန်ထမ်းအလိုရှိသည်

(1) Account (Word, Excel) ကျွမ်းကျင် (၅)ဦး

လုပ်ငန်းအတွေ့အကြုံရှိရမည်။

ဆက်သွယ်ရန်။ 64 D၊ 114 လမ်း

ဖုန်း။ 09-259622656

### ဝန်ထမ်းအလိုရှိသည်

မန္တလေးမြို့ အောင်ပင်လယ်တွင် လုပ်ရပါမည်။

**အိမ်အကူ အမျိုးသမီး– (1) ဦး**
**ခြံအကူ အမျိုးသား– (1) ဦး**

(အမြန်အလိုရှိသည်)

စက်ဘီးဆိုင်ကယ်စီးတတ်သူ ဦးစားပေးမည်

09-797780219 , 09-970970832

## Monalisa မှ ဝန်ထမ်းခေါ်ယူခြင်း

| | | | |
|---|---|---|---|
| (1) | Make-up Artist | မ | (3)ဦး |
| (2) | Make-up လက်ထောက် | မ | (3)ဦး |
| (3) | Camera Man လက်ထောက် | ကျား | (1)ဦး |
| (4) | စည်ကြို | မ | (5)ဦး |
| (5) | လုံခြုံရေး<br>အသက် (၃၅ မှ ၄၅) နှစ်အတွင်း | ကျား | (3)ဦး |
| (6) | သန့်ရှင်းရေး<br>အသက် (၃၀ မှ ၄၅) နှစ်အတွင်း | မ | (2)ဦး |

လိပ်စာ။ လမ်း၆၀၊ ၃၅×၃၆ ကြား မန္တလေး။

ဖုန်း။ 09-257466077, 09-448929519 (Viber)

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



## ရုရှားဘာသာပြန်ဝန်ထမ်း လျှောက်လွှာခေါ်ယူခြင်း

မန္တလေးမြို့ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ရုံး Tour Center တွင် တာဝန်ထမ်းဆောင်ရန် တိုင်းရင်းသား ဗုဒ္ဓဘာသာဝင် အမျိုးသား/အမျိုးသမီး လျှောက်ထားနိုင်သည် -

(က) ဘွဲ့ရရှိသူဖြစ်ရမည်။
(ခ) ရုရှားဘာသာ ကျွမ်းကျင်စွာ ရေးဖတ်ပြောဆိုနိုင်ရမည်။
(ဂ) မျှော်မှန်းလစာ တင်ပြနိုင်သည်။

လျှောက်ထားလိုသူများအနေဖြင့် မှတ်ပုံတင်၊ အိမ်ထောင်စုဇယား၊ ပညာအရည်အချင်းအထောက်အထား၊ CV Form တို့နှင့်အတူ (၂၅-၃-၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ မဟာမုနိဂေါပကအဖွဲ့ရုံး၊ စီမံဌာနတွင် ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

ဖုန်းနံပါတ်- ၀၉-၂၂၂၈၀၁၂၊ ၀၉-၄၄၄၀၄၄၄၇၅ မဟာမုနိဂေါပကအဖွဲ့ရုံး

## ဝန်ထမ်းအလိုရှိသည်

**မြဝတီမြို့ ဟိုတယ်သုံးပစ္စည်းဆိုင်တွင်**

- **ကားမောင်း (၂) ဦး**
  အခြေခံလစာ 240000/-
  မှတ်ပုံတင်မူရင်းရှိရမည်။
  အသက် (၂၂) မှ (၃၅)နှစ်အတွင်း
- **အရောင်းစာရေးမ (၂) ဦး**
  အခြေခံလစာ 150000/-
  နေစားငြိမ်းဖြစ်သည်။

ဆက်သွယ်ရန် ဖုန်း- 09-255 410 850
Viber - 09-750 114 426

### ပျောက်ဆုံးကြောင်း

ပန်းတနော်မြို့နေ ဒေပျာမြိုး(ဘ) ဦးမောင်တွန်း (၁၄/ပတန(နိုင်)၂၂၁၈၅၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၁၈၀၃၇၈၈

### ပျောက်ဆုံးကြောင်း

ပန်းတနော်မြို့နေ နိုင်နိုင်စိုး (ဘ) ဦးအေးသန်း (၁၄/ပတန(နိုင်)၁၈၅၄၁၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၈၅၆၉၃၈၆၉

### ပျောက်ဆုံးကြောင်း

ပန်းတနော်မြို့နေ စည်သူစိုးလွင် (ဘ) ဦးစိုးလွင် (၁၄/ပတန(နိုင်)၁၅၂၆၇၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၉၁၀၈၆၆၂၅

### ပျောက်ဆုံးကြောင်း

ဓနုဖြူမြို့နယ်နေ? မော်လမြိုင်ကျွန်းမြို့နေ ဖိုးသွေ (ဘ) ဦးစိန်ဟန် (၁၄/မမက(နိုင်)၂၅၀၈၅၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၁၈၆၈၉၆၇

**မီး**
**သတိပြု**

### ပျောက်ဆုံးကြောင်း

မန္တလေးမြို့နေ ဒေါ်ဓိ(ဘ)ဦးဘခင် (၉/မနတ(နိုင်)၀၄၉၆၄၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၃၅၇၅၁

သင့်သွေးဖြင့် အသက်ကယ်ပါ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ် ...

❖ ဆူပူအကြမ်းဖက်မှုများကိုလည်း ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ခြင်းဖြစ် ...

❖ ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲမသမာမှုများကို ဖြေရှင်းရန်အတွက် သက်ဆိုင်ရာအစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏ အာဏာကို အတင်းအဓမ္မရယူရန်ဆောင်ရွက်လာခဲ့သဖြင့် နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ထမ်းဆောင်ခဲ့ရခြင်းဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ရှိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များကို တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃) ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ(၂၀၂၃) ဂုဏ်ပြုညစာစားပွဲတွင် အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် မတ် ၁၁**

မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃) အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ နယ်ပယ်အသီးသီးမှ ဆေးနှင့်ဆေးနှီးနွယ်ပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို စာမျက်နှာ ၁၈ ကော်လံ ၅ ☆

